ဗုဒ္ဓ၏

# အနာဂတ်စကား

ဦးစက္ကိန္ဒ

ကျားကူးဓမ္မဗိမာန်

ဆရာတော်ဦးစက္ကိန္ဒ

မုဒ္ဒ၏

# အနာဂတ်စကား

ကာယသုခပုံနှိပ်တိုက်
အမှတ် ၁၂၉-၃၁-လမ်း၊ ရန်ကုန်မြို့။

သာသနာ-၂၅၂၂၊ ကောဇာ-၁၃၃၉၊ ၁၉၇၈၊

ပုံနှိပ်ခြင်း။

၁၉၇၇-ခု၊ နိုဝင်ဘာလ

ပထမအကြိမ် အုပ်ရေ-၃၀၀၀

ဘာသာရေးဆိုင်ရာစာပေခွင့်ပြုချက်
အမှတ် (၉၈၀၇)

ပုံနှိပ်ထုတ်ဝေသူ။ ။ အရှင်ဓမ္မရက္ခိတ ကင်းလွတ်ခွင့် အမှတ် (၀၃၉၀၇) ကျားကူးဓမ္မဗိမာန်တော်ကြီး ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့က ထုတ်ဝေ၍။ ။ ဒေါ်လှမြင့် (မြဲ-၀၂၀၉၀) ကာယသုခပုံနှိပ်တိုက်၊ အမှတ် ၁၂၉-၃၁-လမ်း ရန်ကုန်မြို့က ပုံနှိပ်သည်။ (ဓမ္မဒါန)

# မာတိကာ

အကြောင်းအရာ စာမျက်နှာ


| | | |
|---|---|---|
| နိဒါန်း | .... | ဆ |
| ကြာဝန်းပုံအောင်ရှစ်ချက်ဂါထာ | .... | ၁ |
| ကျမ်းပြုပုဂ္ဂိုလ်၏ ရှေးဦးစကား | .... | ၂ |
| မဟာကရုဏာနှင့် ဗုဒ္ဓမြတ်ဘုရား | .... | ၆ |
| ရှေးဘုရားများနှင့် နှိုင်းယှဉ်ပုံ | .... | ၇ |
| သာသနာတော်မြတ် ကွယ်ခြင်းနှင့် စည်ပင်ခြင်း အကြောင်းရင်းများ | .... | ၁၀ |
| မိမိသန္တာန်၌ သာသနာတည်ပါစေ | .... | ၁၂ |
| မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကြီး၏ အနာဂတ်သာသနာ | .... | ၁၃ |
| သာသနာကွယ်ကြောင်း(၁၅)ပါး | .... | ၁၅ |
| အနာဂတ်အတွက် မျှော်တွေးချက် | .... | ၁၇ |
| ဗုဒ္ဓ၏အနာဂတ် ဓမ္မရတနာ(၁) | .... | ၁၉ |
| တောနေရဟန်းအတွက် ဆင်ခြင်ရန် | .... | ၂၀ |
| ဗုဒ္ဓ၏အနာဂတ်ဓမ္မရတနာ(၂) | .... | ၂၃ |
| ဗုဒ္ဓ၏အနာဂတ်ဓမ္မရတနာ(၃) | .... | ၂၆ |
| ဗုဒ္ဓ၏အနာဂတ် ဓမ္မရတနာ(၄) | .... | ၂၉ |
| ဗုဒ္ဓ၏အနာဂတ်ဓမ္မရတနာ(၅) | .... | ၃၂ |
| ရဟန္တာအရှင်မြတ်၏ အနာဂတ်ဓမ္မရတနာ(၆) | .... | ၃၄ |
| ရဟန္တာများကို ကြည်ညိုလေးစားအပ်ပုံ | .... | ၃၄ |

# မာတိကာ


| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| ရသေ့လျှောက်ထားချက် | .... | ၃၅ |
| ဖုဿထေရ်မြတ် ဖြေကြားပုံ | .... | ၃၆ |
| သာသနာတော်နှစ် ၂၃၆–ခုနှစ် | .... | ၃၈ |
| သူတော်ကောင်းတရား မလေးစား | .... | ၃၈ |
| ဘုရားဝါဒ ဖျက်ဆီးကြခြင်း | .... | ၃၉ |
| အစည်းအဝေးဝယ် လူညစ်ကျယ် | .... | ၄၀ |
| ရွှေ ငွေ မွေးမြူရေး | .... | ၄၁ |
| လူမိုက်လုပ်ထုံး ကိုယ်ကျိုးသုံး | .... | ၄၂ |
| ဗာလလက္ခဏာ | .... | ၄၃ |
| မာနခက်ထန် ကျွန်သွားဟန် | .... | ၄၃ |
| တန်းဆာဆင်ထ တကြွကြွ | .... | ၄၄ |
| အရဟတ္တဓဇမှန် ဆင်ခြင်ရန် | .... | ၄၆ |
| တရားမငဲ့ ငမ်းသာငဲ့ | .... | ၄၆ |
| အကျင့်ပျက်ကာ စီးပွားရှာ | .... | ၄၇ |
| ပစ္စည်းမဲ့ဘုန်း လူရှင်မသုံးချင် | .... | ၄၈ |
| ကာသာဝအဆင်း မှားယူနှစ်သက်ခြင်း | .... | ၄၉ |
| ပစ္စဝေက္ခဏာပင် မဆင်ခြင် | .... | ၄၉ |
| ရှေးဟောင်းသောနတ္ထိုရ် | .... | ၅၀ |
| ခေတ်သစ်သောနတ္ထိရ် | .... | ၅၂ |
| သင်္ကန်းဝတ်ရုံထိုက် မထိုက် | .... | ၅၃ |

အကြောင်းအရာ စာမျက်နှာ

သူတော်ကောင်းကို မကောင်းကြံ .... ၅၅
ဆိုးမရန်ခက် ရဟန်းပျက်
ညာဏ်မျက်စိကန်း ဟောခရမ်းကျင့်ကြံ .... ၅၈
သာသနာတော်ဆုတ်ယုတ်သောကာလ .... ၆၀
ယုဂကာလ(၅)ပါး .... ၆၁
ကျမ်းလာမိန့်ဟ ယုဂကာလ(၅)ပါး .... ၆၄
ယုဂကာလ အယူဝါဒ .... ၆၇
ဖုဿမထေရ်မြတ်၏ နောက်ဆုံးပိတ်ဩဝါဒ .... ၇၀
ဗုဒ္ဓသာသနာသက်တမ်းကာလ အယူအဆ .... ၇၁
ဟိနာဓိမုတ္တိကသုတ် အနာဂတ်စကား .... ၇၆
စက္ကဝတ္တိသုတ်လာ အနာဂတ်စကား .... ၇၈
ကမ္ဘာကျော်သူခိုးမှုခင်းစတင်ပုံ .... ၈၀
လိမ်မှုအကုသိုလ်ကြောင့် အကျိုးမဲ့ဖြစ်ရပုံ .... ၈၂
အသက်တမ်းဆုတ်ယုတ်သောကာလ .... ၈၅
အသက်တမ်းတဖြေးဖြေးဆုတ်သွားပုံ .... ၈၇
မြန်မာကဗျာဂါထာ .... ၉၀
ဆယ်နှစ်သက်တမ်းကာတ .... ၉၁
အကုသိုလ်ထန်ကြွသတ်ဖြတ်ကြ .... ၉၃
သတ္တဝါတွေ အသက်ရှည်ခြင်းသည့် အခြေခံ
အကြောင်းတရား .... ၉၆

| အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|
| အနာဂတ်အတွက် ကောသလအိပ်မက်ခန်း | .... | ၉၉ |
| ပထမအနာဂတ်စကား | ... | ၁၀၃ |
| ဒုတိယအနာဂတ်စကား | .... | ၁၀၄ |
| တတိယအနာဂတ်စကား | .... | ၁၀၅ |
| စတုတ္ထအနာဂတ်စကား | .... | ၁၀၇ |
| ပဉ္စမအနာဂတ်စကား | .... | ၁၀၉ |
| ဆဋ္ဌမအနာဂတ်စကား | .... | ၁၁၁ |
| သတ္တမအနာဂတ်စကား | .... | ၁၁၃ |
| အဋ္ဌမအနာဂတ်စကား | .... | ၁၁၅ |
| နဝမအနာဂတ်စကား | .... | ၁၁၇ |
| ဒသမအနာဂတ်စကား | .... | ၁၁၉ |
| ဧကာဒသမအနာဂတ်စကား | .... | ၁၂၁ |
| ဒွါဒသမအနာဂတ်စကား | .... | ၁၂၃ |
| တေရသမအနာဂတ်စကား | .... | ၁၂၅ |
| စုဒ္ဒသမအနာဂတ်စကား | ... | ၁၂၇ |
| ပန္နရသမအနာဂတ်စကား | .... | ၁၂၈ |
| သောဠသမအနာဂတ်စကား | .... | ၁၃၀ |
| သံဝေဂဂါထာ အနာဂတ်ဓမ္မရတနာ | .... | ၁၃၃ |
| ရုပ်နာမ်နှင့်စပ် အနာဂတ်တရား | .... | ၁၃၄ |
| ကာလသုံးရပ်နှင့်စပ်သောအဘိဓမ္မာတရားတော် | .... | ၁၄၂ |

# နိဒါန်း

နိဒါန်းဟူသော စကားသည် "နိဒါန"ဟူသော စကားမှ ဆင်းသက် လာသော " ပါဠိသက် " စကား ဖြစ်သည်။ "အကြောင်းရင်း"ဟူသော အနက်ကိုဟောသည်။ ဝေါဟာရ ပရိယာယ်အားဖြင့် "အမွန်အစ" "အစပျိုးခြင်း" "ကျမ်း ဦးစကား" "မူလအကြောင်းရင်း" "စကားချီး" "စကား ပလ္လင်" စသော အဓိပ္ပာယ်တို့ဖြင့် ဖွင့်ဆိုသုံးနှုန်းကြလေသည်။ စာပေကျမ်းဂန်တို့၌ အကြောင်းရင်း ဖြစ်သော "နိဒါန" သဒ္ဒါကို အစွဲပြုသည့် နိဒါန်းစကားကို ကျမ်းဂန်တို့၏ ရှေ့ဦး၌ ရေးသားတင်ပြလေ့ရှိကြသည်။ ကျမ်းစာ၏ ဖြစ်ပေါ် လာ ကြောင်း မူလဇစ်မြစ်ကို ပြဆိုခြင်းပင် ဖြစ်သည်။ ယင်းသို့ ကျမ်းစာတရပ်၏ ဖြစ်ပေါ်လာကြောင်း မူလ ဇစ်မြစ်ကို သိရှိရမှလည်း အကျိုး ဖြစ်သော ကျမ်းစာကို ဖတ်ရှုရာ၌ အကြောင်းအကျိုး အားလျော်သော ကျမ်းစာ၏ ဆိုလိုရင်း သဘောသရုပ်တို့ကို ကွက်ကွက်ကွင်းကွင်း သိမြင် နားလည် ခွင့်ကို ရရှိပေမည်။ တနည်းဆိုရသော် နိဒါန်း စကားဖြင့် ပင် စာနှင့် စာဖတ်သူကို မိတ်ဆက်ပေးလိုက်ခြင်းပင် ဖြစ် သည်။

## ကျမ်းစာအမည်

ဤ ကျမ်းစာ၏အမည်ကို "ဗုဒ္ဓ၏ အနာဂတ်စကား"ဟူ၍ အမည် ပေးထားသည်။ ဗုဒ္ဓ, အနာဂတ်, စကားဟူသော စကားသုံးလုံးကို ပေါင်းစပ်ထားသည်။ ထိုတွင် "ဗုဒ္ဓ" ဟူသည် သမ္မာသမ္ဗုဒ္ဓ ဘုရားသခင်ကို ယူအပ်၏။ ယနေ့ သာသနာတော်၌ကား သဗ္ဗညုတ ရွှေဉာဏ်တော်ရှင် ဖြစ်သော "ဂေါတမမြတ်စွာဘုရား" သခင့်ကို တိုက်ရိုက်အားဖြင့်ယူအပ်၏။ "အနာဂတ်" ဟူသည် "ကာလသုံးပါး"တို့တွင်ဖြစ်လာလတံ့သော ကာလကိုညွှန်ပြခြင်းပင် ဖြစ်သည်။ "စကား" ဟူသည်ကား ဗုဒ္ဓရှင်တော်မြတ်၏ သာသနာတော် အဆုံးအမတို့မှ ဖြစ်လတံ့သော အနာဂတ်အဆုံးအမ အမိန့်တော် စကားတော်များပင် ဖြစ်သည်။ ဤနေရာ၌ ဗုဒ္ဓ၏ "အနာဂတ်စကား"ကို တိုက်ရိုက်အားဖြင့် ယူအပ်၏။

ထို့ကြောင့် ဤကျမ်းစာသည် ဗုဒ္ဓရှင်တော်မြတ် မိန့်ကြားတော်မူခဲ့သော အနာဂတ်နှင့် ပတ်သက်သည့် စကားစု မှန်သမျှတို့ကို ဘုရားဟော ပိဋကတ်နှင့် အဋ္ဌကထာ ကျမ်းဂန် အရပ်ရပ်တို့မှ ထုတ်နုတ် တင်ပြထားသည်ကို တွေ့ကြရပေမည်။ ကျမ်းဂန်ကြီးတို့၌ အလှမ်းကွာသူများအတွက် ပိဋကတ်အဆီညှစ်၍ အနှစ်ချုပ်တို့ကိုသာ ဆွဲထုတ်ထားသဖြင့် ဗုဒ္ဓညွှန်ပြခဲ့သော အနာဂတ်ကာလနှင့် သက်ဆိုင်သည့် စကားရပ်တို့ကို တထိုင်တည်းဖြင့် တဝကြီးဖတ်ရှုကြရပေမည်။

## ကျမ်းပြုဂုဏ်

ဤ"ဗုဒ္ဓ၏ အနာဂတ်စကား"ဟူသော ကျမ်းစာကို ရေးသား ပြုစုသူကား ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ ကျားကူးကျောင်းတိုက်ကြီး၏ နာယကဖြစ်သော ကျေးဇူးရှင် **ကျားကူး ဆရာတော် ဦးစက္ကိန္ဒ** အရှင်သူမြတ်ကြီးပင် ဖြစ်သည်။ ဆရာတော်သည် ပရိယတ်, ပဋိပတ် ဂန္ထန္တရ ဗဟုသုတတို့နှင့် စွယ်စုံကြွယ်ဝတော်မူသော သာသနာ့အာဇာနည် အရှင်မြတ်ကြီးပင် ဖြစ်လေသည်။ ပရိယတ်, ပဋိပတ် ဟူသော သာသနာတော် လုပ်ငန်းတို့၌သာ ကျက်စားတော်မူသည်။ ဂန္ထဓုရ, ဝိပဿနာဓုရ တို့သည် ဆရာတော်၏ အမွန်မြတ်ဆုံးသော ကိစ္စများ ဖြစ်သည်။ ၎င်းပြင် ပိဋကတ် ဂန္ထန္တရ ဗဟုသုတကြွယ်ဝ လုံလောက်တော် မူသောကြောင့် စာပေ ပို့ချခြင်း, တရားဟောခြင်း, တရားပြခြင်း တို့၌လည်း အလွန် မြတ်နိုးသော စေတနာ, သဒ္ဓါဓါတ်ဖြင့် အားသွန်ဆောင်ရွက် ပြုလုပ်တော် မူလေ့ရှိသည်။

ဆရာတော်သည် ကျမ်းစာ ပြုစုခြင်း၌လည်း မွေ့လျော်တော်မူ၏၊ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့အတွက် သာသနာတော် အဆုံးအမတို့ကို ဝေငှစေသော ကျမ်းစာများသာ ဖြစ်၏။ ပြုစုတော် မူပြီးသော ကျမ်းစာများမှာ ပရိယတ္တိသာသနာတော်နှင့် ဆိုင်ရာ၌—

၁။ သံဝဏ္ဏနတ္ထ ရတနာ၊
၂။ ဝါကျတ္ထ ရတနာ၊
၃။ ဓမ္မရတနာနှင့်
၄။ ကျားကူးဝတ်ရွတ်စဉ်တို့ဖြစ်ပြီး၊

ပဋိပတ္တိဆိုင်ရာ၌—

၁။ ယောဂီရတနာ၊
၂။ ပဋိပတ္တိရတနာ၊
၃။ အရိယာဝိဇ္ဇာ ရတနာ၊
၄။ အာနာပါန် ရတနာနှင့်
၅။ အသုဘဘာဝနာ ရှုကွက်တရားစာ။

ကျမ်းစာတို့ပင် ဖြစ်သည်။

## ဗုဒ္ဓ၏ အနာဂတ်စကား တောင်းပန်ခြင်း

ယေဓမ္မာ ဟေတုပဘဝါ စသော ဂါထာကို ရှင်အဿဇိ ထေရ်မြတ်သည် ရှင်သာရိပုတ္တရာ အလောင်းကို ဦးစွာ ဟော ကြားတော်မူသော စကားရှိသည်။ အဓိပ္ပါယ်မှာ အကြင် ရုပ်ဝတ္ထု နာမ်ဝတ္ထု တရားသဘောတို့သည် အကြောင်းတရား ကြောင့် အကျိုးတရားများ ဖြစ်ရှိကြရသည်ဟု ပြဆိုလို ခြင်းပင် ဖြစ်သည်။ ကျမ်းပြုဆရာတော်သည် ပရိယတ်, ပဋိ ပတ် ပညာရပ်တို့ကို ဆည်းပူး ကျင့်ကြံလျက် ရှိသော တပည့်

ဒါယကာ, ဒါယိကာမ အပေါင်းတို့၏ မိုခိုအားထားခြင်းကို ခံရလေသည်။ ဤတွင် သာမှု နာမှု တရားဟောပြမှု တို့နှင့် မကင်းသော ဆရာတော်အား အနာဂတ် သာသနာရေးနှင့် ပတ်သက်၍ "အနာဂတ် သာသနာတော်မြတ်ကား မည်သို့ ဖြစ်ရှိ နေပါမည်နည်း၊ မည်သို့ သာသနာဝင် ကျမ်းလာ စကား ရှိပါသနည်း" စသည်ဖြင့် တကြိမ်မက တောင်းပန် မေးလျှောက်ကြ၏။ ကျမ်းတစောင် ပြုစုတော် မူရန်လည်း လျှောက်ထားကြ၏။ သံသာအား ဘုရားမဆန်သာဟူသော စကားကဲ့သို့ များစွာသော ဗုဒ္ဓဘာသာဝင် တပည့် ဒါယကာ ဒါယိကာမ အပေါင်းတို့၏ တောင်းပန်မှုဟူသော အကြောင်း ကြောင့် ဤ"ဗုဒ္ဓ၏ အနာဂတ်စကား" ကျမ်းစာ ထွက်ပေါ် လာခဲ့ရလေသည်။

## တည်းဖြတ် စီစဉ်ခြင်း

ဆရာတော်သည် တပည့် ဒါယကာ ဒါယိကာမများ တောင်းပန်မှုကို ခံခဲ့ရသော်လည်း တရားဟော, တရားပြနှင့် သံဃကိစ္စကြီးငယ် အဝဝတို့ကို ရွက်ဆောင်ရသဖြင့် မအား လပ်ဘဲ ရှိနေသည်။ အားလပ်သော အချိန်များ၌သာ ကိုး ကြား ကိုးကြား စာပေကျမ်းဂန်များ ကြည့်ရှုရင်းက ရေး သားရသည်၊ ယင်းသို့ ရေးသားရ သော်လည်း ပထမတွင် အကြမ်းရေးသည်။ မှတ်စုများ ထုတ်သည်။ ကျမ်းဂန်လာ

အဆိုအမိန့် အဆီအနှစ်တို့ကို စုစည်းသည်။ ၎င်း အကြမ်း ရေးပြီးသော စာမူကို စာရေးသူအား တည်းဖြတ် သုတ်သင်ပြီး ပုံနှိပ် ထုတ်ဝေနိုင်ရန် လွှဲအပ်ခဲ့ပါသည်။ ထို့ကြောင့် ယင်း စာမူကို ဆရာတော်၏ ဆိုလိုရင်း မပျက်ယွင်းစေဘဲ၊ စကားလုံး, ဝါကျ, အထားအသို တို့ကို အဖြတ် အတောက် ကောင်းစွာ ပြင်ဆင်၍ တည်းဖြတ်ခွင့် ရခဲ့ပေသည်။

ဤ အနာဂတ် စကား၌ သာသနာ့ ဝန်ထမ်း ရှင်ရဟန်းတို့နှင့် ပတ်သက်သော အကြောင်းအရာတို့ကို လည်းကောင်း၊ ကမ္ဘာသူ ကမ္ဘာသား လူအားလုံးနှင့် ပတ်သက်၍ လည်းကောင်း ဗုဒ္ဓရှင်တော်မြတ် ပရိနိဗ္ဗာန် ဝင်စံတော် မူပြီးသော နောက်ကာလ၌ ဖြစ်ပျက်တွေ့ကြုံ လတ္တံ့သော အခြင်းအရာတို့ကိုသာ တွေ့ရှိရ ပေမည်။ ကျမ်းစာ အစပိုင်းတွင် ဗုဒ္ဓ သာသနာတော်မြတ် ကွယ်ပခြင်းနှင့် အနာဂတ် ဓမ္မရတနာများကို ဖတ်ရှု ရမည်။ စာမျက်နှာ( ၃၄ )၌ ဖုဿထေရ် ရဟန္တာ အရှင်မြတ်ကြီး၏ အနာဂတ် သာသနာတော် ရေးရာတို့ကို ဖတ်ရှုရမည်။ ၎င်းနောက် ပါဠိတော် အဋ္ဌကထာလာ သာသနာတော် ကာလ အဆုံး အဖြတ် များကို လေ့လာနိုင်သည်။ စာမျက်နှာ(၇၀ )၌ စက္ကဝတ္တိ သုတ်တော်လာ အနာဂတ်စကားနှင့် နောက်ဆုံး စာမျက်နှာ( ၉၉ )မှ စ၍ အနာဂတ်အတွက် ကောသလ အိပ်မက်ခန်း စသည်တို့ကို သိမှတ်စရာ မြန်မာကဗျာဂါထာတို့နှင့် ဖတ်ရှုဆည်းပူးခွင့် ရပေမည်။

## ရဟန်းရှင်လူ တာဝန်

ဗုဒ္ဓရှင်တော်မြတ် သာသနာတော် အရှည် တည်တံ့ရေး သည် ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူ တို့၏ တာဝန်သာ ဖြစ် သည်။ သာသနာတော် တည်တံ့ရေးကို ကိုယ်စီ ဝန်ရွက် ထမ်းဆောင်ရ ပေမည်။ မှန်သည်၊ ဗုဒ္ဓရှင်တော်မြတ် ကိုယ် တိုင် ဤသို့ မိန့်တော်မူခဲ့၏။

"ရဟန်းတို့ သာသနာတော်ကို စည်ပင်ပြန့်ပွါး ထွန်းကား တင့်တယ် စေသော သူတို့သည် လေး ယောက်တို့ ပေတည်း။ အဘယ် လေးယောက်တို့ နည်းဟူမူ ရဟန်းယောကျ်ားလည်းကောင်း၊ ရဟန်း မိန်းမ လည်းကောင်း၊ ရတနာသုံးပါးကို ဆည်းကပ် တတ်သော လူယောကျ်ား လည်းကောင်း၊ ရတနာ သုံးပါးကို ဆည်းကပ်တတ်သော လူမိန်းမ လည်း ကောင်း၊ ရဟန်းတို့ သာသနာတော်ကို စည်ပင် ပြန့်ပွါး ထွန်းကား တင့်တယ် စေတတ်သော သူတို့ သည် ဤလေးယောက်တို့ ပင်တည်း"။

ထို့ကြောင့် ယခုအခါ သာသနာတော် စည်ပင် ထွန်း ကား တင့်တယ်ရေးသည် ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူတို့၏ တာဝန်ရှိသည်မှာ ထင်ရှားပေသည်။ ဤ ဗုဒ္ဓ၏ အနာဂတ် စကား စာမျက်နှာ(၁၂)၌လည်း "မိမိသန္တာန်၌ **သာသနာ** တည်ပါစေ" ဟူသော ခေါင်းစဉ်အောက်တွင်—

> "ဤ သီလ, သမာဓိ, ပညာ ဟူသော ပဋိပတ် အကျင့် သိက္ခာ သုံးပါးတည်သော သူသည် ဗုဒ္ဓရှင် တော်မြတ်၏ သာသနာတော်ကို တည်စေသူ မည်၏၊ သာသနာတော် ဝန်ထမ်းဟု ခေါ်ဆိုအပ်၏။ သာ သနာတော်ကို ပြုစု စောင့်ရှောက်သူ မည်တော့၏"

ဟု ဖေါ်ပြထားသည်၊ မိမိကိုယ်တွင်း သန္တာန်၌ သာသ နာတော် အဆုံးအမ ကျင့်ဝတ်ပဋိပတ် တည်ရှိရန်ပင် ဖြစ် သည်။ သာသနာတော် အဆုံးအမ ကျင့်ဝတ်ပဋိပတ် မတည် သူကိုလည်း သာသနာဝန်ဆောင် သာသနာတော်တွင်းသား မဟုတ်ကြောင်းကို ယင်း စာမျက်နှာ၌ပင် ဆက်၍ မိန့်ဆို ထားပြန်သည်။

> "ဤ ပဋိပတ် အကျင့် သိက္ခာသုံးပါး မတည်သူ ကား ဗုဒ္ဓရှင်တော်၏ သာသနာတော်ကို ဖျက်ဆီးသူ **သာသနာဝန်ထမ်းမဟုတ်၊** သာသနာတော်ကို ပြုစုသူ မဟုတ်၊ သာသနာ တည်စေသူ မဟုတ်ဟု မှတ်အပ် တော့၏"။

(၁) ပရိယတ္တိသာသနာ (၂) ပဋိပတ္တိသာသနာနှင့် (၃) ပဋိဝေဓသာသနာ ဟူ၍ သာသနာသုံးရပ်ရှိ၏။ ယင်း သုံးရပ်တွင် ဗုဒ္ဓ၏ ပိဋကတ်သုံးပုံ (သို့မဟုတ်) တကျမ်းတဖွဲ့၊

တဘာဂထာဝါရ, တသုတ်, တဂါထာမျှ နှုတ်ငုံစာရ ဆောင် ထားသူသည် ပရိယတ္တိသာသနာ တည်သူမည်၏။ သီလ, သမာဓိ, ပညာ ဟူသော သိက္ခာသုံးရပ်နှင့် ယှဉ်စပ်သူသည် ပဋိပတ္တိသာသနာ တည်သူမည်၏။ ဈာန် အဘိညာဉ် သမာ ပတ်နှင့် မဂ်ဖိုလ်တရားကို ထိုးထွင်းသိသော သူသည် ပဋိဝေဓ သာသနာ တည်သူမည်၏။

သာသနာ နောက်ပိုင်း ဖြစ်သော ယခုခေတ်ကာလသည် သာသနာ သုံးရပ်လုံးပင် ဆုတ်ယုတ်လာသည်ကို တွေ့မြင်နိုင် ကြ၏။ "**ခုကာလစာသင်, သုတ်စဉ်ကိုမျှမရ၊ စာပုံလွှ နိဝါ လွှမ်းနှင့် ဆန်းတဲ့ကာလ**"ဟု စာသင် ပရိယတ်ကို ရှေးကပင် စာချိုးခဲ့ကြသည်ကို မှတ်သားရဘူးသည်။ နာယူမှတ်သား သင်ကြား တွေးကြံမှုနှင့် ကျင့်ဆောင် အားထုတ်မှု နည်းမမှန် ခြင်း, နည်းပါးလာခြင်း တို့ကြောင့်လည်း သာသနာတော်၏ ဝိမုတ္တိရသကို ဘာသာဝင်တိုင်း မတွေ့ထိ မခံစားရဘဲ ရှိနေ သည်ကို ဝန်ခံကြရပေမည်။

ခြုံငုံ၍ဆိုရသော် ဗုဒ္ဓသာသနာတော်၏ သက်တမ်းနောက် ပိုင်းဖြစ်သော အနာဂတ်ကာလ၌ ရဟန်းရှင်လူ အပါအဝင် သတ္တလောကကြီးသည် ကိုယ်ကျင့်တရား ပျက်ပြားကြကုန် လျက် ဗုဒ္ဓအဆုံးအမ သာသနာကွယ်ပ လာကုန်လတ့်။ အကု သိုလ်တရား ထွန်းကားပြီး ကုသိုလ်တရား ဆိတ်ကုန်လတ့်။

ယင်းသို့သော အနာဂတ်ကာလ၏ သဘောကို ဗုဒ္ဓရှင်တော် မြတ်နှင့် ရဟန္တာ အရှင်မြတ်တို့၏ အနာဂတ်ကိန်း အဟော အဖြစ် ဤ "ဗုဒ္ဓ၏ အနာဂတ်စကား"၌ အကျယ် ဖတ်ရှုကြရ ပေလိမ့် သတည်း။ ။

အရှင်ဓမ္မရက္ခိတ

ကျွဲကူး ဓမ္မပိဓာန်တော်ကြီး

ရန်ကုန်မြို့။



## "ပဒုမစက္က ကြာဝန်းပုံ" အောင်ရှစ်ချက် ဂါထာတော်ကြီး

ဇယစက္ကော ဇယန္တော ဇယော
ဇယိတဗ္ဗေ ဇယာသနေ၊
ဇယာပေသိ ဇယေသိန္ဒံ
ဇယံ ဒေတု ဇယုတ္တရော။

ဇယစက္ကော— အောင်ရာအောင်ကြောင်း အောင်မြောင်း လက်နက် အောင်စက်ရတနာ ရှိတော်မူပေထသော။ ဇယာ-သနေ— ဗောဓိညောင်ရွှေ ဗုဒ္ဓဟေအောက် ဆန်းကြယ်ပေါက်

သား ရောင်တောက်ပလွှင် အောင်ရပ်ခွင်၌။ ဇယိတဗ္ဗေ— ဒေဝပုတ္တာ စသည်အပြား အောင်အပ်သောမာရ်ငါးပါးတို့ကို။ ဇယန္တော— တုတ်ဓါးမဆောင် ကြိုးမနှောင်ဘဲ အောင်တော်မူပေထသော။ ယောနာထော— အကြွင်လူသုံးပါးတို့၏ ခရီးလမ်းညွှန် သဖွယ် ဖြစ်တော်မူပေသော ဘုရားရှင်သည်။ ဇယေသိနံ— အောင်ရာ အောင်ကြောင်း အောင်မောင်းလက်နက် အောင်စက် ရတနာကို ဖွေရှာ၍နေကြ ကုန်သော ဝေနေယျကြွာ သတ္တဝါ အများတို့အား။ ဇယာပေသိ— လျင်စွာလွယ်ကူ အောင်စေတော်မူလေပြီ။ ဇယုတ္တရော— အောင်သူ တကာတို့ထက် မြတ်တော်မူသော။ [နာထော— လူသုံးပါးတို့၏ ကိုးကွယ်ရာအစစ် ဖြစ်တော်မူသော ရှင်တော်မြတ်ဘုရားသည်]။ ဇယံ— ဘေးရန် ခပ်သိမ်း ကင်းငြိမ်း ပျောက်ကွာ ချမ်းသာရွှေရှူ မင်္ဂလာသုကို။ ဒေတု— ကရုဏာ ရှေ့ထား မေတ္တာ ပွားလျက် ပေးသနားတော်မူပါ အရှင်ဘုရား။ ။

မှတ်ချက်။ ။(ဤ အောင်ရှစ်ချက် ဂါထာတော်ကြီးကို ရှေးက ဆရာတော်ကြီးများ နေ့ညဉ့်မပြတ် ရွတ်ဖတ်တော်မူကြ၏။ အန္တရာယ် ခပ်သိမ်း ကင်းငြိမ်း၏။ လောက, သံသရာ, နှစ်ဖြာသော ကောင်းကျိုးစီးပွားကို ဖြစ်ထွန်းစေ၏။ ဗုဒ္ဓဘာသာဝင်တိုင်း မပြတ် ရွတ်ဖတ်သရဇ္ဈာယ်သင့်လှ ပေသည်)။ ။

# ကျမ်းပြု ပုဂ္ဂိုလ်၏ ရှေးဦးစကား

ဘုရားစသော အရိယာဇာတ် သူတော်မြတ်များက အာရုံငါးပါး ကာမဂုဏ် တရားတို့၌ တွယ်တာ တပ်နှစ်သက်သော သူကို "သတ္တဝါ" ဟု ခေါ်ဆို သမုတ်ကြကုန်၏။ ထိုသတ္တဝါတို့၌ ပစ္စုပ္ပန်, အတိတ်, အနာဂတ် ဟူ၍ ရုပ်နာမ်တို့၏ ဖြစ်စဉ် ကာလသုံးမျိုး ရှိကုန်၏။

ထိုတွင် ဖြစ်ပြီးသော ရုပ်နာမ် အစဉ်ကို အတိတ် ဘဝ အတိတ်ကာလ၊ ဖြစ်ဆဲ ရုပ်နာမ်အစဉ်ကို ပစ္စုပ္ပန်ကာလ ပစ္စုပ္ပန်ကာလ၊ ဖြစ်လတ္တံ့ ဖြစ်သော ရုပ်နာမ် အစဉ်ကို **အနာဂတ်**ဘဝ **အနာဂတ်**ကာလ ဟူ၍ အသီးသီး ခေါ်ဆိုကြရလေသည်။ ပစ္စုပ္ပန် လူသတ္တဝါသည် အနာဂတ် အတွက် တွေးခေါ်တတ်သည်၊ အနာဂတ်အတွက် ပြုမူလုပ်ဆောင်တတ်သည်။

ဘာသာရေး, နိုင်ငံရေး, လူမှုရေး, စီးပွါးရေး စသည်ဖြင့် ရည်ရွယ်ချက် အမျိုးမျိုး ပုဂ္ဂိုလ် အမျိုးမျိုး လုပ်ဆောင်ပုံ အမျိုးမျိုးတို့ဖြင့် ပြုလုပ်တတ်ကြလေသည်။ မျက်မြင်လောက လူသားများ၏ ခေါင်းဆောင်များသည် နောင်လာ နောက်သား အနာဂတ် ကာလများ အတွက် ကြီးမားသော မြှုပ်နှံမှုကြီးများ တည်ထောင် ဆောက်လုပ် တတ်ကြ လေသည်။ ထိုနည်းအတူ ဘာသာရေး ခေါင်းဆောင်များ ဘာသာဝင်များသည်လည်း၊ မိမိ၏ ဖြစ်လတ္တံ့သော ဘဝ, ကာလ, တို့၌ တရားသဖြင့် တရားနှင့် ကောင်းစွာ ဖြစ်ရှိနိုင်ရေး အတွက်

အနာဂတ် အရေးတို့ကို မျှော်တွေးကာ ပြုလုပ်ကြရသည်။ သာသနာတော်တွင်း ကောင်းမှု များကို ကြိုးကုတ် ကြရလေသည်။

သို့သော် အမှားကို အမှန်ထင်ပြီး ပြုလုပ်နေကြသူ များလည်း ရှိပေသေးသည်။ ထိုသို့ မှားယွင်းစွာ လုပ်ဆောင်နေခြင်းသည် မိမိသာမက ဆက်နွယ်ရာ အနာဂတ်သားတို့ အထိ ကူးစက်ကာ မကောင်းသော ဆိုးကျိုးကို ပေးစွမ်းတတ် လေသည်။ ထိုကြောင့် အမှားကို အမှားမှန်း သိပါမှ/သိရှိသည်နှင့် တပြိုင်နက် စွန့်လွှတ်ရဲသောသဘော ရှိရပေမည်၊ သို့အယူဝါဒ အမှားကို စွန့်ရဲခြင်းသည်လည်း ချီးကျူးအပ်သော သတ္တိပင် ဖြစ်တော့သည်။

သတ္တဝါတိုင်းမှာ အမှားကို မစွန့်နိုင်မှုနှင့် မသိနိုင်မှုတို့ကြောင့် ဒုက္ခ ဆင်းရဲကြရကုန်၏။ အမှန်ကို မပြုခြင်းကြောင့် ကောင်းသော ဘဝ, ကောင်းသော ကာလတို့သို့ မရောက်ရှိစေဘဲ သံသရာခရီးသွား ဒုက္ခသည်များ ဖြစ်၍ နေကြရသည် ချည်းတည်း။

ဘုရားစသော အရိယာ အရှင်ကောင်း အရှင်မြတ်များကား အကြောင်းအကျိုးနှင့် အကောင်း အဆိုးတို့ကို ခြွင်းချက်မရှိ ထိုးထွင်းလျက် သိမြင်တော်မူကြကုန်၏။ ထိုကြောင့် အကောင်းဆုံးသော နည်းလမ်းမှန်ကို ညွှန်ပြနိုင်သော ဘုရားစသော သူတော်ကောင်းများသည် ဤကမ္ဘာပေါ်၌ လူနတ်ပြဟ္မာ သတ္တဝါတို့အတွက် ပစ္စုပ္ပန် ရုပ်လောက၏ ကောင်းစား

ရေး တခုတည်းသာ လမ်းညွှန်မှုမျိုး မဟုတ်ဘဲ၊ ပစ္စုပ္ပန်, အတိတ်, အနာဂတ် ရုပ်နာမ် လောက၏ ကောင်းစားရေး အဖုံဖုံတို့ကို အပြည့်အစုံ ကောင်းစားရေး နည်းလမ်းမှန်ကို ညွှန်ပြနိုင်မှုကြောင့် အားထားမှီခို၍ နေကြရ ပေကုန်သည်။

အားသား မှီခိုထိုက်သော အရိယာ သူတော်စင်များသည် ကြီးမားသော ကရုဏာဖြင့် အကြောင်း အားလျော်စွာပင် ပစ္စုပ္ပန် အကြောင်းအရာ, အတိတ် အကြောင်းအရာ, အနာဂတ် အကြောင်းအရာ တို့ကို လူနတ်ဗြဟ္မာ သုံးရွာသူတို့၏ အကျိုးစီးပွါး အတွက် ပြည့်ပြည့်စုံစုံ လုံလုံလောက်လောက် နိကာယ်ကြီး ငါးရပ်၌ ကြီးမားသော အနာဂတံသ ဉာဏ် အမြင်ဖြင့် အနာဂတ်ရေး အကြောင်းကိစ္စများ ကိုလည်း အကြောင်းအား လျော်စွာ ဟောကြားတော် မူခဲ့သည်။

ယခုအခါ၌ နိကာယ်ငါးရပ် တရားဘဏ်တိုက်ကြီး များမှ ထုတ်ယူ၍ အလွန် ကြုံကြိုက်ခဲသော အာသာဝတီ နွယ်နီနတ်ပန်း အလား "အနာဂတ်တရား ရတနာပန်းခိုင်ကြီး များ"ကို လူသားတို့၏ လူ့ဘုန်းကံအရှိန် မြင့်မားမှုကြောင့် အဆင်သင့် ပန်ဆင်နိုင်ကြ ပေကုန်လတ့်။ ။

သာသနာသက္ကရာဇ် ၂၅၁၈-ခု၊
ကောဇာသက္ကရာဇ် ၁၃၃၆-ခု၊ ပြာသိုလပြည့်ကျော် (၈) ရက်

ဆရာတော် ဦးစက္ကိန္ဒ
ကျားကူးကျောင်းတိုက်၊
ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## မဟာကရုဏာရှင် ဗုဒ္ဓမြတ်ဘုရား

ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် "မိမိကိုယ်တိုင် သစ္စာ လေးပါး တရားကို သိရသော် သတ္တဝါအများကိုလည်း သိရှိစေအံ့"။ မိမိကိုယ်တိုင် ကိလေသာဝဋ်မှ ထွက်မြောက်သော် သတ္တဝါအများကိုလည်း ထွက်မြောက်စေအံ့။ မိမိကိုယ်တိုင် သံသရာတဖက်ကမ်းသို့ ကူးမြောက်သော် သတ္တဝါအများကိုလည်း ကူးမြောက်စေအံ့ဟူသော အဓိဋ္ဌာန် ဆုံးဖြတ်ချက်ကို အလောင်းတော် သုမေဓာဘဝမှပင် ထားရှိခဲ့သည်။ သတ္တဝါတို့၏ သံသရာဒုက္ခကိုကြည့်၍ မဟာကရုဏာတော် တဖွားဖွား ဖြစ်ခဲ့ရသည်။

ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် ဘုရားအဖြစ်သို့ ရောက်ရှိတော် မူပြီးသောအခါ မြေပြင် ရေပြင် လေပြင် အာကာ ခြေရာမကျ လိုရာခရီးသို့ ကြွချီတော်မူသည်။ ပကတိ ကိုယ်တော်၏ အသွင်ဖြင့်လည်းကောင်း၊ ဣဒ္ဓိပါဒ် တန်ခိုးအသွင် ဖြင့်လည်းကောင်း၊ တပါးတည်းသော်လည်းကောင်း၊ ရဟန်း အများ ခြံရံလျက် လည်းကောင်း ကြွရောက်တော် မူလေ့ ရှိ၏။ ထိုနောက် ကျွတ်ထိုက်သော သတ္တဝါ၏ ကိလေသာ အညစ်အကြေးတို့ကို တရားတည်းဟူသော ရေစင်ဖြင့် သွန်း ချီးပေးတော်မူသည်။ သတ္တဝါ ဝေနေယျအများ ဖြူစင် သော အဖြစ်သို့ ရောက်ရှိကြကုန်၏။

ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် ၄၅-ဝါ ကာလပတ်လုံး တရားရေအေး အမြိုက်ဆေးတို့ကို တိုက်ကျွေးတော် မူရာ၌၊ အတိတ်, အနာဂတ်, ပစ္စုပ္ပန် ကာလသုံးတန်နှင့် လျော်သော တရားတို့ကိုသာ ဟောကြားတော် မူမြဲဖြစ်၏။

## ရှေးဘုရားများနှင့် နှိုင်းယှဉ်ပုံ

ပွင့်တော်မူပြီးကုန်သော ရှေးရှေးသော ဘုရားရှင်တို့သည် အသက်တန်း ရှည်တော်မူကြကုန်၏။ ဝိပဿီဘုရားရှင်သည် အသက်တော် ရှစ်သောင်း ရှည်၏။ သာသနာတော် သက်တန်း တသိန်းခြောက်သောင်း ထားတော်မူ၏။ သိခီဘုရားရှင်သည် အသက်တော် ခုနစ်သောင်း ရှည်၏။ သာသနာတော် သက်တန်း တသိန်းလေးသောင်း ထားတော်မူ၏။ ဝေဿဘူ ဘုရားရှင်သည် အသက်တော် ခြောက်သောင်း ရှည်၏။ သာသနာတော်သက်တန်း တသိန်း နှစ်သောင်း ထားတော် မူ၏။

ထိုတွင် ဝိပဿီ, သိခီ, ဝေဿဘူ ဘုရားသုံးဆူတို့၏ သာသနာတော်သည် ရှည်ကြာစွာမတည်ပေ။ အဘယ်ကြောင့် ဆိုသော် ထိုဘုရားရှင်တို့သည် ပါတိမောက် သိက္ခာပုဒ်တော်တို့ကို ပညတ်တော်မူခြင်း မရှိခဲ့သောကြောင့် ဖြစ်သည်၊ သာသနာတော်လည်း ရှည်ကြာစွာ မတည်ရှိဘဲ တပည့် အစဉ် နှစ်ဆက်မျှသာ ကြာမြင့်သည်။ ဤသို့လည်း ငါတို့ဘုရားသည် ဟောကြားတော် မူ၏။

ဤကမ္ဘာ၌ ပွင့်တော်မူကြကုန်သော ကကုသန် ဘုရား၏ သက်တော်သည် လေးသောင်း၊ ကောဏာဂုမ်ဘုရား၏ သက်တော်သည် သုံးသောင်း၊ ကဿပဘုရား၏ သက်တော်သည် နှစ်သောင်း အသက်ရှည်ကြကုန်၏။ တပည့်သာဝကတို့လည်း ထို့အတူ သက်တန်းရှည်ကြကုန်၏။ သို့သော် သာသနာတော်၏ သက်တန်းသည် ကြာမြင့်စွာ မတည်ပေ။ အဘယ်ကြောင့်ဆိုသော် ထိုဘုရားရှင်တို့သည် တရားတော်ကို အကျယ်မဟောခြင်း ပါတိမောက် သိက္ခာပုဒ်တော်တို့ကို ပညတ်တော် မမူခြင်း တို့ကြောင့် ဖြစ်သည်။

ဤအကြောင်းအရာများတို ငါတို့ ဂေါတမဗုဒ္ဓ ဘုရားရှင်သည် ဝိနည်းဥပဒေဆိုင်ရာ ပါရာဇိကဏ် ပါဠိတော်၌ ဟောကြားတော် မူခဲ့သည်။

ဗုဒ္ဓရှင်တော်မြတ်သည် အသက်တန်း တိုသောကာလ၌ ပွင့်တော်မူရသဖြင့် အသက်တော်လည်း တိုတော်မူ၏။ သို့သော် သိက္ခာပုဒ်တို့ကို ပညတ်တော် မူခြင်း, ပါတိမောက်ပြခြင်း, တရားတော်ကို အကျယ် ဟောကြားတော်မူခြင်းကို ပြုတော်မူ၏။ ၄၅-ဝါပတ်လုံး ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်း လေးထောင် မြားမြောင်စွာဟောကြားတော် မူခဲ့၏။ သံဂါယနာ အဆက်ဆက်တင်ခြင်းဖြင့်လည်း အနာဂတ် သာသနာတော်ကို ထားရှိတော် မူခဲ့လေသည်။

သိရိဓမ္မာသောကမင်းကြီးသည် အရှင်မောဂ္ဂလိကပုတ္တ—တိဿ မထေရ်နှင့် တိုင်ပင်၍ တတိယသံဂါယနာကို တင်တော်မူခဲ့လေသည်၊ ကိုးတိုင်းကိုးဌာနတို့သို့လည်း သာသနာပြု စေလွှတ်တော်မူခဲ့လေသည်။ ထိုအချိန်မှစ၍မဇ္ဈိမဒေသ(အိန္ဒိယ)မှ အစပြု၍ ကမ္ဘာသို့ သာသနာအရောင် ပျံ့နှံ့စေခဲ့လေသည်။

ဗုဒ္ဓရှင်တော်မြတ် ခန္ဓပရိနိဗ္ဗာန် ပြုတော်မူပြီးနောက် ဘုရားသားတော် ရဟန်းသံဃာတော်တို့သည် သာသနာတော်မြတ်၏ ဝန်ကို ထမ်းဆောင်တော် မူခဲ့ကြသည်။ ပရိယတ္တိလုပ်ငန်းဖြစ်သော စာချစာဟော ဂန္ထဓုရဖြင့် လည်းကောင်း၊ ပဋိပတ္တိလုပ်ငန်းဖြစ်သော တရားဟော တရားပြခြင်း ကျင့်ကြံခြင်းဟူသော ဝိပဿနာဓုရဖြင့် လည်းကောင်း သာသနာတော် ဝန်ကို ထူးချွန်လွန်ကဲစွာ ထမ်းဆောင်တော် မူခဲ့ကြသည်။

သာသနာနှင့်ဒါယကာသည်ရေနှင့်ကြာကဲ့သို့အချင်းချင်းမှီတွယ်ကာ ထည်ဝါ ဝင့်ကြွားခဲ့ကြသည်။ ကြာပွင့် ရေတင့်၊ ရေမြင့် ကြာတင့် ဖြစ်ခဲ့ကြလေသည်။

မှန်၏၊ သာသနာတော်ဝန်ထမ်းရှင်ရဟန်းတို့သည် သာသနာတော်မြတ်၏အဆုံးအမတော်ကို လူ့လောကသို့ ဝေဖြန့်၏၊ သူတော်ကောင်းခေတ်ကို ပြန့်နှံ့စေ၏၊ သိမ္မာ ယဉ်ကျေးစေ၏၊ လောကီစီးပွားကို အေးချမ်း လွယ်ကူစွာ တည်ရှိစေ၏၊ လောကုတ္တရာ စီးပွားကိုလည်း အထက်တန်းစားဖြစ်သော မဂ်ဖိုလ်ပညာထိ ရရှိစေတော်မူကြ၏။

ထိုနည်းတူ ဒါယကာတို့ကလည်း **သာသနာ့ဝန်ထမ်းများ** ချမ်းသာစွာ သာသနာတော်တာဝန်ကို ထမ်းဆောင်တော်မူနိုင်ကြစေရန် ဆွမ်း,သင်္ကန်း,ကျောင်း,ဆေး လေးပါးသော ပစ္စယဖြင့် ထောက်ပံ့ခြင်းတို့ဖြင့် **သာသနာတော်အရေးကို** အားပေးခဲ့ကြသည်။ ထိုသို့မဟုတ်ဘဲ သာသနာ့ဝန်ထမ်းရော ဒါယကာများပါ တာဝန်များ ပျက်ကွက်ပါက **အနာဂတ်သာသနာ** လျင်စွာကွယ်ပနိုင်သည်။

## သာသနာတော်မြတ်
## ကွယ်ခြင်းနှင့် စည်ပင်ခြင်းအကြောင်းရင်းများ

ဗုဒ္ဓရှင်တော်မြတ်၏ သာသနာတော် စည်ပင်ခြင်းနှင့် ဆုတ်ယုတ်ကွယ်ပခြင်းအကြောင်းတို့ကို အင်္ဂုတ္တိုရ်ပါဠိတော်၌ ဟောကြားတော်မူခဲ့သည်။ မှတ်သားဘွယ်ကောင်းသည်။

သာသနာတော် စည်ပင်ခြင်း အကြောင်းငါးပါးကား—

(၁) တရားတော်ကို နာယူ သင်ကြား ဆွေးနွေးမေးမြန်းကြခြင်း၊

(၂) တရားတော်ကို အကျယ်ဟောခြင်း၊

(၃) တရားတော်ကိုအကျယ်ပို့ချခြင်း၊

(၄) တရားတော်ကို အကျယ် ရွတ်အံသရဇ္ဈာယ်ခြင်း

(၅) တရားတော်ကို အဖန်ဖန်ကြံစည်နှလုံးသွင်းခြင်း၊

ဤ ငါးပါးတို့သည်ပင် ဗုဒ္ဓရှင်တော်မြတ်၏ အဆုံးအမ ဖြစ်သော သာသနာတော်မြတ်၏ စည်ပင်ပြန့်ပြောခြင်း, ကြီးပွားခြင်း, အရှည် တည်တံ့ခြင်းတို့သည် ဖြစ်ရှိနိုင်ပေ၏။ ရှင်လူအပါအဝင် ဗုဒ္ဓဘာသာဝင် အပေါင်းတို့သည် အထူး ဂရုပြုသင့်သော အချက်ပင် ဖြစ်သည်။ သာသနာတော်၏ အသက်သည် ဘာသာဝန်ထမ်းနှင့် ဘာသာဝင်တို့၏လက်၌ ရှိနေသည်ကိုမမေ့သင့်ကြပေ။

သာသနာတော် စည်ပင်ခြင်း ငါးပါးအတူ ပျက်စီး ဆုတ်ယုတ်ကြောင်းလည်း ငါးပါး ရှိပြန်သည်၊ ငါးပါး ဟူသည်ကား—

(၁) တရားတော်ကို မနာယူ မဆွေးနွေး,မမေးမြန်းခြင်း၊
(၂) တရားတော်ကို အကျယ်မဟောခြင်း၊
(၃) တရားတော်ကို အကျယ်မပို့ချခြင်း၊
(၄) တရားတော်ကို အကျယ် မရွတ်ဘတ် မသရဇ္ဈာယ် ခြင်းနှင့်
(၅) တရားတော်ကို အဖန်ဖန် မကြံစည် မတွေးတောခြင်း တို့ပင်ဖြစ်၏။

ဤသို့ သာသနာတော် စည်ပင်ခြင်းနှင့် ဆုတ်ယုတ်ခြင်း အကြောင်းတို့ကို ဗုဒ္ဓဘာသာ၏အသက်ဟူ၍ ဆင်ခြင်နှလုံး သွင်းကာ ထိန်းသိမ်း စောင့်ရှောက်နိုင်ကုန်ရာ၏။ သာသနာ

တော်၏ ဆုတ်ယုတ်ကြောင်းကို ကာကွယ်၍ သာသနာတော် စည်ပင်ကြောင်းကို ကြိုးစား ပြုစုနိုင်ကြကုန်ရာ၏။

## မိမိသန္တာန်၌ သာသနာတည်ပါစေ

သာသနာဟူသည်ဗုဒ္ဓရှင်တော်မြတ်၏အဆုံးအမဖြစ်သည်၊ တရားကိုယ်မှာ သီလ, သမာဓိ, ပညာ ပင်ဖြစ်သည်၊ သီလ သာသနာ, သမာဓိသာသနာ, ပညာသာသနာဟု ခေါ်ဆို ရသည်။ ကျင့်ဝတ်ပဋိပတ်အားဖြင့် သီလသိက္ခာ, သမာဓိ သိက္ခာ, ပညာသိက္ခာဟူ၍လည်း ပညတ်တော်မူကြသည်။

ဤ သီလ, သမာဓိ, ပညာဟူသော ပဋိပတ်အကျင့်သိက္ခာ သုံးပါး တည်သောသူသည် ဗုဒ္ဓရှင်တော်မြတ်၏ သာသနာ တော်ကို တည်စေသူ မည်၏၊ သာသနာတော် ဝန်ထမ်းဟု ခေါ်ဆိုအပ်၏၊ သာသနာတော်ကို ပြုစုစောင့်ရှောက်သူ မည်တော့၏။

ဤ ပဋိပတ်အကျင့် သိက္ခာသုံးပါး မတည်သူကား ဗုဒ္ဓ ရှင်တော်မြတ်၏ သာသနာတော်ကို ဖျက်ဆီးသူ သာသနာ ဝန်ထမ်းမဟုတ်၊ သာသနာတော်ကိုပြုစုသူမဟုတ်၊ သာသနာ တည်စေသူမဟုတ်ဟု မှတ်အပ်တော့၏။

အနာဂတ်သာသနာတော် ၅၀၀၀-ထားတော် မူခဲ့သည်၊ ထို ၅၀၀၀-သာသနာသက်တန်းလုံး မိမိ မပိုင်မဆိုင်ချေ၊ ယခု

သက်ရှိလူဖြစ်စဉ် ၂၅၀၀-ကျော်နှစ်ပိုင်းလေးတွေအတွင်း၌သာ ပိုင်ဆိုင်နိုင်သည်၊ အကယ်၍ ဤဘဝ ဤခန္ဓာနှင့် မဂ်ဖိုလ် ရရှိ၍ သော်လည်းကောင်း၊ ခန္ဓာပြောင်း၍ ဒုဂ္ဂတိဘဝတို့၌ ကျင်လည်နေရ၍ သော်လည်းကောင်း ထိုသို့ ပြောင်းလဲမှုတို့သည် သာသနာတော်၏သက်တန်းနှင့်အခွင့်မတန် အဟောသိကာလံများသာဖြစ်ရတော့ပေမည်။

ထို့ကြောင့် ယခုဘဝသက်ရှိကာလ၌ ကိုယ်တိုင်ပရိယတ္တိ ဝန်ဆောင်ပဋိပတ္တိဝန်ဆောင်သိက္ခာသုံးရပ်တည်သူဖြစ်အောင် အားထုတ်ရမည်။

## မဟာဝိသုဒ္ဓါရုံဆရာတော်ဘုရားကြီး၏ အနာဂတ်သာသနာ

ဗုဒ္ဓရှင်တော်မြတ်၏ သာသနာတော်သည် လက်ရှိ ရဟန်းရှင်လူတို့၏လက်၌တည်သည်ကိုသိခဲ့ပြီ၊ ရှေးက လွန်လေပြီးကုန်ကြသော သာသနာ့ဝန်ထမ်းနှင့် ဘာသာဝန်ထမ်းတို့သည် ဗုဒ္ဓသာသနာတော် တည်ရှိရေးအတွက် ကြောင့်ကြစိုက်တော်မူခဲ့ကြသည်။ မိမိလည်းကျင့်ကြံ သူတပါး သန္တာန်၌လည်း ပြဲစေ,တည်စေအထွေထွေသောသာသနာဝန်ဆောင်နည်းမျိုးစုံတို့ဖြင့် စောင့်ရှောက်တော်မူခဲ့ကြ၏။

ဤနေရာ၌ မဟာဝိသုဒ္ဓါရုံ ဆရာတော် ဘုရားကြီး၏ အနာဂတ်သာသနာရေးနှင့်ပတ်သက်၍ ဆိုမိန့်ခဲ့သော ဩဝါဒ

တခုကို တင်ပြလိုပါသည်။ မဟာဝိသုဒ္ဓါရုံ ဆရာတော်ဘုရားကား—

ရတနာပုံ မြို့တည်နန်းတည် မင်းတုန်းမင်းတရားကြီး၏ "ဝိသုဒ္ဓါစာရ ကဝိဓဇ မဟာဓမ္မရာဇဂုရု"

သီပေါမင်း၏ "ဝိသုဒ္ဓါစာရ ကဝိဓဇာဓိပတိ သိရိပဝရ မဟာဓမ္မရာဇာဓိရာဇဂုရု"

ပဥ္စမမြောက်ဂျော့ဘုရင်၏ "အဂ္ဂမဟာပဏ္ဍိတ" ဟူသော ဘွဲ့တံဆိပ်တော်များကို အလှူခံတော်မူရသည့် သမ္မုတိမ္ရွေကျောင် သာသနာပိုင် ဆရာတော်ဘုရားကြီးပင်တည်း။ ဆရာတော်သည် "ပရမတ္ထသရူပဘေဒနီ" "ဆိဒ္ဒပိဓာနနီ" စသော ကျမ်းပေါင်းများစွာ ပြုတော်မူခဲ့သည်။

ဆရာတော်က ဆိဒ္ဒပိဓာနနီကျမ်းတတိယတွဲ၊ပျင်းရိခြင်း၏ အပြစ်နှင့် သာသနာတော်ကွယ်ကြောင်း ၁၅-ပါးကိုပြသော အခန်း၌ ဤသို့မိန့်ဆိုထား၏။

"သာသနာတော်၌လည်း သင်ချိန်ကိုမသင်ကြား၊ ရဟန်းတရားကိုအားမထုတ်၊ ရဟန်းသာမဏေတို့အလုပ်ကို စွန့်ပယ်ထား၊ ပရိယတ်, ပဋိပတ်, သရဏဂုဏ်,သိမ် အရှိန် အစော်ရှားပါးလှ၍ အပ္ပဿုတ, အပ္ပလာဘ ဘယ်သူတယောက်မျှ အလေးဂရုမပြုကြ၊ စတုပါရိသုဒ္ဓိသီလလည်း ခတ်ချာချား၊ သမာဓိလည်းဗလာ၊ ဝိပဿနာမှာ ဝေလာဝေး၊ သူတကာ

သားမြေး နှပ်ချေးထူ သူငယ်ကလေးများကို ထိန်းကျောင်းလျက် ချောင်းကြိုမြောင်းကြား၊ စရပ်ကြို့စရပ်ကြား၊ရွာကြိုရပ်နားတွင် စားရရုံ့ ဝတ်ချရုံကိစ္စနှင့် ဘဝကုန်ဆုံး လက်စတုံးရသော ဖျင်ဖြုန်းသားထိန်း ရှင်ရဟန်းပြိန်းတို့ကိုရင်း”

ဆရာတော်သည် သာသနာတော်ကိုသာ ငဲ့တော်မူသည်၊ သာသနာ့အရေးကိုသာမျှော်ရှုတော်မူသည်၊ ပုဂ္ဂလဓိဋ္ဌာန်မဆို ဓမ္မဓိဋ္ဌာန်ကျစွာ ရဲရဲဝံ့ဝံ့ မိန့်တော်မူခဲ့သည်။ ဤသို့ သာသနာတော်ဦးကိုင်, သာသနာပိုင် ဆရာတော်များသာမဟုတ် နှိပ်ချသင့်သောအရာ ချီးမြှောက်သင့်သောအရာ ( နိဂ္ဂဟ ပဂ္ဂဟ)တို့၌ ဘုရားသဗ္ဗညုပင်လျှင် မောဃပုရိသ (မဂ်ဖိုလ်မနီး အချည်းနှီးဖြစ်သောယောကျ်ား)နှင့်အဂ္ဂ အဂ္ဂေါ(အမြတ်ဆုံးသူပေတည်း)ဟူ၍ မဟာကရုဏာတော် သက်တော်မူရသည် မဟုတ်ပါလော။

## သာသနာကွယ်ကြောင်း(၁၅)ပါး

သာသနာ ကွယ်ပကြောင်း(၁၅)ပါး ဆောင်ပုဒ်လင်္ကာ

ရဟန်းများတို့၊ တရားမနာ၊ စာပေမသင်၊ နှုတ်တွင်မဆောင်၊ သိအောင်မပြု၊ ဓမ္မာနုဓမ္မတ်၊ ပတိပတ်ကွာ၊ ဤငါးဖြာတည်း။

ထဝါ,တပြင်၊ စာသင်ပယ်လျော၊ ကျယ်မဟောကြ၊ ကျယ်မချနှင့်၊ ကျယ်စွမအံ၊ မကြံမစည်၊ ဤငါးမည်တည်း။

ဝါ,တနည်းမှာ၊ အက္ခရာပုဒ်ပျက်၊ လေ့ကျက်သင်ကြား၊ ဒုဗ္ဗစမူ၊ စာချသူရှား၊ လာဘ်များအောင်ဖန်၊ ခိုက်ရန်ကွဲပြား၊ ဤငါးပါးသည်၊ ဘုရားသာသနာ ကွယ်ကြောင်းတည်း။ ။

(ဆိဒ္ဒပိဓါနနီကျမ်းမှ)

အဓိပ္ပါယ်ကား—

၁။ ဗုဒ္ဓအဆုံးအမ တရားတော်ကို မနာယူခြင်း။

၂။ ဗုဒ္ဓအဆုံးအမ စာပေကျမ်းဂန်ကို မသင်ကြခြင်း။

၃။ ဗုဒ္ဓ အဆုံးအမတော်ကို နှုတ်တက်အာဂုံ မဆောင်ကြခြင်း။

၄။ ဗုဒ္ဓအဆုံးအမကို သိအောင် အားမထုတ်ကြခြင်း။

၅။ ဗုဒ္ဓအဆုံးအမ မဂ်, ဖိုလ် အားလျော်သော ပတိပတ္တိအကျင့်တို့ကို မကျင့်ကြခြင်း။

၆။ ဗုဒ္ဓ၏ အဆုံးအမတော် စာပေကျမ်းဂန်ကို မသင်ယူကြခြင်း။

၇။ ဗုဒ္ဓ၏ အဆုံးအမတော်ကို အကျယ် မဟောကြခြင်း။

၈။ ဗုဒ္ဓ၏ အဆုံးအမတော်ကို ကျယ်ကျယ်ပြန့်ပြန့် မပို့ချကြခြင်း။

၉။ ဗုဒ္ဓ၏ အဆုံးအမတော်ကို အကျယ်အားဖြင့် မရွတ်မအံကြခြင်း။

၁၀။ ဗုဒ္ဓ၏ အဆုံးအမတော်ကို မကြံမစည် ရှိကြခြင်း။

၁၁။ ဗုဒ္ဓ၏အဆုံးအမတော်ကို လေ့ကျက်ခြင်း, သင်ကြားခြင်းတို့၌ ပါဠိ ပုဒ် ဝါကျ ပျက်စီးခြင်း။

၁၂။ ဗုဒ္ဓ၏ အဆုံးအမတော်ကို မကောင်းသဖြင့် ရွတ်ဆိုပြောလေ့ လေ့ကျက်ကြခြင်း။

၁၃။ ဗုဒ္ဓ၏ အဆုံးအမ စာပေကျမ်းဂန် ပို့ချပေးမည့်သူ ရှားပါးခြင်း။

၁၄။ ရဟန်းများသည် လာဘ်လာဘ များစွာ ရရှိရေးအတွက်သာ အားထုတ်ကြခြင်း။

၁၅။ သံဃာ ကွဲပြားသဖြင့် ခိုက်ရန်ဖြစ်ပွါး ခြားနားစွာ နေထိုင် သိမ်တင်းသုံးကြခြင်း ဟူ၍ (၁၅)ပါး ရှိသည်၊ ဤ အကြောင်း (၁၅)ပါး တို့သည် ဗုဒ္ဓ ရှင်တော်မြတ်၏ သာသနာတော် ကွယ်ပနိုင်သောအကြောင်းရင်းများဟု ဆိုလိုသည်။

## အနာဂတ်အတွက် မျှော်တွေးချက်

သဘာဝ လောကတွင် အတိတ်, အနာဂတ်, ပစ္စုပ္ပန် ဟူ၍ ကာလသုံးပါး ရှိလေသည်။ ထိုကာလသုံးပါးကို သာသနာတော်နှင့် ယှဉ်စပ် ကြည့်သောအခါ ဘုရားရှင် သက်တော်ထင်ရှား ရှိတော်မူစဉ် အတိတ်ကာလသည် အလွန်နှစ်သက် အားရဘွယ် ကောင်း၏။ ယခု သာသနာတော် နှစ်ထောင်ငါးရာ ကျော်သောအခါဟု ဆိုအပ်သော ပစ္စုပ္ပန်

ကာလ၌လည်း သာသနာတော်၏ အားနည်း ချက်များ အနည်းငယ် ရှိသော်လည်း နှစ်သက်ဘွယ်တို့သည် များစွာရှိ ပေသေး၏။ နောင် ကြွင်းကျန်သေးသော အနာဂတ် သာ သနာတော်၏ အရေးကား မည်သို့ ရှိချေမည်နည်း?။

ဤအနာဂတ် သာသနာတော်၏ အရေးကို အဘိညာဉ် နှင့် သမာပတ်ရသော ရဟန္တာများနှင့် သဗ္ဗညုဘုရားရှင်တို့ သာ တိကျစွာ သိစွမ်းတော်မူကြသော အရာဖြစ်သည်။ ၎င်း ပြင် တိကျမှန်ကန်စွာလည်း ဟောပိုင်ခွင့် ရှိခဲ့ကြလေသည်။ အနာဂတ် အရေးတို့သည် ဘုရားရဟန္တာများ၏ ဒေသနာ တော်အရပ်ရပ်တို့တွင် ထိပ်လန့်ဘွယ်, သံဝေဂဖြစ်ဘွယ် ညွှန် ပြထားတော်မူခဲ့သည်ကို တွေ့ရသည်။

အထူးသဖြင့် အဘိညာဉ်ရ ဖုသ္သမထေရ်ကြီး၏ အနာဂတ် စကားတော်များသည် အထူး ကြည်ညိုဘွယ် ကောင်းသည်၊ လေးစားဘွယ် ကောင်းသည်။ လိုက်နာမှတ်သား သင့်သော စကားတော်များလည်းဖြစ်သည်။

ပုထုဇဉ်သားတို့ အနေနှင့်ကား ဘုရား ရဟန္တာအရှင် မြတ်များ၏ အဆုံးအမကို နာယူမှတ်သားခြင်းဖြင့် လည်း ကောင်း၊ ပစ္စက္ခသာသနာတော်၏ အခြေအနေကို ရှုမြင်သုံး သပ်ခြင်းဖြင့် လည်းကောင်း သာသနာတော်မြတ်၏ အနာ ဂတ် ကောင်းမွန်ရေးကို ရှေးရှုကာ ပြုစုထိန်းစောင့်နိုင်ကြ ပေသည်။

**မှတ်ချက်**။ ။(ဤ ကျမ်းစာ၌ကား ဗုဒ္ဓ ရှင်တော်မြတ်၏ သာသနာတော် ပစ္စက္ခကို ဆင်ခြင် သုံးသပ်ခြင်း အနာဂတ်ကို မျှော်တွေးခြင်းနှင့် စပ်သောအချက် အလက်တို့ကိုသာ ဖေါ်ပြပါမည်။ အဓိကမှာ အနာဂတ် သာသနာတော်၏ အရေးကိုသာ ဦးစားပေး၍ တင်ပြထားခြင်း ဖြစ်သည်ဟု စာရှုသူ သိရှိစေလိုပါသည်)။ ။

# ဗုဒ္ဓ၏အနာဂတ် ဓမ္မရတနာ(၁)

အနာဂတ်ကာလနှင့် ပတ်သက်၍ "အင်္ဂုတ္တိုရ်ပါဠိတော်" ၌ ဤသို့တွေ့ရှိရ၏။ အလွန် မှတ်သားဘွယ် ကောင်းလှ၏။

အရှင်ကိမိလမထေရ်သည် ဘုရားရှင်အား ဤသို့လျှောက်၏။ "အရှင်ဘုရား ဘုရားရှင် ပရိနိဗ္ဗာန်စံယူပြီးသည် ရှိသော် သူတော်ကောင်းတရား၏ ရှည်မြင့်စွာ မတည်နိုင်ခြင်း၏ အကြောင်းအရာသည် အဘယ်ပါနည်း"။

ထိုအခါ ဘုရားရှင်က ဤသို့ မိန့်တော်မူ၏။

"အို....ကိမိလ ဤသာသနာတော်၌ ရဟန်းရှင်လူ ဥပါသကာယောကျ်ား, ဥပါသကာမိန်းမ, တို့သည် ဘုရား၌, တရား၌, သံဃာ၌ မိမိတို့၏ ကိုယ်ကျင့်သိက္ခာ၌, မမွေ့လျော်မှု

အပ္ပမာဒတရား၌, စေ့စပ်ခြင်း ပဋိသန္ထာရ၌, မရိုမသေမှု၍-မတုပ်ဝပ် မနှိမ်ချမှု၍, နေကြကုန်၏။ ဤအကြောင်းတရားကြောင့် ငါဘုရား ပရိနိဗ္ဗာန် စံတော်မူပြီးသည် ရှိသော် သူတော်ကောင်းတို့၏ တရားသည် ကြာမြင့်စွာ မတည်နိုင်ချေ"။

အထက်ပါ ဘုရားရှင်၏ စကားတော်ကို အပြန်အားဖြင့် (အကျဉ်းချုပ်)ယူလျှင် ဘုရား တရား စသည်တို့၌ ရိုသေမှု တုပ်ဝပ်နှိမ်ချမှုများ ရှိနေပါက သူတော်ကောင်းတို့၏ တရားသည် ကြာမြင့်စွာ တည်ရှိနိုင်ပေသည်။

ကိစ္စခပ်သိမ်း၌ ပျက်စီးမှု၏ အစသည် မရိုသေခြင်းပင် ဖြစ်၏။ မရိုသေ, မလေးစားသော စိတ်ထားသည် စိတ်မိုက် စိတ်ရိုင်းဖြစ်သောကြောင့် လောကီ, လောကုတ္တရာ အကျိုးနှစ်ပါးကို ဆုတ်ယုတ်စေသည်။

## တောနေ ရဟန်းအတွက် ဆင်ခြင်ရန်

အနာဂတ်၏သူတော်ကောင်းတရားကို စောင့်ထိန်းသော တောနေရဟန်းသည် မမေ့လျော့သော "အပ္ပမာဒတရား" ဖြင့် အောက်ပါ အချက်ကြီး "ငါးချက်"ကို ဆင်ခြင်နှလုံးသွင်းအပ်၏။ ပွားများအားထုတ်အပ်၏။ အန္တရာယ် အမျိုးမျိုးကို ကျော်လွန်၍ တရားထူးတို့ကိုလည်း ရရှိလွယ်၏။

## ဆင်ခြင်ပုံ

၁။ ယခုအခါ ငါသည် တယောက်ထည်းထည်း တောသို့ နေ၏။ ထိုသို့နေသော ငါ့ကို မြွေ, ကင်းမြီးကောက်, ကင်းခြေများ ကိုက်ခြင်းဖြင့် ငါသည်သေဆုံးနိုင်၏။ အသက်,သာသနာ, နတ်ရွာ,မဂ်ဖိုလ်တရား၏ အန္တ-ရာယ် ဖြစ်နိုင်၏၊ ဤအန္တရာယ်များ မကျရောက်မီ ရသင့်ရထိုက်သော တရားကို ရရှိအောင် အားထုတ် အံ့,ဟု ဆင်ခြင်၏။

၂။ "ယခုအခါ ငါသည် တယောက်ထည်းထည်း တောသို့ နေ၏။ ထိုသို့နေသောငါသည် ချွတ်ချော်၍မူလည်း ကျရာ၏၊ စားအပ်သော အစာသည်မူလည်း ဖေါက် ပြန်ရာ၏။ သည်းခြေမူလည်း ပျက်ရာ၏၊ သလိပ် မူ လည်း ပျက်ရာ၏။ လေသင်ခုန်းမူလည်း ဖြတ်ရာ၏၊ ထိုအကြောင်း တရားများကြောင့် ငါသည် သေဆုံး နိုင်၏၊ မြတ်သောအကျင့်၏ အန္တရာယ်သည် ဖြစ်၏၊ ဤအန္တရာယ်များ မကျရောက်မီ ရသင့်ရထိုက်သော တရားကို ရရှိအောင် အားထုတ်အံ့"ဟု ဆင်ခြင်၏။

၃။ "ယခုအခါ ငါသည် တယောက်ထည်းထည်း တောသို့ နေ၏။ ထိုသို့နေသောငါသည် သားကောင် တို့နှင့် တွေ့ကြုံကုန်ရာ၏။ ခြင်္သေ့, ဝံ, အောင်း, ကျားတို့နှင့် ရင်ဆိုင်မိရာ၏။ ဤသတ္တဝါရိုင်းများသည် ငါ၏ အ သက်ကို ချနိုင်ကြကုန်၏၊ အသက်, သာသနာ, နတ်

၁၁၉၀၉၈

ရွာ, မဂ်ဖိုလ်တရား၏ အန္တရာယ် ဖြစ်နိုင်၏၊ ဤအန္တ-ရာယ်များ မကျရောက်မီ ရသင့်ရထိုက်သော တရားကို ရရှိအောင် သားထုတ်အံ့”ဟု ဆင်ခြင်၏။

၄။ ယခုအခါ ငါသည် တယောက်ထည်းထည်း တောၚ္ဌ နေ၏။ ထိုသို့နေသောငါသည် လူဆိုး, သူခိုး, ဓားပြ သူပုန်တို့နှင့်အချိန်မရွေး တွေ့ကြုံနိုင်၏၊ ထိုလူဆိုးများ သည် အသက်, သာသနာ, နတ်ရွာ, မဂ်ဖိုလ်တရား တို့၏ အန္တရာယ် ဖြစ်နိုင်၏၊ ဤအန္တရာယ်များ မကျ ရောက်မီ ရသင့်ရထိုက်သော တရားကို ရရှိအောင် အားထုတ်အံ့”ဟု ဆင်ခြင်၏။

၅။ “ယခုအခါ ငါသည်တယောက်ထည်းထည်း တောၚ္ဌ နေ၏။ ထိုသို့နေသောငါ့ကို ဘီလူးတို့သည် အသက် ကို ဆုံးစေနိုင်၏၊ အသက်, သာသနာ, နတ်ရွာ, မဂ် ဖိုလ် တရားတို့၏ အန္တရာယ် ဖြစ်နိုင်၏။ ဤအန္တရာယ် များ မကျရောက်မီ ရသင့်ရထိုက်သော တရားတို့ကို ရရှိအောင် အားထုတ်အံ့”ဟု ဆင်ခြင်၏။

အထက်ပါ အနာဂတ်ဘေးရန်များကို တောကျောင်းနေ ရဟန်းသည် ကြိုတင်သိမြင်အပ်၏။ မရသေးသော တရားတို့ကို ရရှိစေခြင်းငှါ မမေ့မလျော့ လုံ့လပြင်းထန်စွာဖြင့် စွန့်လွှတ် သောစိတ်ရှိသည်ဖြစ်၍ တရားဖြင့် ခိုင်ခံ့စွာ နေခြင်းငှါ သင့် မြတ်၏ဟု ဟောတော်မူ၏။

# ဗုဒ္ဓ၏ အနာဂတ် ဝမ္မရတနာ(၂)

အနာဂတ် ကာလ၌ ဖြစ်လတ္တံ့သော ဘေးငါးပါးကို ကောင်းစွာ မြင်သော ရဟန်းသည် မိမိ၌ မရသေးသော တရားကို ရရှိနိုင်ရန် မလျှော့သော လုံ့လဖြင့် စွန့်လွှတ်သော စိတ်ရှိ၍အားထုတ် နေထိုင်ခြင်းငှါ သင့်ကုန်၏၊ ငါးပါးသော ဘေးကို ရဟန်းသည်ဤသို့ ဆင်ခြင်အပ်၏။

၁။ "ငါသည် ယခုအခါ၌ ပထမအရွယ်သာဖြစ်၍ ငယ်သေး၏။ တနေ့နေ့အိုမင်းသောအချိန်ကာလသို့ရောက်လတ္တံ့။ အိုမင်းသောသူသည် တရားကို နှလုံးသွင်းခြင်းငှါ မလွယ်ကူ။ ဆင်းရဲမှု၏ ဒဏ်ကို မခံနိုင်။ ထိုသို့ အိုခြင်း တရားသည်ငါ၌ မရောက်မီ, မနှိပ်စက်မီ, ကြိုတင်၍ လုံ့လကို ပြုအံ့။ အားထုတ် အံ့။ ရသင့်ရထိုက်သော တရားနှင့်ပြည့်စုံသည် ရှိသော်၊ အိုမင်း သော်လည်း ချမ်းသာရအံ့"ဟု ဆင်ခြင်၏။

၂။ "ငါသည် ယခုအခါ၌ အနာရောဂါ နည်းပါး၏၊ မရှိ၊ကင်းလွတ်၏။ ဥတုသပ္ပါယ မျှတ၏။ အစာကိုကြေကျက် စေသော ပါစက ဝမ်းမီးနှင့်လည်း ပြည့်စုံ၏။ တရားအလုပ် အားထုတ်ခြင်းငှါ ခံ့သောသဘော ရှိ၏။ တနေ့ တချိန်မှာ အနာရောဂါဆိုးတို့သည် နှိပ်စက်လတ္တံ့။ အနာရောဂါ ကျ ရောက်နေသူအား တရားအားထုတ်ခြင်းငှါမလွယ်ကူ။ အနာ ရောဂါမျိုး မနှိပ်စက် မကျရောက်မီ တရားကို လျင်စွာ အား

ထုတ်ပေတော့အံ့။ ရသင့် ရထိုက်သောတရားနှင့် ပြည့်စုံသည် ရှိသော် အနာရောဂါကျရောက်နေသော်လည်း ချမ်းသာစွာ နေရပေအံ့”ဟု ဆင်ခြင်၏။

၃။ “ငါသည်ယခုအခါ၌ သာယာဝပြော၏။ ကောင်းသော အစာရေစာနှင့် ပြည့်စုံ၏။ တနေ့တချိန်၌ ငတ်မွတ်ခေါင်းပါးခြင်းဖြစ်နိုင်၏။ ဤငတ်မွတ်သောဘေး ကျရောက်လာက အစာရေစာ ပြည့်စုံသော အရပ်သို့ပြောင်းရွှေ့ နေရအံ့။ ထိုအခါ လူအများနှင့် ရောပြွမ်း၍နေသော် တရားကို နှလုံးမသွင်းနိုင်ချေ။ ထို့ကြောင့် ငတ်မွတ်ခေါင်းပါးခြင်းဘေးများ မကျရောက်မီ တရားကို လျင်စွာ အားထုတ်ပေတော့အံ့။ရသင့် ရထိုက်သော တရားနှင့် ပြည့်စုံသည် ရှိသော် ငတ်မွတ်ခေါင်းပါးသော်လည်း ချမ်းသာစွာ နေရပေအံ့”ဟု ဆင်ခြင်၏။

၄။ “ယခုအခါ၌ ရှင်လူ ရဟန်း တို့သည် အချင်းချင်း ညီညွတ်ဝမ်းမြောက် ကြကုန်၏။ ခိုက်ရန်ငြင်းခုံခြင်း မရှိကြကုန်။ နို့နှင့် ရေသည် ရောနှောထားက နှစ်ထွေမပြား တသားတည်း ဖြစ်သကဲ့သို့ ချစ်ခင်သောမျက်စိဖြင့် ကြည့်ရှုကြကုန်၏။ တနေ့တချိန်မှာ ညီညွတ်ခြင်းသည် ပျက်ပြားနိုင်၏။ သူပုန် ဘေးရန်ကြောင့်လည်းကောင်း၊ ခိုးသူဓားပြ ဘေးရန် ကြောင့်လည်းကောင်း ပျက်စီးနိုင်၏။ လှည့်လည် ပြေးသွားရတတ်ကုန်၏။ထိုအခါ လူတို့ထံ ချဉ်းကပ် ရောနှော

ရခြင်း၊ တောနေပျက်သဖြင့် ဆိတ်ငြိမ်မှုကို မရခြင်းဖြစ်အံ့။ ထိုသို့ ဖြစ်သော် တရားကို နှလုံးမသွင်းနိုင်ချေ၊ ထို့ကြောင့် ညီညွတ်မှု မပျက်ပြားဘဲ အန္တရာယ်ဆိုးများ မကျရောက်မီ တရားကိုဆောလျင်စွာ အားထုတ်ပေတော့အံ့။ ရသင့် ရထိုက်သော တရားနှင့်ပြည့်စုံသည် ရှိသော် မညီညွတ်ခြင်းနှင့် အန္တရာယ်မျိုးစုံတို့ကို ကြုံရသော်လည်း ချမ်းသာစွာနေရပေအံ့”ဟု ဆင်ခြင်၏။

၅။ “ယခုအခါ သံဃာတော်သည် ညီညွတ်၏။ ဝမ်းမြောက်ဝမ်းသာ ရှိကြကုန်သည် ဖြစ်၍ ခိုက်ရန် ပွါးခြင်း ငြင်းခုံခြင်း မရှိကြကုန်။ ချမ်းသာစွာ နေထိုင်ကြကုန်၏။ တနေ့တချိန်မှာ ညီညွတ်သော သံဃာ၏ ကွဲပြားသည်ရှိသော် တရားအားထုတ်ခြင်းငှါ မလွယ်ကူပေ။ သံဃာ မကွဲပြားမီ တရားကို အလျင် ဦးအောင် အားထုတ် ပေတော့အံ့”ဟု ဆင်ခြင်၏။

“အို ရဟန်းတို့၊ ငါးပါး ကုန်သော နှောင်လာလတ့ံကုန်သော အနာဂတ်ဘေးတို့ကို ကောင်းစွာမြင်ကုန်သော ရဟန်းသည် တရားထူးကို ရခြင်းငှါ မမေ့လျော့အပ်။ ကောင်းစွာ အားထုတ်အပ်သော လုံ့လဖြင့် နေခြင်းငှါ သင့်၏” ဟုဟောတော်မူ၏။

# အနာဂတ်ဓမ္မရတနာ(၃)

၁။ ငါးပါးကုန်သော ဘေးရန်တို့သည် အနာဂတ်ကာလ၌ဖြစ်ပေါ်ကုန်လတ့ံ။ အိုရဟန်းတို့နှောင်အခါ ရဟန်းတို့သည် မပွါးများအပ်သော ကိုယ်, စိတ်,သီလ, သမာဓိ, ပညာ ဖြစ်ကုန်လတ့ံ။

မိမိတို့ သန္တာန်၌ သီလ, သမာဓိ, ပညာ မရှိကုန်ဘဲလျက် ဥပဇ္ဈာယ်ပြု၍ ရှင်ရဟန်း ပြုပေးကုန်လတ့ံ။ သီလ, သမာဓိ, ပညာတို့ဖြင့်လည်း ဆုံးမခြင်းငှါ မစွမ်းနိုင်ကုန်လတ့ံ။

တပည့်ဖြစ်သော ရဟန်းတို့လည်း သီလ, သမာဓိ, ပညာ မရရှိဘဲ ရှိကုန်လတ့ံ။ တဆင့်အားဖြင့် ရှင်ရဟန်းလည်း ပြုပေးကုန်လတ့ံ။ တဖန် ထိုရဟန်းတို့သည်လည်း သီလ, သမာဓိ ပညာတို့ဖြင့် ဆုံးမခြင်းငှါ မစွမ်းနိုင်ကုန်လတ့ံ။

ဤသို့လျှင် သမထ ဝိပဿနာတရား၏ ပျက်စီးကြောင်း ငါးပါးသော ဝိနည်းတရား၏ ပျက်စီးကြောင်းသည် ဖြစ်၏။ အနာဂတ်၌ ဖြစ်ပေါ်လတ့ံသော တရားတို့ ဖြစ်၏။ ဘေးရန်ကို သိရှိနားလည်ပြီး၍ ဘေးကို ဖယ်ရှားနိုင်ရန် ကြိုးစားအားထုတ်အပ်ကုန်၏။

၂။ အို ရဟန်းတို့ အနာဂတ်ကာလ၌ ရဟန်းတို့သည် မိမိကိုယ်တိုင် သီလ, သမာဓိ, ပညာတို့ကို အားမထုတ်ကုန်ဘဲ သူတပါးအား ဆရာပြုလုပ်၍ နည်းညွှန်ကုန်လတ့ံ။ ထိုရဟန်း

တို့သည် မြတ်သော သီလအကျင့်, မြတ်သော စိတ်အကျင့်, မြတ်သော ပညာအကျင့်တရားတို့၌ ဆုံးမခြင်းငှါ မတတ်နိုင်ကုန်လတ့ံ။ မဆုံးမနိုင်ကုန်၍ တပည့် ရဟန်းတို့သည်လည်း အားမထုတ်ကုန်သော စိတ်ရှိကြကုန်သည် အားမထုတ်ကုန်သော သီလ, သမာဓိ, ပညာ ရှိကြကုန်သည် ဖြစ်ကုန်လတ့ံ။

သီလ, သမာဓိ, ပညာ မပြည့်စုံသော ရဟန်းတို့ကပင် ဇာပါးကုန်သော သူတို့အား နည်းပေးလမ်းပြ ဆရာပြုလုပ်ကုန်လတ့ံ။ ထိုဒုတိယမြောက် ဆရာတို့သည်လည်း သိက္ခာသုံးပါး၌ ဆုံးမခြင်းငှါ မတတ်နိုင် ကုန်လတ့ံ။ ထိုဒုတိယမြောက် ဆရာ၏ တပည့်ရဟန်းတို့သည်လည်း အားမထုတ်ကုန်သော စိတ်ရှိကြကုန်သည် အားမထုတ်ကုန်သော သီလ, သမာဓိ, ပညာရှိကုန်သည် ဖြစ်ကြကုန်လတ့ံ။

ဤသို့လျှင် သမထ ဝိပဿနာပျက်စီးကြောင်း ငါးပါးသော ဝိနည်းတရား၏ ပျက်စီးခြင်းသည် ဖြစ်၏။ ဝိနည်းငါးပါး ပျက်စီးခြင်းကြောင့် သမထဝိပဿနာ ပျက်စီးခြင်းဖြစ်၏။ ဒုတိယမြောက်ဖြစ်သော အနာဂတ် ဘေးသည် ဖြစ်ပေါ်လတ့ံ။ ဤဘေးကို သိရှိနားလည်၍ ပယ်လှန် တားမြစ် အားထုတ်နိုင်ရန် ကြိုးစားရာ၏။

၃။ အို ရဟန်းတို့ အနာဂတ်ကာလ၌ ရဟန်းတို့သည် မိမိတို့ကိုယ်တိုင်က အားထုတ်အပ်သော ကိုယ် စိတ်မရှိသောကြောင့် မပြည့်စုံသော သီလ, သမာဓိ, ပညာ ရှိကြကုန်၏။

သီလ, သမာဓိ, ပညာဟူသော မြတ်သောတရားကို ရခြင်းနှင့် စပ်သော တရားစကားတို့ကိုဟောပြောကုန်လတ္တံ့။ အကုသိုလ် တရား၌ သက်ရောက်သည်တို့ကိုလည်း မသိနားမလည် ကုန်လတ္တံ့။

ရဟန်းတို့ ဤသည်လျှင် တတိယမြောက်ဖြစ်သော သာသနာတော်၏ အနာဂတ်ဘေးရန်သည် ဖြစ်ပေါ်လတ္တံ့။ ထိုဘေးရန်ကိုလည်း သိရှိနားလည်ကြကုန်၍ ပယ်ဖျက်နိုင်အောင် ကြိုးစား အားထုတ်ကုန်ရာ၏။

၄။ အို ရဟန်းတို့ အနာဂတ်ကာလ၌ ရဟန်းတို့သည် မိမိကိုယ်တိုင်က အားထုတ်အပ်သော ကိုယ်စိတ်မရှိသောကြောင့် မပြည့်စုံသော သီလ, သမာဓိ, ပညာရှိကြကုန်၏။ စင်စစ် ဘုရားရှင်၏ တရားတော်သည် နက်နဲ၏။ လောကမှ ထွက်မြောက် ကြောင်း တရားနှင့် စပ်၏။

ထိုသို့နက်နဲသော လောကမှထွက်မြောက်ကြောင်း တရားတော်သည် မိမိ၌ ပြည့်စုံစွာ မရှိခြင်းကြောင့် သူတပါးကိုလည်း ပြည့်စုံစွာ မပြနိုင်၊ မဟောနိုင်ကုန်လတ္တံ့။ သူတပါးတို့လည်း တရားတော်၌ မဝင်စားကုန် လတ္တံ့။ သာယာနာပျော်ဘွယ် ဟောသော ဆရာတို့ တရားကိုသာ နာယူကုန်လတ္တံ့။ လိုက်နာဝင်စားကုန်လတ္တံ့။

ရဟန်းတို့ ဤသည်လျှင် စတုတ္ထမြောက်သော သာသနာတော်၏ အနာဂတ်ဘေးရန်သည် ဖြစ်ပေါ်လတ္တံ့။ ထိုဘေးရန်

ကိုလည်း သိရှိနားလည်ကြကုန်၍ ပယ်ဖျက်နိုင်အောင် ကြိုးစား အားထုတ်ကုန်ရာ၏။

၅။ အို ရဟန်းတို့ အနာဂတ်ကာလ၌ ရဟန်းတို့သည် မိမိတို့ကိုယ်တိုင် သီလ, သမာဓိ ပညာဟူသော "သိက္ခာ" သုံးပါးကို ပြည့်စုံစေရန် အားထုတ်မှု နည်းကုန်လတ္တံ့။ လာဘ်လာဘများရန် ကျင့်ကြံအားထုတ်ကုန်လတ္တံ့။ ဆိုးကျိုးအဖြစ်ရှိတနားတို့၌တည်၍ ဆိတ်ငြိမ်သဖြင့် ရအပ်သော တရားထူးတို့၌ အားမထုတ်ဘဲ ရှိလတ္တံ့။ နောင်လူတို့လည်း အမှု အတုယူကုန်လတ္တံ့။

ရဟန်းတို့ ဤသည်လျှင် ပဥ္စမမြောက်သော သာသနာတော်၏ အနာဂတ်ဘေးရန်သည် ဖြစ်ပေါ်လတ္တံ့။ ထိုဘေးရန်ကိုလည်း သိရှိနားလည်၍ ပယ်ဖျက်နိုင်သောင် ကြိုးစား အားထုတ်ကုန်ရာ၏။

---

# အနာဂတ် ဓမ္မရတနာ (၄)

၁။ အို-ရဟန်းတို့ အနာဂတ်ကာလ၌ ရဟန်းတို့သည် ကောင်းသောသင်္ကန်းကို အလိုရှိ ကုန်လတ္တံ့။ ထိုသို့ အလိုရှိသောရဟန်းတို့သည် မြေမှုန့်လိမ်းသည့် ပံ့သုကူ ဓုတင်ဆောင်ခြင်းကို စွန့်ပစ်ကုန်လတ္တံ့။ မြို့ရွာသို့ ကပ်ဝင်နေထိုင်ကုန်လတ္တံ့။ မအပ်သော ရှာမှီခြင်းသို့ ရောက်ကုန်လတ္တံ့။

ရဟန်းတို့ ဤရှေးဦးစွာသော အနာဂတ် သာသနာတော်၏ဘေးရန်သည် ယခုအခါ၌ မပေါ်ရှိသေး အနာဂတ်၌ ဖြစ်ပေါ်လတံ့။ ထိုဘေးတို့ကို သိရှိ နားလည်ကြ၍ တားမြစ်ခြင်းငှာ ကြိုးစားအားထုတ်ကုန်ရာ၏။

၂။ အို-ရဟန်းတို့ အနာဂတ်ကာလ၌ ရဟန်းတို့သည် ကောင်းသောဆွမ်း စသော အာဟာရတို့ကို အလို ရှိကုန်လတံ့။ ထိုသို့ အလိုရှိသော ရဟန်းတို့သည် ပိဏ္ဍပါတ် ဓုတင်ဆောင်ခြင်းကို စွန့်ကုန်လတံ့။ မအပ်သော ရွာမိုး ခြင်းသို့ ရောက်ကုန်လတံ့။

ရဟန်းတို့ ဤ ဒုတိယမြောက် အနာဂတ် သာသနာတော်၏ဘေးရန်သည် ယခုအခါ၌ မပေါ်သေး၊ အနာဂတ်၌ ဖြစ်ပေါ်လတံ့။ ထိုဘေးတို့ကို သိရှိ နားလည်ကြ၍ တားမြစ်ခြင်းငှာ ကြိုးစားအားထုတ်ကုန်ရာ၏။

၃။ အို-ရဟန်းတို့ အနာဂတ်ကာလ၌ ရဟန်းတို့သည် ကောင်းသောကျောင်းကို အလိုရှိကုန်လတံ့။ ထိုသို့ အလိုရှိသော ရဟန်းတို့သည် သစ်ပင်ရင်း၌ နေခြင်းဟူသော ရုက္ခမူဓုတင်ကို စွန့်ကုန်လတံ့၊တော၌မနေ မြို့ရွာ၌သာ နေထိုင်ကုန်လတံ့။ မအပ်သော ရွာမိုးခြင်းသို့လည်း ရောက်ကုန်လတံ့။

ရဟန်းတို့ ဤ တတိယမြောက် အနာဂတ် သာသနာတော်၏ဘေးရန်သည် ယခုအခါ၌ မပေါ်သေး၊ အနာဂတ်၌ ဖြစ်ပေါ်လတံ့။ ထိုဘေးတို့ကို သိရှိနားလည်ကြ၍ တားမြစ်ခြင်းငှာ ကြိုးစားအားထုတ်ကုန်ရာ၏။

၄။ အို-ရဟန်းတို့ အနာဂတ်ကာလ၌ ရဟန်းတို့သည် မာတုဂါမတို့နှင့် ရောနှော၍နေထိုင်ကုန်လတံ့။ ထိုသို့ ရောနှောသည်ရှိသော် ရဟန်းတရားပျက်စီး၍ ညစ်နွမ်းသော အာပတ်သို့ရောက်ကုန်လတံ့။ သိက္ခာကိုစွန့်၍ လူထွက်ကြကုန်လတံ့။

ရဟန်းတို့ ဤ စတုတ္ထမြောက် အနာဂတ် သာသနာတော်၏ဘေးရန်သည် ယခုအခါ၌ မပေါ်သေး၊ အနာဂတ်၌ ဖြစ်ပေါ်လတံ့။ ထိုဘေးတို့ကို သိရှိနားလည်ကြ၍ တားမြစ်ခြင်းငှာ ကြိုးစားအားထုတ်ကုန်ရာ၏။

၅။ အို-ရဟန်းတို့ အနာဂတ်ကာလ၌ ရဟန်းတို့သည် အရံစောင့် သာမဏေတို့နှင့် ရောနှော၍ နေထိုင် ကြကုန်လတံ့။ ထိုသို့ နေထိုင်သည်ရှိသော်၊ ပစ္စည်းများစွာ သိမ်း၍ သုံးဆောင်ခြင်းကို အားထုတ်ကုန်လတံ့။ မြေကို တူးခြင်း သစ်ပင်တို့ကို လှဲဖြတ်ခြင်း စေခိုင်းခြင်းတို့ကို ပြုမူကုန်လတံ့။

ရဟန်းတို့ ဤပဥ္စမမြောက်သော အနာဂတ် သာသနာတော်၏ဘေးရန်သည် ယခုအခါ၌ မပေါ်ရှိသေး၊ အနာဂတ်၌ ဖြစ်ပေါ်လတံ့။ ထိုဘေးတို့ကို သိရှိနားလည်ကြ၍ တားမြစ်ခြင်းငှာ ကြိုးစားအားထုတ်ကုန်ရာ၏။

ဤသို့အကျဉ်းချုပ်၍ အနှစ်ထုတ်အပ်သော အနာဂတ်စကားတော်သည် ဗုဒ္ဓ ရှင်တော်မြတ်၏ ရွှေနှုတ်တော်ထွက် ပဉ္စအင်္ဂုတ္တရပါဠိတော်၌ အကျယ်လာ ရှိပါသည်။

# ဗုဒ္ဓ၏ အနာဂတ် ဓမ္မရတနာ (၅)

အာနန္ဒာ.... မာတုဂါမသည် ဘုရားရှင် ဟောကြား အပ်သော သုတ်,ဝိနည်း အဘိဓမ္မာဟူသော အဆုံးအမ သာသနာတော်၌ အိမ်ယာထောင်သော လူ့ဘောင်မှ အိမ်ယာမထောင်သော ရဟန်းဘောင်သို့ ဝင်ရောက်ခြင်းကို အကယ်၍ ရကုန်အံ့။

ဤသို့ မာတုဂါမသည် သာသနာတော် တွင်းသို့ ဝင်ရောက်လာခဲ့သော် သာသနာတော် သုံးရပ်သည် ကြာမြင့်စွာ တည်သည် ဖြစ်လတံ့၊ အနှစ်နှစ်ထောင် ကာလပတ်လုံး သာသနာတော် သုံးရပ်သည် တည်နိုင်ရာ၏။

အာနန္ဒာ....မာတုဂါမသည် သာသနာတော်တွင်းသို့ ဝင်ရောက်လျက် ရဟန်းပြုသောအခါ သာသနာတော် သုံးရပ်သည် ကြာမြင့်စွာ တည်နိုင်သည်ဖြစ်လတံ့။ မာတုဂါမသည် သာသနာတော်တွင်းသို့ ဝင်ရောက်ကာ ရှင်ရဟန်း ပြုသောအခါ၌ အနှစ်ငါးရာ ကာလပတ်လုံး သာလျှင် သူတော်ကောင်းတရားသည် တည်နိုင်လတံ့။

ဂရုဓမ်တရားရှစ်ပါးကို ပညတ်တော်မမူဘဲ မာတုဂါမတို့အား ရဟန်းပြုခြင်းကို ခွင့်ပြုငြားအံ့၊ တထောင် တည်လတံ့သော ပဋိသမ္ဘိဒါပတ္တ သာသနာတော်သည် ငါးရာသာ တည်တံ့နိုင်လတံ့ဟု ဆိုလိုပါသည်။

သာသနာ တထောင် တည်လတံ့ဟူသော စကားသည် ပဋိသမ္ဘိဒါပတ္တ ခေတ်တထောင်ကိုသာ ရည်ရွယ်၍ ဘုရားရှင် ဟောတော်မူကြောင်းကို သိစေလို၍—

"ဝဿသဟဿန္တိစေတံ ပဋိသမ္ဘိဒါ-

ပဘေဒပ္ပတ္တ ခီဏာသဝေ ဝသေနေဝ ဝုတ္တံ"

ဟု အဋ္ဌကထာဆရာသူမြတ် ဖွင့်ဆိုတော်မူသည်။ ကျင့်ကြံအားထုတ်သူ ရှိသမျှ ကာလပတ်လုံး မဂ်ဖိုလ်ခေတ်ရှိနေသည်။ သဒ္ဓါ, ဝီရိယ, ထက်သန်စွာဖြင့် ဝင်ဆင်းရဲကင်းလိုသူတို့သည် သီလ, သမာဓိ, ပညာတို့ကို ရှာမှီးရယူကုန်ရာ၏။ ဤကား စူဠဝါပါဠိတော် (၄၄၆ ဆဋ္ဌမူ)၌ လာရှိသော ဗုဒ္ဓရှင်တော်မြတ်၏ အနာဂတ်သာသနာတော်နှင့် စပ်သော စကားတော်တည်း။

အင်္ဂုတ္တိုရ်ပါဠိတော် ဂေါတမီဝဂ် မဟာပဇာပတိသုတ်၌လည်း ဤနည်းတူ အနာဂတ် သာသနာတော်နှင့် စပ်သော စကားတော်တို့ကို မိန့်တော်မူခဲ့၏။ အင်္ဂုတ္တိုရ်ဋီကာ၌ကား အဋ္ဌကထာတို့၌လာကုန်သော သာသနာ ငါးထောင် အယူအဆ အမျိုးမျိုးတို့ကို တနေရာတည်း ထည့်၍ ပြည့်စုံစွာ ဖွင့်ဆိုထားသည်ကို တွေ့ရသည်။

# ရဟန္တာ အရှင်မြတ်၏ အနာဂတ် ဓမ္မရတနာ (၆)

ရှေးဘုရားတို့၏ လက်ထက်၌ ပါရမီဆုတောင်းကောင်း ခဲ့သော တယောက်သော အမျိုးသားသည် ငါတို့ဂေါတမ ဘုရားရှင် လက်ထက်တော်အခါ ကာလ၌ "ဖုဿ"မင်းသား ဟူသောအမည်ဖြင့် ထင်ရှား ဖြစ်ပေါ်လာ၏။

အရွယ် ရောက်သောအခါ မင်းသားတို့ တတ်အပ်သော အတတ်ပညာရပ်များကို တတ်မြောက်၏။ ဗုဒ္ဓရှင်တော်မြတ်၏ ရဟန်းတော်တပါး အထံ၌ တရားစကားတို့ နာကြားရသဖြင့် တရားသံဝေဂ ရရှိသောကြောင့် သာသနာတော်တွင်းသို့ ဝင်ရောက်ခဲ့လေသည်။

မိမိနှင့် လျော်သော ကမ္မဋ္ဌာန်းကို သင်ယူသည်၊ ဇွဲလုံ့လ ကြီးစွာဖြင့် အားထုတ်ကျင့်ကြံသည်။ ဈာန်သမာဓိတို့ကိုဖြစ် စေသည်။ ၎င်းနောက် အစဉ်အားဖြင့် ဝိပဿနာဉာဏ် အဆင့်ဆင့်ကို ဖြစ်စေလျက် သမထ ယာနိက လမ်းစဉ်ဖြင့် ဆဋ္ဌာဘိည ခီဏာသဝ ရဟန္တာအဖြစ်သို့ ရောက်ရှိတော်မူ လေသည်။

## ရဟန္တာများကို ကြည်ညို လေးစားအပ်ပုံ

"ဤသို့ သမထယာနိက လမ်းစဉ်ဖြင့် တရားထူးရတော် မူသော ဖုဿရဟန္တာ ရှင်မြတ်ထံသို့ ရသေ့တယောက်သည်

ဆည်းကပ်လာ၏၊ ဖုဿမထေရ်လည်း သင့်တင့်သော တရားစကားတို့ကို ဟောကြား၏၊ ထိုအခါ ရသေ့သည် ဤသို့တွေးထင်မိ၏။"

"ဤသာသနာတော်၌ ကိုယ်တိုင်တရားထူး ရခြင်းသည် ကောင်းမြတ်လှ၏။ ပဋိပတ်သာသနာ့ဝန် ကျေပြွန်သဖြင့် တရားထူးရရှိတော်မူကြသော ရဟန်းမြတ်တို့ကို ဖူးမြင်ရခြင်းသည် စိတ်ကို ကြည်လင်စေ၏။ ကြည်ညို လေးစားအပ်ကုန်၏။"

"ထိုအရှင်ကောင်း အရှင်မြတ်တို့ ကျင့်ကြံတော်မူကြသော ပဋိပတ် လမ်းစဉ်သည် သာသနာတော်၌ ထင်ရှားရှိခြင်းငှါ သင့်လှပေ၏၊ အကယ်၍ ဤသာသနာတော်၌ ထိုအကျင့် ပဋိပတ်လမ်းစဉ်များ ကွယ်ပသည်ရှိသော် တလောကလုံး အမိုက်တရားတို့သည်သာ လွှမ်းဖုံးနေရာ၏။"

"ဗုဒ္ဓရှင်တော်မြတ်၏ ပဋိပတ်အကျင့် လမ်းစဉ်မြတ်သည် ကိလေသာ အပူမီးကို ငြိမ်းသတ်စေ၏။ အေးချမ်းခြင်းကို ဖြစ်စေ၏။ ထို့ကြောင့် ဤအကျင့် လမ်းစဉ်မြတ်သည် ဤလောက၌ ကြာမြင့်စွာ တည်ရှိပါမူကား ကောင်းလေစွဟု အကြံဖြစ်မိ၏။"

## ရသေ့လျှောက်ထားချက်

အနာဂတ် အရေးနှင့် တွေးထင်ကြံဆခြင်း ရှိသော ရသေ့သည် ဖုဿထေရ် ရဟန္တာ အရှင်မြတ်အား ဤသို့သော

အကြောင်း အချက်တို့ဖြင့် လျှောက်ထား မေးမြန်းတော်မူ၏။

"အရှင်ဘုရား အနာဂတ်ကာလ၌ ရဟန်းတို့သည် လောကုတ္တရာကျင့်ဝတ် ပဋိပတ်၌ ယခုမျက်မြင် ကျင့်ဆောင်ကြသကဲ့သို့ ရှိနေမည်လော၊ သို့မဟုတ် ဖေါက်ပြန် ပြောင်းလဲခြင်း ကြုံရကုန်မည်လော။ နှလုံးသွင်း အဇ္ဈာသယသည် ဖြူစင်ပါမည်လော သို့မဟုတ် မည်းညစ်ကုန် မည်လော အဘယ်ကဲ့သို့ အသွင်အပြင် ရှိကြပါ ကုန်မည်နည်း" ဤသို့ စသော အဓိပ္ပါယ်ဖြင့် မေးလျှောက်၏။

## ဖုသထေရ်မြတ် ဖြေကြားပုံ

ထိုအခါ ဖုသမထေရ်မြတ်သည် ဤသို့ မိန့်တော်မူ၏။ "အို ရသေ့ သင်အား အနာဂတ်နှင့် ပတ်သက်သော အဖြေစကားကို ငါကြားပေအံ့ အနာဂတ်နှင့် စပ်၍လည်းကောင်း သံဝေဂ ထိတ်လန့်ဘွယ်နှင့် စပ်၍လည်းကောင်း ကောင်းစွာ နာယူမှတ်သားလော့"။

"အနာဂတ်ကာလ၌ ရှင်လူရဟန်းတို့သည် ယုတ်မာသော သဘောရှိကုန်လျက် အကြံဆိုးတို့ဖြင့် အချင်းချင်း အုပ်စုဖွဲ့၍ နေထိုင်ကြကုန်လတံ့။ ယုတ်မာသူ အချင်းချင်း ပေါင်းသင်း စည်းလုံးကုန်လတံ့။ ဆရာသမား လူကြီးမိဘတို့သည် ကောင်းစွာ အကျင့်ရှိလျက် ဆိုဆုံးမကြပါသော်လည်း တပည့်

သား မြေးတို့သည် အဆုံးအမကို မနာခံဘဲ သေ့လှန်ဖေါက်ပြား အယူတခြား ရှိကြကုန်လတံ့”။

ဤအကြောင်းနှင့် စပ်၍ ဗုဒ္ဓရှင်တော်မြတ်သည် ဤသို့ မိန့်တော်မူဘူး၏၊ “ရဟန်းတို့ သတ္တဝါ အပေါင်းတို့သည် ဓာတ်တူ သဘောတူ အားဖြင့်သာ၊ အတူတကွ ပေါင်းဆုံကြကုန်၏။ ညီညွတ် နှီးနှောကြကုန်၏၊ ယုတ်မာသော နှလုံးသွင်း ရှိကြကုန်သော ပုဂ္ဂိုလ်သတ္တဝါတို့သည် ယုတ်မာသော နှလုံးသွင်း ရှိကြကုန်သူတို့နှင့် အတူတကွ ပေါင်းသင်းကြကုန်၏ ညီညွတ်ကြကုန်၏။ (ဓါတုသံယုတ် ပါဠိတော်)

ဤစကားသည်မှန်၏ သူတော်ကောင်း သူတော်ကောင်းချင်းသာ ပေါင်းသည်။ သူယုတ်မာလည်း သူယုတ်မာချင်းသာ ပေါင်းသင်းသည်။ (တနည်း)မိမိတို့နှင့် သဘော စိတ်, ဆန္ဒ, ဝါသနာတူရာ အချင်းချင်း (သို့မဟုတ်) အကျိုးစီးပွါးတူရာ အချင်းချင်းသာ ပေါင်းသင်းဆက်ဆံကြမြဲ ဓမ္မတာပင်ဖြစ်သည်။ မိမိနှင့် သဘောစရိုက် မတူသူကိုကား အဘယ်မှာ ပေါင်းသင်းရနိုင် ပါမည်နည်း။

ဖုဿ ရဟန္တာ အရှင်မြတ်ကြီးသည် အနာဂတံသ ဉာဏ်တော်ဖြင့် ကြည့်ရှုဆင်ခြင်တော် မူပြီးလျှင် ဤသို့ဆက်လက် မိန့်ကြားတော် မူပြန်သည်။

## သာသနာတော်နှစ် ၂၃၆-ခုနှစ်

ဗုဒ္ဓရှင်တော်မြတ် ပရိနိဗ္ဗာန် စံယူတော် မူပြီး၍ သာသနာတော်နှစ် ၂၃၆-ခုနှစ်သို့ ရောက်သော ကာလ၌(ဝါ)စတုပါရိသုဒ္ဓိသီလ ပြည့်စုံမှု အားနည်းလာသော ကာလ၌ များစွာကုန်သော ရဟန်းတို့သည် (တနည်း) ရဟန်းရှင်လူ တို့သည် အမျက်ဒေါသ များကုန်လျက် ရန်ငြိုးဖွဲ့ကြ ကုန်လတံ့။ သူ့ကျေးဇူးကို ကျိတ်ချေလျက် အလွန်လျှင် မာန်ထောင်ကုန်လတံ့။ အကျင့်သီလ မရှိဘဲလျက် အကျင့်သီလ ရှိလေဟန် သဘောဖြင့် စဉ်းလဲခြင်း ရှိကုန်လတံ့။ အချင်းချင်းလည်း ပြင်းထန်စွာ ဆန့်ကျင် ငြင်းခုံကြလတံ့။ ခိုက်ရန်ပွါးကြကုန်လတံ့။

ဤတွင် "သာသနာတော်နှစ် ၂၃၆-ခုနှစ်" ဟူသော စကားသည် ထေရ အဋ္ဌကထာ၌ လာသော ကေစိဝါဒ, အပရေဝါဒ, အဋ္ဌကထာဝါဒ တို့၏ အနက်များပင် ဖြစ်သည်။

## သူတော်ကောင်းတရား မလေးစား

အလွန် သိမ်မွေ့နက်နဲသော တရားတော်၌ မတတ်သိကုန်ဘဲလျက် တတ်သိ ဟန်ဆောင်ကုန်လတံ့။ သူတော်ကောင်းတရားတော်မြတ်၏ ဤမှာဘက်ကမ်းသဖွယ် ဖြစ်သော မသူတော် တရားလျှင် အာရုံရှိကုန်သည် ဖြစ်လတံ့။ ဂွမ်းဝါကဲ့သို့ ပေါ့သွမ်းသော မူယာသွင်ပြင် ရှိကုန်လာတံ့။ အချင်း

ချင်း၌လည်း ရှိသေခြင်း ကင်းကုန်လတံ့။ သူတော်ကောင်း တရား၌လည်း လေးစားမှု လျော့ပါး ကုန်လတံ့။

ဤတွင် "သူတော်ကောင်းတရား" ဟူသော စကားသည် ပိဋကတ်စာပေ ကျမ်းဂန် ဟူသော ပရိယတ္တိတရား၊ သီလ, သမာဓိ, ပညာတို့၏ အကျင့်ဟူသော ပဋိပတ္တိတရား မဂ်ဉာဏ် ဖိုလ်ဉာဏ် ဟူသော ပဋိဝေဓတရား အပေါင်းကို သူတော် ကောင်းတရားဟူ၍ ဆိုလိုရင်းပင် ဖြစ်သည်။

## ဘုရားဝါဒ ဖျက်ဆီးကြခြင်း

သတ္တဝါတို့သည် အနာဂတ်ကာလ၌ အန္တရာယ်များစွာကို ရင်ဆိုင် ရကုန်လတံ့။ ဘုရားရှင်သည် အစ, အလယ်,အဆုံး သုံးပါးလုံး ကောင်းခြင်း လက္ခဏာနှင့် ပြည့်စုံသည့် ပိဋကတ် ဟူသော ဒေသနာတော်ကို ထားတော်မူခဲ့၏။ ပညာမဲ့သော မိုက်သော သူတို့သည် ထိုပရိယတ် တရားတော်မြတ်ကို ညစ် ညူးပျက်စီးအောင် ဖျက်ဆီးခြင်း အမှုကို ပြုကြကုန်လတံ့။

မှန်၏၊ **အနာဂတ်ကာလ၌** ရဟန်းတို့သည် အာပတ်သင့် သည်ကို မသင့်ဟု ပြုလုပ်ကြခြင်း၊ အလေးပြုအပ်သော ဂရုက အာပတ်ကို ပေါ့သော လဟုက အာပတ်ဟု ပြုလုပ်ကြခြင်း စသော မကောင်းသောအပြုအမူတို့ဖြင့် ဘုရားရှင် ထားတော် မူခဲ့သော ဝိနည်းတရားတော်မြတ်ကို ညစ်ညူးစေလျက် ဖျက် ဆီးကြကုန်၏။ ကွယ်ပစေကြကုန်၏။ မှန်ကန်သော ရုပ်ဓမ္မ နာမ်ဓမ္မ တို့၌လည်း မှားယွင်းစွာ စွဲယူကြကုန်၏၊ အယူလည်း

ဖေါက်ပြန်ကြကုန်၏။ ဤသို့လျှင် သုတ် ဝိနည်း အဘိဓမ္မာ တို့၌ ညစ်ညူးစေလျက် ဖျက်ဆီးကြ ကုန်၏။ ကွယ်ပစေကြ ကုန်၏။

## အစည်းအဝေးဝယ် လူညစ်ကျယ်

သံဃာ အစည်းအဝေး၌ စကားပြောဆိုကြ ကုန်သည်ရှိသော် ကြောက်ရွံ့ခြင်း ကင်းသဖြင့် ကြမ်းကြုတ်စွာ ပြောဆိုတတ်ကြကုန်၏။ ပရိယတ် စာပေကျမ်းဂန်၌ မသင်မကြား မတတ်မြောက် ကုန်သော အကျင့်သီလ ချွတ်ယွင်းကြသည့် အလဇ္ဇီ, ဒုဿီ တို့သာ အချင်းချင်း စည်းရုံးကာ အင်အား များကြကုန်ပြီး၊ အကျင့်သီလ ပြည့်ဝသော လဇ္ဇီ, သီလဝန်သူ မွန်တို့ကား အင်အားမဲ့ကာ နေကြကုန်၏။ အလဇ္ဇီ, ဒုဿီလ ပုဂ္ဂိုလ်တို့ကို မယှဉ် ရင်မဆိုင်ဘဲ ဖဲရှောင်ခြင်းသာ ပြုကြရ ကုန်၏။

သံဃာ အစည်းအဝေးများ၌ လာဘ်ပူဇော်သက္ကာရကို လက်ခံကြကုန်၏။ မက်မောကြကုန်၏။ ကျော်စောမှု ထင်ရှားမှုတို့ကို တောင့်တကြကုန်၏။

တရားမဟုတ်သည်ကို တရားဟုတ်၏၊ ဝိနည်း မဟုတ်သည်ကို ဝိနည်းဟုတ်၏၊ ဤသို့အစရှိသည်ဖြင့် မိမိတို့ ဖြစ်စေချင်သောအနက်သဘောတို့ကို ဖြစ်စေကြကုန်၏။

## ရှင်းဦးအံ့

ဤလောက၌ ရေများရေနိုင် မီးများမီးနိုင် ဟူသော သဘောများ ရှိ၏။ ဆုတ်ကပ်အခါ ကာလ၌ လူအကုသိုလ်,

လူယုတ်မာ, လူပညာမဲ့များသာ များပြားကြ၏။ ထိုထို အစည်းအဝေးတို့၌လည်း လူယုတ်မာ ပညာမဲ့တို့သာ အား ကောင်းလျက် လူသူတော်ကောင်း လူပညာရှိကား အား နည်းပေကုန်၏။ လူမိုက်တို့ စကားသာ အရာရောက်လျက် ခေါင်းမော်ကြကုန်၏။ လူပညာရှိကား စကား ဆိတ်လျက် မျက်နှာ မကြည်မသာ ခေါင်းငုံ့လျက် နေကြရကုန်၏။ လူ သူတော်ကောင်း ပညာရှိတို့၏ စကားသည် လူမိုက်တို့၏ ကြားသို့ မထိုးဖောက်နိုင်ဘဲ ရှိကုန်၏။

အထက်တွင် ဆိုခဲ့သော စကားရပ်၌ "ဒုဿီ, ဒုဿီလ" ဟု သုံးခဲ့၏။ ထိုဒုဿီလဟူသော ပါဠိစကား၌ ဒုသဒ္ဒါသည် မရှိခြင်းဟူသော အဘာဝအနက်ကို ထွန်းပြ၏ဟု ဟော၏။ လူမှာလည်း လူအလျောက် ရှင်ရဟန်းတို့မှာလည်း ရှင်ရဟန်း တို့အလျောက် အကျင့်သီလ လုံးဝပျက်ပြားနေသူကို ဆိုလို၏။

အလဇ္ဇီ၌လည်း အ သဒ္ဒါသည် တပါးဟူသော အနက်၊ ဆိတ်ခြင်းဟူသော အနက်၊ ဆန့်ကျင်ဘက်ဟူသော အနက်၊ ကင်းခြင်း ဟူသောအနက် လေးမျိုး၌ ဖြစ်၏။ ဤတွင် မကောင်းမှု ပြုရမှာရှက်ကြောက်သော လဇ္ဇီသူမှန်အဖြစ်မှ တပါး မရှက်မကြောက်သော အကုသိုလ် ပြုရဲသူ အလဇ္ဇီ ပုဂ္ဂိုလ်အဖြစ်ကို ညွှန်းပြထား၏။

## ရွှေ, ငွေ, မွေးမြူရေး

အနာဂတ်ကာလ၌ ရဟန်းတို့သည် ရွှေကိုလည်းကောင်း, ငွေကိုလည်းကောင်း, လယ်ကိုလည်းကောင်း, ယာကိုလည်း

ကောင်း သိုးဆိတ်စသော တိရစ္ဆာန်တို့ကို လည်းကောင်း ကျွန်မ, ကျွန်ယောကျ်ားတို့ကို လည်းကောင်း သာယာကြကုန်လတံ့။ အပ်မအပ်ကိုမသိ ပြုမိပြုရာ ပြုတတ်ကြကုန်လတံ့။ ပညာမဲ့သော ရဟန်းတို့သည် မိမိတို့၏ အကျိုးစီးပွါးအလို့ငှါ လက်ခံမွေးမြူ သာယာကြကုန်လတံ့။

## လူမိုက်လုပ်ထုံး ကိုယ်ကျိုးသုံး

ကိုယ်, နှုတ်, နှလုံး မစောင့်သုံးကုန်သော ရဟန်းဆိုးတို့သည် တပါးသော ရဟန်းတို့အပေါ်၌အယုတ်ပြုလျက်ရှုတတ်သော စိတ်ရှိကြကုန်၏။ သီလလေးပါးတို့၌လည်း စင်ကြယ်စွာမတည်ကြည်ကြကုန်။ ထောင်လွှားသော မော်ကြွားသော မာန ရှိကြကုန်၏။ ငြင်းခုံမှု အဓိကရဏ်းတို့၌ စုရုံးကာ ပျော်မွေ့ခြင်း ရှိကြကုန်လျက် အရပ်ရှစ်မျက်နှာတို့သို့ လှည့်လည်သွားလည်ကြကုန်လတံ့။

## ရှင်းဦးအုံ့

အကျင့်သီလမှ ယွင်းချွတ်လျက် မစောင့်စည်းသော ကိုယ်နှုတ် နှလုံး ရှိကြကုန်သော မာန် မာန ဒေါသကြီးမားသည့် ရဟန်းဆိုးတို့သည် ခွေး, ဝက်ဝံ, သစ်, ကျားစသော တိရစ္ဆာန်တို့ကဲ့သို့ အတ္တဟိတ ကိုယ်ကျိုးကိုသာ ငဲ့ကွက်ခြင်းရှိကြကုန်လျက် အသက်မွေးကြကုန်၏။ အားရှိအားမဲ့ နှိပ်စက်ညှင်းပန်းလျက် ဗာလလက္ခဏာ ပြီသစွာဖြင့် မော်ကြွားလှည့်လည် တတ်သောသဘော ရှိကုန်လတံ့။

## ဗာလလက္ခဏာ

ဗာလလက္ခဏာ ဟူသည်ကား (၁) မကောင်းသော အကြံကို ကြံစည်ခြင်း (၂) မကောင်းသော အပြောအဆိုကို ပြောဆိုခြင်း (၃) မကောင်းသော အမှုကိုသာ ပြုခြင်းဟူ၍ သုံးပါးအပြားရှိ၏။ ဤလက္ခဏာ သုံးပါးဖြင့် လူမိုက်၏ အဖြစ်ကို သိရာ၏။

## မာနခက်ထန် ကျွန္ဒွားဟန်

ပြာပုံခဲကျ ထောင်းထောင်းထသို့ ခဏမတည် မခိုင်ကြည်သော စိတ်ရှိကြကုန်သည်ဖြစ်၍ မလျော်မအပ် ဆိုးရည်ထပ်သက်န်းကို ဝတ်ရုံကုန်လျက်စျာန်မဂ်ဖိုလ် ရပြီးသဖွယ် ရောရီးရောရာ ပြောဆိုခြင်းစသော "ကုဟနဝတ္ထု" လှည့်ပတ်မှုဖြင့် ကြည်ညိုအောင် ပြုကြကုန်သည်ဖြစ်၍ သွားလာစားသောက်နေထိုင်ကြကုန် လတံ့။ ပစ္စည်းလာဘ်တို့ကို ရရှိနိုင်စေရန်အတွက် လူတို့အား ညှာတာ, ချီးမြှောက်, ခြိမ်းခြောက်, မောင်းမဲ, ဆဲရေးရှုံ့ချ ပြောဆိုခြင်း စသည်ဖြင့် ပြောဆိုကြကုန်၍လည်း သွားလာစားသောက် နေထိုင်ကြ ကုန်လတံ့။ ကျွန္ဒွားကိုယ်၌ ဦးချိုပမာ ထင်ရှားသော ကိလေသာမှု ဟန်ယူပြုလုပ်ကုန်သည် ဖြစ်၍ သွားလာ စားသောက်ကြကုန်လတံ့။

## ရှင်းဦးအံ့

သက်န်းစသော ပစ္စည်းလေးပါးဖြင့် ဘိတ်ကြွားအပ်သည်ရှိသော် (၁)ပစ္စယပဋိသေဝနဝတ္ထု- အလိုရှိလျက် အလို

နည်းဟန်ဆောင်ကာ ပယ်ရှားခြင်း (၂)သာမန္တဇပ္ပနကုဟန–ဝတ္ထု– ပါပိစ္ဆာ အလိုဆိုးဖြင့် ချာန်မဂ်ဖိုလ် စကားတို့ကို ဝါကြွား ပလွှားပြောဆိုခြင်းနှင့် (၃)ဣရိယာပထ သန္နိဿိတ–ကုဟနဝတ္ထု– လျှောင်းထိုင် ထ သွား လေးပါးသော ဣရိယာပုထ်ဖြင့် အံ့ဩဘွယ်ကို ဖြစ်စေခြင်းဟူ၍ ကုဟနဝတ္ထုသုံးပါး ရှိလေသည်။

## တန်းဆာဆင်ထ, တကြွကြွ

ရဟန်းတို့သည် ကိုယ်၌ တန်းဆာဆင်ခြင်း ပရိက္ခရာ၌ တန်းဆာဆင်ခြင်းစသော လျှပ်ပေါ်သော အမူအကျင့်တို့နှင့် ယှဉ်ကြကုန်၏။ နှံ့သာလိမ်းခြင်း အပြေအပြစ်ပြုခြင်း ခြယ်သခြင်းပြုကြကုန်လတံ့။ ကြော့ကြော့ ကြော့ကြော့ တမော့မော့ ဖြော့တော့ဝါအောင် ဆင်စွယ်ရောင်ဆိုး လုပသော သင်္ကန်းမျိုးတို့ဖြင့် ဝတ်ရုံကုန်သည်ဖြစ်၍ မြို့လမ်းခရီးပြ လမ်းမကြီးတို့၌ လှည့်လည် သွားလာကြကုန်လတံ့။ ။

## ရှင်းဦးအံ့

လူဝတ်ကြောင်၏ အဆင်းကို နှစ်သက်ကုန်သော ရဟန်းတို့သည် လူတို့၏ အဝတ်တန်းဆာကို အချင်းခပ်သိမ်း ဝတ်ရုံပါက ရဟန်းအသွင်ကိုစွန့်လွှတ် ဖျော့တော့ဝါအောင် ဆင်စွယ်ရောင်ဆိုးသော အဝတ်သင်္ကန်းတို့ကို ဝတ်ရုံကြကုန်လတံ့သာတည်း။

ရဟန်းတော်တို့အား အပ်သောဆိုးရည်ဖြင့် ကောင်းစွာ ဆိုးအပ်သော သင်္ကန်းမျိုးသည် ဘုရား ရဟန္တာ အရိယာ အရှင်မြတ်တို့၏ ဆင်မြန်းဝတ်ရုံတော်မူအပ်သော အဝတ်ဖြစ်၏၊ ထို ဘုရား ရဟန္တာ အရိယာအရှင်မြတ်တို့၏ အာသဝေါကင်းပြတ် အရိယာဇာတ်ကို ထင်စွာပြကြောင်း ဖြစ်သော ကြောင့် အရဟတ္တဖိုလ်၏ တမ်းခွန်အလံဟု ခေါ်ဆိုအပ်၏။

—ထိုကြောင့် ကိုးခန်းပျို့ (၂၀)၌

"အရဟတ္တဓဇ၊ ကာသာဝဟု၊ နာမအာနွတ်၊ ဝစနတ်နှင့်၊ လျောက်ပတ်ညီစွာ၊ ရဟန္တာ၏၊ ဝိရာဂတ္တာ၊ ကာသာဝကို၊ ဘောပြရိပ်ခြည်၊ တမ်းခွန်မည်သား၊ ဖန်ရည်ဆိုးစွန်း၊ သက်တင်ရန်းသို့၊ သင်္ကန်းနီစွတ်၊ ထဲနှိုးဝတ်၍၊ လတ်လတ်ပေါ်ရုံ၊ လျှော်တေခြုံလျက်။"

ဟု ရှင်မဟာရဋ္ဌသာရဆရာတော် စပ်ဆိုတော်မူခဲ့သည်။

၎င်းလင်္ကာ၌ "သက်တင်ရန်းသို့၊ သင်္ကန်းနီစွတ်" ဟု ဥပမာ လင်္ကာနှင့်တကွ တိကျစွာ မိန့်တော်မူသောကြောင့် ရဟန်းတို့၏ အဝတ်သင်္ကန်းဆိုရာမှာ ဝါလွင့်မဟုတ်ဘဲ နီလွင် နီမြန်းအောင် ဆိုးရည်ဆိုးရသတည်း။ အလွန်လည်း မနီစေသင့် သက်တင်အဆင်းကဲ့သို့ ဆိုးရာသည်။ ယခုကာလ အချို့သော ရဟန်းများ ဝတ်ရုံကြသည့်နီညိုရောင် သင်္ကန်းအဆင်း များသည် သင့်မြတ် တင့်တယ်သော အရောင်ပင် ဖြစ်၏။ သို့သော် မဲနက်သောအဆင်းသို့ ရောက်မူကား အမြင်မတော်

လှ။ သာသနာပ ဝတ်ရုံသူတို့၏ အဆင်းနှင့် ရောထွေးတတ်သည်ကို သတိမူအပ်၏။

## အရဟတ္တဓဇမှန်, ဆင်ခြင်ရန်

ဘုရားရှင်၏ သာသနာတော် အဆင်း အရောင်ကို မငဲ့ကွက်ကုန်သော ရဟန်းတို့သည် ဖြူနီ ကြောင်ကျားသော အဆင်းကို နှစ်သက်ခြင်း ရှိကြကုန်၏။ ထို့ကြောင့်....

> "လူတို့၏ အဝတ်ကြောင်ကို နှစ်သက်ခြင်း တွယ်တာ မက်မောခြင်း ရှိကြကုန်သော ရဟန်းတို့သည် ဘုရား အရိယာတို့၏ အရဟတ္တဖိုလ်၏ တမ်းခွန်သဖွယ်ဖြစ်သော ကောင်းစွာ ဆိုးရည်ဖြင့် ဆိုးအပ်သော သင်္ကန်းကို မလေးမစား မခင်တွယ်ဘဲ ရှိကြကုန်လတံ့။"

ဟု ဖုဿရဟန္တာမထေရ်မြတ်က အနာဂတ်စကားတော်ကို ထားတော်မူခဲ့၏။ ထို့ကြောင့် အရဟတ္တဓဇ ကာသာဝကို ပစ္စဝေက္ခဏာတင်လျက် လေးမြတ်စွာ ဆင်ခြင် ဝတ်ရုံ သင့်လှပေ၏။

## တရားမငဲ့, ဝမ်းသာငဲ့

အနာဂတ် ကာလ၌ ရဟန်း တို့သည် ဆွမ်း သင်္ကန်း ကျောင်း ဆေး ဟူသော လေးပါးသော ပစ္စည်းတို့ကို လွန်စွာ စုံမက်နှစ်သက်ခြင်း ရှိကြကုန်လတံ့။

ဆွမ်းခံဝတ်ကို ပယ်ဖျက်ခြင်း, တရားအားထုတ်မှု ကင်းခြင်း အရည်ကင် တောနေအကျင့်ကို မြတ်နိုးမှုမရှိခြင်း စိတ်မဝင်စားခြင်း၊ ရွာနီး ရွာပါး, ရွာတံခါးဝယ် ရွာသားငယ် ပြွမ်းသော ပျော်မွေ့ဘွယ် ကောင်းသော နေရာတို့၌ ဝမ်းဝကြောင်းကို ငဲ့စောင်းကာ နေထိုင်ကြကုန်လတံ့။

## အကျင့်ပျက်ကာ စီးပွားရှာ

အနာဂတ်ကာလ၌ ရဟန်းတို့သည် မှားယွင်းစွာ အသက်မွေးခြင်းတို့ဖြင့်သော ဆွမ်း, သင်္ကန်း, ကျောင်း, ဆေးဟူကုန်သော ပစ္စည်းလေးပါးတို့ကို ရယူကုန်လတံ့။

ထိုအသက်မွေးမှု ပျက်ယွင်းသော ရဟန်းဆိုးတို့၏ အမူအကျင့်တို့ကို အတုယူမှားကြကုန်လတံ့။ သီလမစောင့်သော ရဟန်းတို့သည် မင်းစိုးရာဇာ ဂုဏ်ဝါ ရှိသော အိမ်များသို့ လှည့်လည်ဝင်ထွက်ကုန်လတံ့။

ရဟန်းတို့သည် ကုလဒူသန, အနေသန စသောအားဖြင့် မှားယွင်းစွာ အသက် မွေးကြကုန်လတံ့။ အသက် မွေးမှု၌ အကျင့်သီလမငဲ့ ပြုကျင့်နေထိုင်ရဟန်းတို့၏ အမူအကျင့်ကို ယူ၍ပစ္စည်းလာဘ်လာဘ များပြား ကြီးပွားလိုသောကြောင့် မိစ္ဆာဇီဝဖြင့် အကျင့် အယူ အတု အမူ ဖေါက်ပြားကြကုန်လတံ့။ မင်းစိုးရာဇာ ဂုဏ်ဝါရှိသော အိမ်များသို့ ချဉ်းကပ်လှည့်လည်ကြကုန်လတံ့။

## ပစ္စည်းမဲ့ဘုန်း လူရှင်မသုံးချင်

အနာဂတ်ကာလ၌ ဝိနည်း သိက္ခာနှင့် အကျင့်ကောင်းသော လဇ္ဇီရဟန်းနှင့် ပရိယတ်, ပဋိပတ်ပညာတတ် ရဟန်းတို့သည် ပစ္စည်းလေးပါး မရှိကြကုန်ဘဲ ဆင်းရဲစွာသာ သာသနာဝန်ကိုထမ်းဆောင်ရကုန်လတံ့။ ထိုသို့ပစ္စည်း (ကျောင်းကန် နေရာထိုင်ခင်း စသည်) ချို့တဲ့သော ရဟန်းကောင်းတို့ကို မြတ်နိုးကော်ရော်ခြင်း ကင်းကုန်လတံ့။ တည်ကြည်သော သမာဓိနှင့်ပြည့်ဝသော သီလကို ချစ်ခင်လေးစား ကုန်သော ရဟန်းကောင်းတို့ထံသို့လည်း ရှင်လူတို့သည် မချဉ်းကပ်ဘဲ ရှိကြကုန်လတံ့။

အကျင့် မှောက်မှား မိစ္ဆာဇီဝတရားနှင့် လာဘ်များအောင်သာ အားထုတ်နေကြသော ရဟန်းအလဇ္ဇီတို့ကိုသာ ရှင်လူတို့က အထင်ကြီးကုန်လတံ့။ ရဟန်းကောင်း ရဟန်းမြတ် ရဟန်းတတ်ကြီးများဟု ထင်မှတ်ကြကုန်လတံ့။ ဝမ်းမြောက် ကော်ရော် ချီးကျူး ပူဇော်ကြကုန်လတံ့။

ဤသို့ ဟုတ်မှန်သော သဘောကိုသိသော လူရှင်တို့သည်သာ အတုအပကိုပယ်၍ အစစ်ကို ကိုးရာကွယ်ရာ ဖြစ်ကြပေမည်။ အများစု သာသနာတော် အဆုံးအမ အသိပညာ ခေါင်းပါးသူ ရှင်လူတို့မှာကား တွယ်မိတွယ်ရာ တွယ်တတ်ကြ၏။ ခိုမိခိုရာခိုတတ်ကြ၏။ မလွဲမကင်းသာသဖြင့်လည်း ကိုးကွယ်နေရတတ်၏။

ထိုသို့ကိုးကွယ်မှုသည် မမြတ်။ သတိကြပ်။ အောက်ရပ် အပါယ်သို့ပင် ကျဆင်းနိုင်သည်။ သံသရာညွန့်ဝယ် ကျွန်တွင်း နစ် ဖြစ်ချိန်ကြာတတ်သည်။ ဆရာအကိုးကွယ် မှားလျင် တသံသရာလုံး မှောက်တတ်ကြောင်းလည်း ဆင်ခြင် ယူသင့် သည်။ ကလျာဏမိတ္တနှင့် ယထာဘူတ ဆရာကောင်း သူမွန် သီလဝန်တို့သည် အဖိုးမပြတ်နိုင်သော သံသရာခရီးသည်၏ အားဆေးများပင် ဖြစ်တော့သည်။

## ကာသာဝအဆင်း မှားယူနှစ်သက်ခြင်း

အနာဂတ်ကာလ၌ အချို့ကုန်သော ရဟန်း တို့သည် ညောင်ကြပ်ဆိုးရည်ဖြင့် ဆိုးအပ်သော မိမိတို့၏ သာသနာ တံခွန်အောင်လံသင်္ကန်းကို ကွဲရှဲရှုံ့ချခြင်း စက်ဆုပ် ရွံရှာ ခြင်းတို့ကို ပြုကြကုန်လတံ့။ သာသနာပ အယူဝါဒရှိသော တိတ္ထိတို့၏ အလံတံခွန်အဝတ်ဖြူကို ဝတ်ဆောင်ကြကုန်လတံ့။ အဝတ်မဲ, အဝတ်နက်, အဝတ်အကြောင်အကျားတို့ကို နှစ် သက် သုံးဆောင်ကြကုန်လတံ့။

## ပစ္စဝေက္ခဏာပင် မဆင်ခြင်

အနာဂတ်ကာလ၌ ရဟန်းတို့၏ အရိယာတံခွန် သင်္ကန်း မှန်၌ ရိုသေမြတ်နိုးခြင်း မရှိကြကုန်လတံ့။ အရိယာတံခွန် သင်္ကန်းမှန်ကို သုံးဆောင်ဝတ်ရုံခြင်း၌ သတိပညာ ဆင်ခြင်ရာ ဖြစ်သော ပစ္စဝေက္ခဏာမျှလည်း မဖြစ်လတံ့။ မဆင်ခြင်ဘဲ သုံးဆောင်ကြကုန်လတံ့တည်း။

# ရှေးဟောင်း သောနုတ္တိုရ်

အနာဂတ်ကာလ၌ အချို့ကုန်သော ရဟန်းတို့သည် သာသနာ့ တံခွန် သက်န်းမှန်၌ ရိုသေလေးစားမှု မရှိကြ ကုန်သော ကြောင့် ထိုသဘောတို့ကို တားဆီးစေခြင်းငှါ ဖုသာထေရ် ရဟန္တာအရှင်မြတ်သည် ဆန္ဒန္တဇာတ်တော်လာ ဥဒါဟရဏ် ထုတ်ဆောင် ပမာပြ၍ ဆုံးမတော်မူခဲ့၏။

ဆိပ်လူးသောမြှားဖြင့် သောနုတ္တိုရ်သည် ပစ်ဖေါက်အပ် သော မြှားဒဏ်ချက်ဝေဒနာရှိသော အလောင်းတော် ဆဒ္ဒန် ဆင်မင်းသည် သာမန်လူတို့၌ ဖြစ်နိုင်ခဲသော သတိ, ပညာ ဆင်ခြင်ဉာဏ်သည် ဖြစ်ခဲ့ဘူးလေပြီဟု သာဓကကို ဆောင်ပြ တော်မူ၏။

မှန်၏။ သောနုတ္တိုရ်မုဆိုးသည် အလောင်းတော် ဆဒ္ဒန် ဆင်မင်းကို မြှားနှင့်ခွင်း၏။ အလောင်းတော် ဆင်မင်းကြီး လည်း မြှားလာရာကို တပ်အပ်သေချာသိ၍ မြေကိုခွါဖြင့်ရှပ် သော်သကောင့်သားမုဆိုးကို တွေ့ရ၏။ ထိုအခါ သောနုတ္တိုရ် မုဆိုးသည် အရဟတ္တဓဇသင်္ကန်းတော်ကို ကာဗာခုတုံး လုပ် လိုက်၏။ အလောင်းတော်လည်း သင်္ကန်းကို မြင်သဖြင့် ထွက်လာသောဒေါသ အနည်းငယ်ပ၍သွားသည်။

ဤသို့ဖြစ်ရှိဟန်ကို ရတနာပုံ မြို့တည်နန်းတည် မင်းတုန်း မင်း တရားကြီးလက်ထက် ပညာရှိစာဆိုတော် စလေဦးပုညက

ရှင်း၏ ဆဒ္ဒန်ဆင်မင်းဝတ္ထု၌ အောက်ပါအတိုင်း ဖွဲ့နွဲ့ထား ခဲ့၏။

ဆင်မင်းဖျားလည်း၊ ဤမြွားပစ်ချက်၊ အထက် ရွှေနောက်၊ တောင်မြောက်ဝဲယာ၊ လာဘွယ်မရှိ၊ အောက်ကဟုသိလေ၍၊ ဘူမိမြေရပ် ခွါတော်နှင့် ရှပ်သည်တွင်၊ ပျဉ်ချပ်ကျိုး၍ မုဆိုးငုတ်တုတ် ပေါ် လေ၏။

ထိုအခိုက်၌၊ ယမ်းတိုက်မီးစ၊ ထိပါးကြသကဲ့သို့၊ ဒေါသပဋိဃတ် ခြောင်းခြောင်းလွတ်၍၊ သတ်တော့ မည်အပြုနှင့်၊ မုဆိုး၏ဦးခေါင်းကို နှာမောင်းဖြင့် ဆွဲတော်မူ၏။ ထိုအခါ၊ တံငါလူလှ၊ အကြံရထည့် ၍၊ ကိုယ်ကသင်္ကန်းကိုခွါပြီးလျှင် နှာမောင်းတော် အထက်၌ ခေါက်လျက်တင်လိုက်လေသတည်း။

ဆဒ္ဒန်ဆင်ကောင်း ဘုရားလောင်းလည်း မောင်း မောင်းနီလွင် သင်္ကန်းကို မြင်တည့်လျှင် လေးသခေ်ျ နှင့် ကမ္ဘာတသိန်းပတ်လုံး၊ ဆယ်ပါရမီ၊ စာဂီပဥ္စ၊ စရိယာသုံးဆင့်၊ ဆည်းပူးကျင့်၍၊ ပွင့်အံ့တျားတျား ဖြစ်ရကား၊ ပွါးမိသောအမျက်ကို၊ ချက်ခြင်းငြိမ်း စေ၍၊ ဤဖန်ရည်သင်္ကန်းကား၊ ရဟန်းပရမတ်၊ ဝဋ္ဋ ကင်းလွတ်သော၊ အရဟတ္တဖိုလ်၏တန်ခွန် မြတ်မွန် လှပေ၏တကား၊ ဤအဝတ်ကို၊ ယွင်းချွတ်ထိခိုက်၊

မမှားထိုက်ပေ၊ ရှိသေမြတ်နိုး ရှိခိုးပူဇော် ထိုက်ပေသည်၊ ငါ့ရန်သူကို ငါသတ်လိုလည်း၊ ထိုသူယုတ်၌၊ အမြတ်ခေါင်ထွတ်၊ သက်နှန်းမြတ်ကို၊ ဝတ်လျှက်ရှိပါချေသည်။

"ဘုရား လိုက်ခေါင်း၊ အောင်း၍ မာန်သွေး၊ ဟောင်သည့်ခွေးကို၊ အရေးပြုငှါ၊ ခွင့်မသာသကဲ့သို့၊ ထိုသူယုတ်အား၊ သတ်မိငြားသော်၊ တရားဂိုဏ်း မလွတ်ရာချေ" ဟု ရွေနှလုံးထား၊ ဘုရားတဆူ၊ မြတ်ထွတ်တော်မူလှ၍ ရန်သူမှန်လျက်၊ မုဆိုးပျက်အား၊ အသက်ကို ချမ်းသာပေးတော်မူလေသည်။

(စလေဦးပုည၏အပိုဒ် ၁၄ ဆဒ္ဒန်ဆင်မင်းဝတ္ထု)

---

# ခေတ်သစ်သောနတ္ထိုက်ရှ

ဆဒ္ဒန်ဆင်မင်း၏ဇာတ်တော်လာရှေးဟောင်းသောနတ္ထိုက်ရှ ပမာအလား ယနေ့သာသနာတော်နောက်ပိုင်းကာလ၌လည်း ခေတ်သစ်သောနတ္ထိုက်ရှများလည်းရှိလာသည်၊များသည်တော့ မဟုတ် လက်တဆုပ်စာ စုံးပြူးခြင်းမျှသာ ရှိသည်၊ ဖြစ်ရှိ ရောနှောခြင်းမျှသာ ရပ်တည်ကြသည်။

မှန်၏၊ လူတို့သည် များသောအားဖြင့် အတ္တသမားများသာဖြစ်ကြ၏။ ကိုယ်ကျိုးကိုသာငဲ့ကြ၏၊ အခွင့်ရရှိလစ်လျှင်လစ်သလောက် ညာဉ်ဆိုးနှင့် အကျင့်ဆိုးကို အသုံးပြုတတ်ကြ၏။ ဖြစ်နိုင်လျှင် ရခဲ့လျှင် ဘနဖူးကိုပင်သိုက်တူးချင်သူကသာများကြ၏။

ဤတွင် ညာဉ်ဆိုး အကျင့်ယုတ်ကို လူများမသိအောင်ဝှက်ကြရ၏၊ ဘီလူးအသွင်ကိုမပေါ်စေရန် မင်းသားခေါင်းစွပ်ကြရ၏။ ဟန်ဆောင်မှုများ, ဟိတ်ထုတ်မှုများ, မာယာသာဌေယျ များကို ပြုကြရ၏။ အတွင်းက နွားခြေးခံကိုအပေါ်ယံ ရွှေမှုန့်ကျဲကြ၏၊ခါးသီးသော အကျင့်ဆိုးအကျင့်ယုတ် အတ္တသရုပ်ကိုလည်း သကာလိမ်းကြ၏။ ဤသို့အဘယ့်ကြောင့် ပြုကြသနည်းဟူမူ အကျင့်ဆိုး အကျင့်ယုတ်ကိုလူအများသည် ရွံမုန်းသောကြောင့်ပင်ဖြစ်သည်။

ထို့ကြောင့် လူအများ မြင်ကြားသိရှိပါလျှင် ကြည်ညိုနှစ်သက်ဖွယ်သောအရေကိုလွှမ်းခြုံကြတော့၏။ ထိုလူများကိုခေတ်သစ်သောနတ္ထိုရ်ဟု ခေါ်ဆိုအပ်၏။

လူမှုရေးတွင်ပါဝင်ဆောင်ရွက်၍ ကိုယ်ကျိုးကိုသာ ရှာဖွေသောသူသည် လူမှုရေးအရေကို လွှမ်းခြုံသော "လူမှုရေးသောနတ္ထိုရ်" မည်၏၊ နိုင်ငံတော်အရေးတွင် ပါဝင်ဆောင်ရွက်၍ ကိုယ်ကျိုးသာရှာဖွေသောသူသည် နိုင်ငံရေး အရေ

ခြုံသော "နိုင်ငံရေးသောနုတ္တိုရ်"မည်၏။ ထို့အတူဘာသာ ရေးတွင် ဘာသာဝင်(သာသနာ့ဝန်ထမ်းပုဂ္ဂိုလ်) သာသနာ့ ဘောင်သို့ဝင်ရောက်ဆောင်ရွက်သောအသွင်ဖြင့် "ကိုယ်ကျိုး သာ ရှာဖွေသူသည် ဘာသာရေးအရေကို လွှမ်းခြုံထားသော "ဘာသာရေးသောနုတ္တိုရ်"မည်၏။

ဤသောနုတ္တိုရ်လူအမျိုးအစားသည် မည်သူကိုမျှကောင်း ကျိုးမပေး ဆိုးမွေ ဆိုးကျိုးကိုသာ ပေးသောသူ ဖြစ်၏။ အကုသိုလ်ကောင်ဖြစ်၏၊ အဖွဲ့အစည်း အသင်း အပင်း၏ ခြကောင်လောက်ကောင်(တနည်း)ဂြိုဟ်ကောင်ပင်ဖြစ်သည်၊ ထို သောနုတ္တိုရ် ဆိုးကျိုးပေးသည့် ဂြိုဟ်မွှေကောင်သည် သူတပါးကိုသာ ဆိုးမွှေပေးသည်မဟုတ် မိမိကိုယ်တိုင်လည်း အကျိုးပေးမလှ ယုတ်နိမ့်သောဘဝသို့ ကျရောက်ရမြဲပင် ဖြစ်တော့၏။

အကြင် ပုဂ္ဂိုလ်သည် စတုပါရိသုဒ္ဓိ သီလလေးပါး၌ မကျိုးမပေါက် ထက်အောက် ပြည့်စုံ၏။ တပ်မက်မောမှု ကင်းကွာ၍ တည်ကြည်လှစွာသော စိတ်ထားရှိ၏၊ အလွန် ဖြူစင်သော စိတ်သဘောထား ရှိ၏၊ ဤသို့သော အကျင့် သီလနှင့် ပြည့်စုံသည်ဖြစ်၍ လွလွဖြူစင်သော စိတ်ကောင်း ယှဉ်စပ် နေသော သူတော်ကောင်း ပုဂ္ဂိုလ်သည်၊ စင်စစ် အမှန် ဖန်ရည်တပ်စွန်း ဝတ်သင်္ကန်းကို ဝတ်ရုံထိုက်ပေ၏။

## သက်န်းဝတ်ရုံထိုက် မထိုက်

အကြင်ပုဂ္ဂိုလ်အား ပြာပုံခဲကျ ထောင်းထောင်းထသို့ မခိုင်ကြည်သော စိတ်ရှိ၏။ စိတ်နေမိုမောက် ဖြိုးဖြိုးဆောက် လျက်မောက်မောက်မော်မော် ပွဲတိုင်းညှော်အောင်ထင် ပေါ်သော မာနရှိ၏၊ စတုပါရိသုဒ္ဓိ သီလလေးပါးမျှလည်း မရှိ။ ထိုသူအား လူတို့၏ ဖြူနီကြောင်ကျားသော အစတ်ကို ဝတ်ရုံထိုက်ပေ၏။

အရိယာ ပုဂ္ဂိုလ်တို့၏ တံခွန်အလံ အဝတ် သင်္ကန်းကို အမှန်စင်စစ် မဝတ်ရုံထိုက်။ ပန်းချီဆေးအုပ် သစ်သားရုပ်ကဲ့သို့ အတုလုပ်ရုံမျှသာ ဖြစ်၍ အသွင်တူကာမတ္တသာ ဖြစ်၏။ ဒုဿီလပုဂ္ဂိုလ်၏ ဦးပြည်းရိပ်လျက် သပိတ်သင်္ကန်း ဝတ်ရုံပုံတို့သည် ဤသို့သော သဘောနှင့် တူလှ၏ဟု အဋ္ဌကထာ ဆရာမြတ်၏ ဖွင့်ဆိုတော်မူ၏။

## သူတော်ကောင်းကို မကောင်းကြံ

အနာဂတ် ကာလ၌ ရဟန်းယောကျ်ားတို့ သည်လည်းကောင်း၊ ရဟန်းမိန်းမတို့ သည်လည်းကောင်း ရာဂ စသော ကိလေသာ စိတ်ရိုင်းသည် ဖျက်ဆီးအပ်သော စိတ်ရှိကြကုန်၏၊ ထို့ကြောင့် သီတင်းသုံးဖော် ငါးဦးတို့၌ ဂါရဝ ကင်းကုန်၍ ဆက်ဆံကြကုန်လတံ့။ (က) မေတ္တာဘာဝနာနှင့် ယှဉ်သော စိတ်ရှိခြင်း၊ (ခ) ခြောက်ပါးသော လောကီအာရုံ

ကာမဂုဏ်တို့ကြောင့် တုန်လှုပ်ခြင်း မရှိကုန်သော၊ (၇) ပကတိသော သည်းခံခြင်း ပကတိသော တာဒိဂုဏ်နှင့် ပြည့်စုံခြင်း ဤသို့စသော ဂုဏ်တို့နှင့် ပြည့်စုံသော ပညာရှိသူတော်ကောင်းတို့ကို ထိုရဟန်းဆိုးတို့က အရပ်အဝေးသို့ လွင့်စင် ထွက်ပြေးအောင် နှိပ်စက်ညှဉ်းပန်းကြ ကုန်လတ္တံ့။

အကျင့်ဆိုး ရှိကုန်သော အလဇ္ဇီရဟန်းတို့သည် အကျင့်ကောင်းသော လဇ္ဇီရဟန်း တို့ကို တွေ့မြင် ကုန်၍ ဝန်တိုကြကုန်လတ္တံ့။ အသို့ ဝန်တိုကြ သနည်း ဟူမူ "လူဒါယကာ ဒါယိကာမ တို့သည် ငါတို့ အပေါ်၌ နှိုက်ချွတ် လေ့လာကြသော် အကျင့်ပျက်သည်ကို သိရှိကြ၍ သဒ္ဓါမရှိ မထေမဲ့မြင် ပြုကြကုန်လတ္တံ့ အကြည်ညို ကင်းကုန်လတ္တံ့"။ ဤသို့ မိမိတို့၏ ရှေးရေး၌ လာဘ်လာဘ ဆုတ်ယုတ်မည်ကို မျှော်တွေးလျက် လဇ္ဇီရဟန်းကောင်းတို့ကို အရပ်တပါးတို့သို့ ပြေးသွားထွက်ခွါ ကြလေအောင် ဝန်တိုငြူစူကြ ကုန်လတ္တံ့ နှိပ်စက်ညှဉ်းပန်းကြကုန်လတ္တံ့။

(ကောသလ အိပ်မက်ခန်း၌ ဆိတ်တို့၏ ဘေးရန်ကြောင့် ကျားသစ်များ ထွက်ပြေးတိမ်းရှောင်သော ကိန်းမျိုးပင် ဖြစ်သည်။)

**မှတ်ချက်**။ ။ဤ ဥပမာ ဥပမေယျဖြင့်ထင်ဟပ်၍ပြအပ်သော စကားတို့တွင် "ဆဒ္ဒန်"ရေးထုံးနှင့်ပတ်သက်၍ ဤသို့ မှတ်သားသင့်သည်။ "ဆဒ္ဒန်"ဟူသော စကားသည်

"ဆဒ္ဒန္တ"ဟူသော ပါဠိစကားမှ ဆင်းသက်လာသော စကားဖြစ်သည်။ ဆဗ္ဗဏ္ဏရသ္မိယော ဒန္တေသု ယဿ သော ယန္တိ ဆဒ္ဒန္တော"ဟုဝိဂြိုဟ်ပြု။ 'ဆ'ပုဒ်၊ 'ဒန္တ' ပုဒ်၌ 'ဒ'အာဂုမ်လာ၍ ဆဒ္ဒန္တပုဒ် ပြီးသည်။

ဆသဒ္ဒါသည် ခြောက်ခုသင်္ချာကို အကြောင်းပဝတ္တနိမိတ် ပြု၍ခြောက်ခုသောအရောင်အလင်းကိုဟောသည်၊ထို့ကြောင့် "ဆဗ္ဗိသာဏန္တိ ဆဗ္ဗဏ္ဏဝိသာဏံ" ဟု အဋ္ဌကထာဆရာဖွင့် သတည်း။ အစွယ်တို့၌ အရောင်ခြောက်မျိုး ထွက်သော ဆင်မျိုးဟုဆိုလိုသည် (ဆ = ခြောက်ခုသောအရောင်+ဒန္တ- အစွယ်)

အကြင်သူသည် ရာဂ,ဒေါသ,မောဟ စသော ကိလေသာ ဖန်ရည် ကိုယ်တွင်း၌မကင်းပါဘဲလျက် စက္ခုစသော ဣန္ဒြေ ခြောက်ရပ်ကို စောင့်ကြပ်ဆုံးမခြင်းနှင့် မယှဉ်မစပ်ပါဘဲလျက် ဖန်ရည်စွန်းသော အဝတ်သင်္ကန်းကို ဝတ်ရုံသုံးဆောင်လတံ့။ ဤသို့သဘောရှိသော မသန့်ရှင်းသောသဘောရှိသော ပုဂ္ဂိုလ် သည် ဖန်ရည်ဆိုးသော အဝတ်သင်္ကန်းကို ဝတ်ရုံခြင်းငှါ မထိုက်တန်ပေကုန်။

အကြင်သူသည် မင်္ဂလေးတန်ဖြင့် တွေးအံ့ စွန့်ပယ်ပြီး သော ကိလေသာဖန်ရည်ရှိ၍ စတုပါရိသုဒ္ဓိသီလလေးပါး၌ စင်ကြယ် ကောင်းမြတ်စွာ ဆောက်တည်သည်ဖြစ်၍ မျက်စိ

စသော ဣန္ဒြေခြောက်ပါးတို့ကို စောင့်ကြပ် ဆုံးမခြင်းနှင့် ပြည့်စုံသည်ဖြစ်ရာ၏။ ထိုဂုဏ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် ဖန်ရည်ဆိုးသောအဝတ်ကိုဝတ်ရုံခြင်းငှါ ထိုက်တန်ပေကုန်၏။

အကြင်သူသည် ပျက်စီးသောကိုယ်ကျင့်သီလရှိ၏၊ သီလ လေးအင်္ဂါ၌ သုမ်သင်နိုင်ကြောင်း ကောင်းမြတ်သော သီလ, ကောင်းမြတ်သောပညာမှကင်း၏ သီလ, ပညာ ကင်းမဲ့သူဟူ ထင်ရှား၏။ သီလလေးချက် စောင့်စည်းခြင်း ကင်းပျက် သဖြင့် လောဘ, ဒေါသ, မောဟ စသော ကိလေသာမာရ် တရုံမဆိုင်း လိုတိုင်းနှိပ်စက် စိတ်ကိုဖျက်၏၊ ငါးဖြာအာရုံ ကာမဂုဏ်၌တွေ့ကြုံတိုင်းလိုက် ခွေးလောက်ကိုက်သို့သိုက်မြိုက် ခိုင်ကြည်၊ ရပ်မတည်ဘဲ၊ တလည်လည် လှည့်ပတ်ပြန့်လွင့် သောစိတ်ဓာတ်ရှိ၏။ ဖြူစင် သန့်ရှင်းသော ကုသိုလ်မရှိ၍ မကောင်းမှုပြုရမှာ ရှက်ကြောက်ခြင်းမရှိ။

ဤသို့ ဆိုအပ်ခဲ့ပြီးသော သဘောထားရှိသော ပုဂ္ဂိုလ် မျိုးသည် မြတ်သောဖန်ရည်စွန်းသောအဝတ်ကို ဝတ်ရုံခြင်းငှါ မထိုက်တန်ပေကုန်။

## ဆုံးမရန်ခက် ရဟန်းပျက်

အနာဂတ်ကာလ၌ မိုက်မဲကုန်၍ ဒုဿီလဟု ထင် ရှားကုန်သော ပရိယတ္တိပညာမှကင်းကုန်သော ရဟန်းဖျင်း ရဟန်းညံ့တို့သည် လေးစားအပ်သော ဂရုဂါရဝ ပြုအပ်သော

လစ္ဆဝီသူမှန် မဟာထေရ်ကြီးတို့၏ လောကဓမ္မ ကျိုးကြောင်း ပြလျက် ဆုံးမသောဩဝါဒတို့ကို မလိုက်နာ မခံယူဘဲ ရှိကြကုန်လတ့်။

## ဉာဏ်မျက်စိကန်း ဟော့ရမ်းကျင့်ကြံ

ကြွန်လက္ခဏာဆိုး သား,ရိုး,ဗွေပါ မကောင်းစွာသော မြင်းသည် ဆုံးမတတ်သော မြင်းဆရာကောင်း၏ လေ့ကျင့်ပေးမှုကို မခံယူသကဲ့သို့ အနာဂတ်ကာလ၌ ပညာမဲ့သွမ်း ခပ်ပေါ့ပေါ့ ရဟန်းဆိုးတို့သည် အချင်းချင်းကိုလည်း မရိုသေကြကုန်လတံ့။ ဆရာဥပဇ္ဈာယ်တို့သည် ဆိုဆုံးမပါကုန်လျက် ဆုံးမဆိုခက် မိုက်တွင်းနက်၍ အကျိုးအကြောင်း ဆိုးကောင်း မသိ ပညာမျက်စိမရှိ ဘက်စုံကန်းသည့်နှယ် ဟော့ရမ်းစွာ ကျင့်ကြံနေထိုင်ခြင်း ရှိကြကုန်လတံ့။

ပညာရှိတို့၏ စကားမည်သည်-

၁။ ဝန်ခံစကား

၂။ ပုံစံပြစကား

၃။ နှိုးနှော့ခြင်း စပ်ဟပ်ခြင်း၊ ဥပမာစကား

၄။ ခိုင်မာသော အကြောင်းအရာစကား

၅။ နိဂုံးချုပ် အပြီးသတ်စကားဟူ၍ စကားအရာ အင်္ဂါငါးပါးနှင့် ပြည့်စုံကြမြဲ ဖြစ်လေသည်။ ထို့ကြောင့် စဆုံးသိမ်းအုပ် အကျဉ်းချုပ်၍ နိဂုံးအုပ်ရပါမူ၊ အလုံးစုံ ပြဆိုလာပြီးသော စကားအစဉ်ဖြင့် နောင်အခါ ဖြစ်ရှိလတ့်သော သာ

သနာတော် အနာဂတ်ကာလ၌ (တနည်း) သုတယုဂ, သီလယုဂ ကာလတို့၌ ရဟန်းယောကျ်ား ရဟန်းမိန်းမတို့သည် ကျင့်ယွင်းဖေါက်ပြား မှားသောအယူ ရှိကြကုန်လတ့ံ။

ဤတွင် နောက်ဆုံးဖြစ်သော သုတယုဂကာလ, သီလယုဂကာလတို့၌ ဟူသောစကားဝါကျတွင် နောက်ဆုံးကာလ သရုပ်အရကို အဋ္ဌကထာလာအတိုင်း ရှင်းလင်းပြပါဦးအံ့။

## သာသနာတော် ဆုတ်ယုတ်သောကာလ အပိုင်းအခြားနှင့် သိမှတ်သားစရာ

"တတိယသံဂါယနာ တင်ပြီးသော သာသနာတော်နှစ် ၂၃၆-ခုမှစ၍ နောက်ကာလ"ဟု ကာလသရုပ်ကို ကေစိဆရာတို့ ယူကြကုန်၏။

ပါဠိစာပေတွင် အပရေဝါဒ, အညေဝါဒ, ကေဝါဒ, ကေစိဝါဒဟု အယူလေးမျိုး ဝါဒလေးမျိုး နှိုင်းယှဉ် ဖွင့်ဆိုတတ်ကြကုန်၏။

ထိုတွင် ကေစိဝါဒသည် အားသေးသော အယူဝါဒဖြစ်သည်။ ကျမ်းဂန်တတ်ပညာရှင်များက နှစ်သက်အားရမှုမရှိသော ဝါဒပင်ဖြစ်သည်။ ထိုကြောင့် ရှေးဆရာများက "အပရေမူ၊ ဆရာတူ၊အင်တူငကေကေစွေ။ ယုတ်မူကေစိနေ" ဟူ၍ နိယံလင်္ကာ စီကုံး ခဲ့ကြကုန်၏။ ဤနေရာ၌လည်း ကေစိဝါဒကို၊ ထေရာအဋ္ဌကထာဆရာ အရှင်ဓမ္မပါလက နှစ်ခြိုက်တော် မမူပေ။

## ယုဂကာလငါးပါး

အဋ္ဌကထာဆရာ လက်ခံသောဝါဒကို ပြဆိုဦးအံ့။ သာသနာတော်၌ ယုဂကာလ(၅)ပါးရှိသည်–

(၁) ကိလေသာအပေါင်းမှ ကင်းလွတ်သော အရိယာတို့၏ မဂ်ဖိုလ်ဝိမုတ္တိယုဂကာလ၊

(၂) စိတ်တည်ငြိမ်သော ဈာန်အဘိညာဉ် သမာဓိယုဂကာလ၊

(၃) ကိုယ်စိတ်ကို စောင့်စည်းခြင်းဟူသော သီလယုဂကာလ၊

(၄) စာပေကျမ်းဂန် ဗဟုသုတများခြင်းဟူသော သုတယုဂကာလ၊

(၅) အလှူဒါနများပြားခြင်းဟူသော ဒါနယုဂကာလတို့ပင် ဖြစ်သည်။

ထိုငါးမျိုးသော သာသနာတော် ယုဂကာလတို့တွင် ဗုဒ္ဓရှင်တော်မြတ် ပရိနိဗ္ဗာန် ဝင်စံတော်မူပြီး ရှေးဦးစွာသော ကာလသည်။ ဝိမုတ္တိယုဂကာလမည်၏။ ထိုနောက် သမာဓိယုဂကာလ၊ သီလယုဂကာလ၊ သုတယုဂကာလနှင့် ဒါနယုဂကာလတို့ဟူ၍ အစဉ်အတိုင်း ဖြစ်ကြကုန်၏။

ထိုတွင် အဘယ်ကြောင့် သီလယုဂကာလချုပ်သော် သုတ ယုဂကာလဖြစ်သနည်း။ မစင်ကြယ်သော သီလရှိသော

သူသည် တစိတ်တပိုင်း အနည်းငယ်အားဖြင့် သင်အံလေ့ကျက်ဆောင်ရွက်ကြည့်ရှုခြင် ဟူသော ဗဟုသုတ ဂုဏ်ကို လာဘ်လာဘ အစရှိသည်ကို အလိုရှိသည်၏ အဖြစ်အားဖြင့် ချီးမြှောက်၍ တည်၏။ စင်ကြယ်သောသီလမရှိစေကာမူ လာဘ်ကို ငဲ့၍ ဘုရားရှင်၏ အဆုံးအမ စကားတော်ကို သင်ယူနေပေ၏။ သာသနာတော် မကွယ်သေးဘဲ သုတယုဂခေတ်ထင်ရှားရှိနေသေးသည်ဟု ဆိုလိုသည်။

သုတယုဂ ခေတ်ကာလ ကွယ်ပပုံကို ဆိုဦးအံ့။ အကြင်အခါ၌ မာတိကာအဆုံးရှိသော ဘုရားရှင် ဟောကြားတော်မူအပ်သော ပရိယတ္တိသာသနာသည် အလုံးစုံကွယ်ပသွား၏။ ထိုကွယ်ပချိန်မှစ၍ ရဟန်းသာမဏေသည် အသွင်သဏ္ဌာန်မျှကြွင်းကျန်တော့၏။ သာသနာကွယ်ပြီဟု ဆိုလို၏။ ဥပရိပဏ္ဏာသ ဒက္ခိဏာဝိဘင်္ဂသုတ်နှင့် အလားတူပင် ဖြစ်၏။

ထိုကြောင့် သာသနာတော်သုံးရပ်တွင် ဗုဒ္ဓရှင်တော်မြတ်၏ အဆုံးအမ ပရိယတ္တိ သာသနာတော်မြတ်သည် လိုရင်းဖြစ်ကြောင်း ထင်ရှားသည်။

ထိုကာလ၌ အမှတ်မထင် ပစ္စည်းဥစ္စာကို စုစည်း၍ လှူဒါန်းပေးကမ်းခြင်းလျှင် အကြောင်းရင်း ရှိသဖြင့်၊ အလှူဒါနကို စွန့်လွှတ်၍ လှူဒါန်းကြကုန်၏။ အကျင့်သီလ သမာဓိ ပညာတို့သည် ဤလောက၌ ကွယ်ပကုန်ပြီဖြစ်၍၊ အသိဉာဏ်

ကင်းမဲ့သော လူ့ဒါန်းမှုမျိုးလောက်သာ ကြွင်းတော့၏။ သာသနာတော်တွင်းဒါန, သာသနာတော်တွင်းသီလ, သာသနာတော်တွင်း သမထမျှပင် မပေါ်လာနိုင်ကြတော့ပေ။

ထို့ကြောင့် အဋ္ဌကထာဆရာက ထိုပေးကမ်းစွန့်ကြဲခြင်းသည်သာလျှင် ရဟန်းနှင့်တကွ လူသတ္တဝါတို့၏ နောက်ဆုံးဖြစ်သော အကောင်းဆုံးဖြစ်သည့် ယုဂကာလမည်ပြီး ဤဒါနကောင်းမှုကို အားကိုး၍သာလျှင် နေထိုင်ကြကုန်၏။ သာသနာတော်၏ အသိပညာနှင့် ဆက်စပ်သော အကျင့်ကောင်းအကျင့်မြတ်များ ကွယ်ပျောက်ကုန်ပြီး ဒါနယုဂ ခေတ်မှာ ကွယ်ပသည်ဟူ၍ မရှိနိုင်သောကြောင့် အဋ္ဌကထာ၌ ဖွင့်ဆိုမထားပေ။

သာသနာတော် နောက်ဆုံးကာလ၌ ရဟန်းရှင်လူတို့သည် မှားယွင်းဖေါက်ပြန် အကျင့်မှန်မဟုတ်သည် ဖြစ်ကုန်လတံ့။ ဟူသော ဖုသထေရ် အရှင်မြတ်ကြီး မိန့်တော်မူ၏။ ထိုစကားတော်၌ အကျယ်ဖွင့်ပြထားသော ယုဂကာလ ငါးပါးတွင် လေးခုမြောက် သုတယုဂခေတ်ကာလမှ စ၍ အကျင့်ဖေါက်ပြားခြင်းဖြစ်လိမ့်မည်ဟု မှတ်သားရာ၏။ ဤကား သာသနာဝင် အရှင်မြတ်ကြီးတို့ အများလက်ခံသော အယူဝါဒဖြစ်ပေ၏။

အဋ္ဌကထာ၌ "သီလယုဂခေတ် ကာလမှစ၍ ဖေါက်ပြန်သော အယူမှား အကျင့်မှားများကို ရှင်လူရဟန်းတို့ ကျင့်

ကြံ့ကြံ့ကုန်လတံ့ဟု အပရေဆရာ၏ ဝါဒကိုလည်း ထုတ်ပြထားပေသည်။

## ကျမ်းလာမိန့်ဟ ယုဂကာလ (၅)ပါး

တတ္ထ ကတမော ပစ္ဆိမကာလော? "တတိယသင်္ဂီတိတော ပဋ္ဌာယ ပစ္ဆိမကာလော" တိ ကေစိ တံ ဧကေနာနုဇာနန္တိ။ သာသနဿ ဟိ ပဉ္စယုဂါနိ ဝိမုတ္တိယုဂံ, သမာဓိယုဂံ သီလယုဂံ, သုတယုဂံ, ဒါနယုဂန္တိ။ တေသု ပဌမံ ဝိမုတ္တိယုဂံ တသ္မိံ အန္တရဟိတေ သမာဓိယုဂံ ဝတ္တတိ၊ တသ္မိံမ္ပိ အန္တရဟိတေ သီလယုဂံ ဝတ္တတိ၊ တသ္မိမ္ပိ အန္တရဟိတေ သုတယုဂံ ဝတ္တတေ။ အပရိသုဒ္ဓသီလော ဟိ ဧကဒေသေန ပရိယတ္တိဗဟုသစ္စံ ပဂ္ဂယှ တိဋ္ဌတိ၊ လာဘာဒိကမ္မတာယ။ယဒါ ပန မာတိကာ ပရိယောသာနာ ပရိယတ္တိ သဗ္ဗသော အန္တရဓာယတိ၊ တတော ပဋ္ဌာယ လိင်္ဂမတ္တမေဝ အဝသိဿတိ၊ တဒါ ယထာ တထာ ဓနံ သံဟရိတွာ ဒါနမုခေန ဝိဿဇ္ဇေန္တိ၊ သာ ကိရ နေသံ စရိမာ သမ္မာပဋိပတ္တိ။ တတ္ထ သုတယုဂတော ပဋ္ဌာယ ပစ္ဆိမကာလော၊ "သီလယုဂတော ပဋ္ဌာယာ" တိ အပရေ။

တတ္တ- ထိုပတ္တကာလမှိ ပစ္ဆိမေဟူသော ထေရဂါထာ ပါဠိတော်စကားရပ်၌၊ ဝိနိစ္ဆယော- အဆုံးအဖြတ်စကားကို၊ မယာ- ဓမ္မပါလ အမည်ရှိသော ငါအဋ္ဌကထာဆရာသည်၊

ဝုစ္စတေ- ဖွင့်ဆိုပေဦးအံ့၊ ပစ္ဆိမကာလော- နောက်ဆုံး အကျူင့်ပျက်စီးသော ကာလဟူသည်၊ ကတမော- အဘယ် နည်း။

တတိယသင်္ဂီတိတော- တတိယသံဂါယနာ တင်ပြီးသော အချိန်ကာလမှ၊ ပဋ္ဌာယ- အစပြု၍၊ ပစ္ဆိမကာလောတိ- နောက်ဆုံးအကျင့်ပျက်စီးသော ကာလဟူ၍၊ ကေစိ- အချို့ ကုန်သော ဆရာတို့သည်၊ ဝဒန္တိ- ပြောဆိုကြကုန်၏။ တံ- ထိုကေစိဆရာတို့၏ အယူဝါဒကို၊ နာနုဇာနန္တိ- ဆရာကြီးတို့ ခွင့်မပြုကြကုန်။

ဟိ- အများလက်ခံသော အယူဝါဒကို ပြဆိုပါဦးအံ့။ သာသနာ- သာသနာတော်သုံးရပ်၏။ ပဥ္စယုဂါနိ- ငါး ပါးကုန်သော ယုဂ်တို့သည်၊ ဝိမုတ္တိယုဂံ- ဝိမုတ္တိယုဂ်ရှင်း၊ သမာဓိယုဂံ- သမာဓိယုဂ်ရှင်း၊ သီလယုဂံ- သီလယုဂ်ရှင်း၊ သုတယုဂံ- သုတယုဂ်ရှင်း၊ ဒါနယုဂံ- ဒါနယုဂ်ရှင်း၊ ဣတိ- ဤသို့၊ ပဥ္စ- ငါးပါးတို့သည်၊ ဟောန္တိ- ဖြစ်ကုန်၏။

တေသု- ထိုငါးပါးတို့တွင်၊ ပဌမံ- ရှေးဦးစွာ၊ ဝိမုတ္တိ ယုဂံ- ဝိမုတ္တိယုဂ်သည်၊ ဟောတိ- ဖြစ်၏၊ တသ္မိံ- ထိုဝိ မုတ္တိယုဂ်သည်လည်း၊ အန္တရဟိတေ- ကွယ်ပျောက်သည်ရှိ သော်၊ သမာဓိယုဂံ၊ သမာဓိယုဂ်သည်၊ ဝတ္တတိ- ဖြစ်၏။ တသ္မိံ- ထိုသမာဓိယုဂ်သည်လည်း၊ အန္တရဟိတေ- ကွယ်

ပျောက်ကုန်သည် ရှိသော်၊ သီလယုဂံ- သီလယုဂ်သည်၊ ဝတ္တတိ- ဖြစ်၏။ တသ္မိမ္ပိ- ထိုသီလယုဂ်သည်လည်း၊ အန္တရ ဟိတေ- ကွယ်ပျောက်သည်ရှိသော်၊ သုတယုဂံ- သုတယုဂ် သည်၊ ဝတ္တတေ- ဖြစ်သည်သာလျှင်တည်း။

ကသ္မာ= အဘယ်ကြောင့်၊ ဝတ္တတေ- ဖြစ်သနည်း၊ ဟိယသ္မာ=အကြင်ကြောင့်၊ အပရိသုဒ္ဓသီလော- မစင်ကြယ် သော အကျင့်သီလရှိသော ရဟန်းသည်၊ ကေဒေသေန- တစိတ်တဒေသ တပိုင်းအားဖြင့်၊လာဘာဒိကမ္မတာယ-လာဘ် လာဘ အစရှိသည်ကို လိုလားမက်မောသဖြင့်၊ ပရိယတ္တိ ဗဟုသစ္စံ- သင်ယူခြင်းပရိယတ္တိပညာများသည်၏ အဖြစ်ဟူ သော ဂုဏ်ကို၊ ပဂ္ဂယှ- ချီးမြှောက်၍၊ တိဋ္ဌတိ- တည်၏။ တသ္မာ- ထိုကြောင့်၊ သုတယုဂံ- သုတယုဂ်သည်၊ ဝတ္တတေ- ဖြစ်၏။

ပန- သုတယုဂ်ကွယ်ပပုံကို ပြဆိုဦးအံ့၊ ယဒါ- အကြင် အခါ၌၊မာတိကာပရိယောသာနာ- မာတိကာအဆုံးရှိသော ပရိယတ္တိသင်ခြင်းသည်၊ သဗ္ဗသောအန္တရဓာယတိ- အလုံးစုံ ကွယ်ပျောက်၏။ တတော- ထိုကွယ်ပျောက်ရာ အခါမှ၊ ပဋ္ဌာယ- စ၍၊ လိင်္ဂမတ္တမေဝ- ရဟန်းသာမဏေတို့၏အသွင် သဏ္ဌာန်မျှသည် သာလျှင်၊ အဝသိဿတိ-ကြွင်းကျန်ပေသေး တော့၏။ တဒါ- ထိုလိင်္ဂသာသနာမျှသာ တည်ရှိသော

အခါ၌၊ ယထာတထာ— အမှတ်မထင် ဓနံ၊ ပစ္စည်းဥစ္စာကို၊ သံဟာရိတွာ— ကောင်းစွာစုရုံး၍၊ ဒါနမုခေနေဝ–အလှူဒါနကို အဦးမူသဖြင့်သာလျှင်၊ ဝိဿဇ္ဇေန္တိ– စွန့်လွှတ် လှူဒါန်းကြကုန်၏။

ကိရ– ရှေးလာစကား ကြွင်းကျန်ငြား၍ စကားတဖန် ဆက်၍ ဖွင့်ဆိုပြန်အံ့။ သာ— ထိုအလှူဒါန စွန့်လွှတ်ခြင်း အကျင့်သည်။ နေသံ= ထိုအသွင်သဏ္ဍာန်မျှ ရှိကုန်သော ရဟန်းသာမဏေတို့၏၊ စရိမာ=နောက်ဆုံးဖြစ်သော။ သမ္မာပဋိပတ္တိ၊ အကောင်းဆုံးဖြစ်သော အကျင့်ဖြစ်၏။

တတ္တ— ထိုယုဂ်ငါးပါးတို့တွင်၊ သုတယုဂတော— စာပေသင်ကြားခြင်းဟူသော သုတယုဂ်မှ၊ ပဋ္ဌာယ– စ၍၊ ပစ္ဆိမကာလေ— သာသနာ ဆိတ်သုဉ်းရန် အရိပ်အရောင် ပြနေသော နောက်ဆုံးအကျင့် ပျက်စီးသော ကာလဟူ၍၊ ဝေဒိတဗ္ဗော– သိမှတ်အပ်၏။ "သီလယုဂတော ပဋ္ဌာယာတိ" သီလယုဂ်မှစ၍ အကျင့်ပျက်ပြား၏ဟူ၍၊ အပရေ– တပါးကုန်သော ဆရာကြီးတို့သည်။ ဝဒန္တိ— တမျိုးတဖုံ ပြောဆိုကြကုန်သေး၏။

## ယုဂကာလ အယူဝါဒ

ယုဂကာလနှင့် ပတ်သက်၍ အချို့သော ဆရာများသည် ဝိမုတ္တိယုဂခေတ် အနှစ်ငါးရာ, သမာဓိယုဂခေတ် အနှစ်ငါး

ရာ, သီလယုဂခေတ် အနှစ်ငါးရာ, သုတယုဂခေတ် အနှစ် ငါးရာ, ဒါနယုဂခေတ် အနှစ်ငါးရာဟု ခွဲဝေပိုင်းခြားကြ ကုန်၏။ ယခုကာလ ဒါနယုဂခေတ် ကုန်ဆုံးနေပြီးဖြစ်၍၊ ဝိမုတ္တိယုဂ တပတ်ပြန်ရောက်လာပြီဟု ဟောပြော ရေးသား ကြကုန်၏။

ဤဝါဒသည် အဋ္ဌကထာစကားနှင့် တိုက်ကြည့်ပါက ယွင်းမှားသည်မှာ ထင်ရှား၏။ အဋ္ဌကထာ၌ ပေးကမ်း လှူဒါန်းခြင်းဟူသော ဒါနယုဂခေတ်ကာလသက်သက်သည် သာသနာပ အချိန်ရောက်နေပြီဖြစ်၍ မဂ်, ဖိုလ် ရရှိခြင်းဟူ သော ဝိမုတ္တိယုဂခေတ် ပေါ်လာနိုင်မည်လောဟု စဉ်းစား သင့်ပေသည်။

အမှန်စင်စစ် ယခုအခါမှာ အားနည်းသော သီလယုဂခေတ် သုတယုဂခေတ် နယ်ပယ်တွင်း၌သာ သာသနာ ရောက်ရှိနေ ပေသည်။ စာပေကျမ်းဂန် ပို့ချသင်ယူပုံကို ကြည့်ရှုလေ့ လာပါက အလဂ္ဂဒ္ဒူပမာ သင်ယူပို့ချမှုက များပြားနေခြင်း, တိုင်းတပါး အယူဝါဒများ၏ နှောက်ယှက်ဖျက်ဆီးမှုကြောင့် ယုံကြည်မှုသဒ္ဓါနည်းပါး၍ ရော့ရဲရဲ အားထုတ်ခြင်း, အယူ အဆမှားတွေကို အမှန်ပြုလုပ် ပြောဆိုမှု များနေခြင်း, မှန် ကန်သော သာသနာတော်၏ ဆုံးမမှုကို မနာခံကြရ၍ ထင် မိထင်ရာ အယူအဆဖြင့် အချင်းချင်းအပေါ် ရှိသေမှုနည်း

ပါးခြင်း, ဆရာသမားတို့အား ရိုသေမှုကင်းခြင်း စသော အမူအရာဆိုးများကို ကြည့်ရှုထောက်ထားပါက သာသနာတော်၏ အဆုံးအမနှင့် ကင်းဝေးနေကြောင်း ထင်ရှားသည်။ သီလယုဂခေတ်, သုတယုဂခေတ်များ ကွယ်ပရန် အစပျိုးနေသော ထိတ်လန့်ဘွယ် အခြေအနေများတည်း။

ပဋိပတ္တိ သာသနာနှင့် ပဋိဝေဓ သာသနာတော်တို့သည် ပရိယတ္တိ သာသနာတော်ကို မှီတွယ်နေရသည်။ သုတယုဂခေတ်၌ ပေါ်ပေါက်ရသည်။ ပရိယတ္တိသာသနာတော်သည် ကြွင်း သာသနာနှစ်ရပ်၏ ရေသောက်မြစ်သဖွယ်ဖြစ်၏။ ရေသောက်မြစ် ပြတ်စဲသွားပါက ပင်စည်ခက်လက်များ လုံးဝ စည်ပင် လန်းဆန်းနိုင်ခြင်း ရှိနိုင်တော့မည်မဟုတ်ပါချေ။

ဤလောကကြီးသည် အကုသိုလ်တရားဆိုးတို့၏ အမိုက်တို့သည် တစတစ လွှမ်းမိုးစပြု၍ လာချေပြီ။ ယခုအခါ၌ သာသနာတော်၏ အဆုံးမဟုတ်သော အလင်းရောင်သည် ရှိပေသေး၏။ ယင်းသို့ အလင်းရောင်ရှိသောအခိုက် သတိသမ္ပဇဉ် ဉာဏ်ဆင်ခြင်၍ သာသနာ အခွင့်အရေးကို ကြုံကြိုက်ရခဲစွာ အရယူမည်ယူ၍ သိရှိနားလည်၍ သာသနာတော်တွင်း ဒါန သီလ ဘာဝနာ တရားကောင်းများကို အသိဉာဏ်ရှေ့သွားလျက် လွန်စွာကြိုးစားအားထုတ်ကုန်၏။

သာသနာ အသိဉာဏ်နှင့် မဆက်စပ်မိပါက (၀၁)မိမိ ထင်ရာပြုလုပ်နေပါက သာသနာတော်နှင့် တွေ့ကျိုးမနပ်သော

တိရစ္ဆာန်စသော အဋ္ဌက္ခဏ ကာလရှစ်ပါးနှင့် တွေ့ကြုံသည့် သတ္တဝါတို့နှင့်သာ တူနေပေလိမ့်မည်။ ဤသို့ ဘေးကို ငဲ့ရှု၍ သတိပြုကြကုန်ရာ၏။

## ဖုဿမထေရ်မြတ်၏ နောက်ဆုံးပိတ်ဩဝါဒ

ဆဠာဘိညရဟန္တာစစ်ဖြစ်တော်မူသော ဖုဿမထေရ်မြတ်ကြီးသည် မေးလျှောက်လာလော ရသေ့အား အကျင့်ပဋိပတ်အန္တရာယ် အသွယ်သွယ်တို့ကို ဟုတ်တိုင်းမှန်စွာဖော်ထုတ်မိန့်ဟတော်မူပြီး၍ အရှင်မြတ်၏ ထံနီးပါး၌ တရားစကားကို နာယူမှတ်သားနေကြကုန်သော ရဟန်းတို့အားလည်း တိုက်တွန်းစကား ဆက်လက်မိန့်ကြားတော်မူ၏။

ငါ့ရှင်ရဟန်းတို့ နောင်အနာဂတ်တွင် ဖြစ်ပေါ်လတံ့သော အကျင့်ပဋိပတ် အန္တရာယ် ဘေးရန်အသွယ်သွယ်သည် မိမိတို့၏ရှေ့ဝယ် မရောက်မကျလာမီက ငါ့ရှင်ရဟန်းတို့သည် ဆိုဆုံးမလွယ်သူ စိတ်နှလုံးနူးညံ့ပျော့ပျောင်းသူ အချင်းချင်း အပေါ်၌ ရိုသေခြင်း ဂါရဝတရားနှင့် ပြည့်စုံသူများ ဖြစ်ကြပါကုန်လော့။

သဗ္ဗသတ္တဝါအားလုံးတို့၏ အပေါ်၌ ချစ်ခင်သော မေတ္တာစိတ်ထားရှိသူ၊ သနားခြင်းကရုဏာနှင့် ပြည့်စုံသူ၊ ကိုယ်ကျင့်သီလတို့ကို စောင့်စည်းထိန်းသိမ်းသူ၊ အားထုတ်အပ်သော ဇွဲလုံ့လရှိသူ နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိသူ အမြဲမပြတ် ခိုင်ခံ့သော လုံ့လရှိသူတို့ ဖြစ်ကြပါကုန်လော့။

ငါ့ရှင်ရဟန်းတို့ မေ့မေ့ လျော့လျော့ နေထိုင်ခြင်းကို ကြောက်မက်ဘွယ် ဘေးကြီးဟူ၍ ရှုမြင်ကြကုန်လော့၊ မမေ့ မလျော့နေထိုင်ခြင်းကိုလည်း ဘေးကင်းရာသို့ရောက်ကြောင်း ဟူ၍ ရှုမြင်ကြကုန်လော့။ ငြိမ်းအေးရာသို့ ရောက်ကြောင်း ဖြစ်သော အင်္ဂါရှစ်ပါးရှိသော မဂ္ဂင်ကို ပွားများ ကြကုန် လော့။

သေခြင်းကင်းသော နိဗ္ဗာန်ကို မျက်မှောက် ပြုကြကုန် လော့ဟု နောက်ဆုံးပိတ် ဩဝါဒစကား မြွက်တရားတို့ကို ဟောကြားဆုံးမတော်မူ၏။

ထေရဂါထာပါဠိတော် ဖုဿထေရဂါထာ၏ မြန်မာ ပြန် အဓိပ္ပာယ်များ အလုံးစုံ ပြီးဆုံးပါပြီ။ ။

---

# ဗုဒ္ဓသာသနာ သက်တမ်းကာလ အယူအဆ

ဗုဒ္ဓရှင်တော်မြတ်၏ အဆုံးအမတည်းဟူသော သာသနာ တော်မြတ်ကြီးသည် ဤကမ္ဘာလောက၌ မည်မျှ ရှည်ကြာစွာ တည်ရှိနေမည်နည်း?။ ဤသို့အစလ သဒ္ဓါတရား ပြည့်ဝသူ ဗုဒ္ဓဘာသာဝင်တိုင်း မေးကြမည်။ တွေးတော ကြံစည်ကြ

မည်။ ထိုအမေး ထိုအတွေးတို့ကို ဖြေကြားနိုင်ရန် ဘုရားဟော ပါဠိတော်နှင့် ဗုဒ္ဓမတ္တညူ အဋ္ဌကထာတို့လာ အဆိုအမိန့်တို့ဖြင့် ဖွေရှာဖြေရှင်းခြင်းမှတပါး အခြားသော နည်းလမ်းကောင်း မရှိပါချေ။

ဗုဒ္ဓရှင်တော်မြတ် ကိုယ်တော်တိုင် ဟောကြားတော်မူအပ်သော သုတ္တန်ပိဋကတ် မဟာပရိနိဗ္ဗာနသုတ်တော်လာ စကားရှိပါသည်။ "သီလ, သမာဓိ, ပညာ, တရားများကို ကောင်းစွာ ကျင့်ကြံ အားထုတ် နေထိုင်သူများ ဤလောကကြီးအတွင်း၌ ရှိနေပါက အရိယာပုဂ္ဂိုလ်မှ မဆိတ်သုဉ်းနိုင်" ဟု မိန့်မြွက်ဟောကြားချက်ပင် ဖြစ်သည်။

ဤ စကားတော်, တရားတော်အရ သာသနာတော် သုံးရပ် တည်တံ့နိုင်ရေးမှာ နှစ်ကာလ အပိုင်း အခြား မပါရှိသောကြောင့် သာသနာကို ကြည်ညိုကုန်သူတို့၏ ဆောင်ရွက်ချက်နှင့် ကိုယ်ကျင့်တရား အပေါ်မှာသာ သာသနာတော်မြတ် တည်တံ့ရေးသည် လုံးဝတာဝန် ဖြစ်နေကြောင်း ထင်ရှားပေသည်။

ထိုကြောင့် ဗုဒ္ဓဘာသာဝင်တို့၏ အနာဂတ် သာသနာတော်ကိုမျှော်လျက် ကျင့်ကြံကြိုးကုတ် အားထုတ်မှုအပေါ်၌ များစွာတည်နေသော ကိစ္စဖြစ်၍ သာသနာတော်အလုပ်

များကို ကြိုးစားကျင့်ဆောင်ကြရာ၏။ ထိုသို့ ကျင့်ဆောင်ပါက အနာဂတ် သာသနာတော်မြတ်၏ သက်တန်းသည် ငါးထောင် မက ခြောက်ထောင် မက တသောင်းဘန်းပင် တည်နိုင်ပေသည်။ မကျင့်မကြံပါကလည်း ငါးထောင်သာသနာကာလအတွင်း၌ပင် သာသနာတော် ပျက်စီးဆုတ်ယုတ်ခြင်းသို့ ရောက်နိုင်ကြောင်း ဤပါဠိတော် စကား တို့ကို ထောက်ဆဝေဘန်၍ ကျယ်ပြန့်စွာ ဆင်ခြင် ယူဆနိုင်ကြပေသည်။

ဝိနယပိဋကတ် စူဠဝါပါဠိတော် ဘိက္ခုနီ ခန္ဓက၌-

"အာနန္ဒာ မာတုဂါမသည် ငါဘုရား၏ အဆုံးအမတော် တည်းဟူသော ဓမ္မဝိနယ၌ အကယ်၍ ရဟန်းအဖြစ်ကို မရခဲ့သည်ဖြစ်မူကား ငါဘုရား၏ အဆုံးအမတော် တည်းဟူသော ဗြဟ္မစရိယ သဒ္ဓမ္မ ဝိနယသည် အနှစ်တထောင် ကာလပတ်လုံး တည်သည်ဖြစ်ရာ၏။

"အာနန္ဒာ မာတုဂါမအား ငါဘုရား၏ အဆုံးအမတည်းဟူသော ဗြဟ္မစရိယသဒ္ဓမ္မ၌ ရဟန်းအဖြစ်ကို ရခြင်းကြောင့် ငါဘုရား၏ အဆုံး အမတော် တည်းဟူသော ဗြဟ္မစရိယသဒ္ဓမ္မသည် အနှစ်ငါးရာသာ တည်နိုင်လတံ့။"

ဤသို့အားဖြင့်လည်း ဝိနည်းပိဋကတ် အလိုအား ဖြင့် ဗုဒ္ဓရှင်တော်မြတ်၏ အဆုံးအမ သဒ္ဓမ္မဝိနယ သာ သနာတော်သည် အနှစ်တထောင် ကာလပတ်လုံး သာ တည်ခွင့်ရှိသည်ကိုလည်း သိရှိအပ်ပေသည်။

အရှင်အာနန္ဒာအား ဟောကြား မိန့်မှာတော်မူ သော အနှစ်တထောင် သဒ္ဓမ္မဝိနယသာသနာတော် မြတ်သည် တည်လတ္တံ့ဟူသော အနာဂတ်သာသနာ ရေးစကားကို မြတ်စွာဘုရား၏ အလိုတော် အာ ဘော်ကိုသိသော ဗုဒ္ဓမတ္တညူ အဋ္ဌကထာ ဆရာမြတ် သည် ဝိနည်းစူဠဝါပါဠိတော် ဘိက္ခုနီခန္ဓကအဋ္ဌက ထာကြီး၌ အနှစ်တထောင်ဟူသော ဘုရားရှင်၏ စကားသည် ပဋိသမ္ဘိဒါပဘေဒပတ္တ ရဟန္တာခေတ် ကိုသာရည်ရွယ်၍ ဟောကြားတော်မူသည်။ အနှစ် တထောင်လွန်၍—

သုက္ခဝိပဿက ရဟန္တာခေတ် တထောင်၊

အနာဂါမ်ခေတ် တထောင်၊

သကဒါဂါမ်ခေတ် တထောင်၊

သောတာပန်ခေတ် တထောင်အားဖြင့် သာသနာငါး ထောင် တည်လတ္တံ့ဟု ဖွင့်ဆိုတော်မူသည်။

ဒီဃနိကာယ သုတ်ပါထေယျ သမ္ပသာဒနိယသုတ် အဋ္ဌကထာနှင့် သံယုတ္တနိကာယ သဂါထာဝဂ္ဂသံယုတ် အဋ္ဌကထာဆရာတို့၏ အလိုအားဖြင့်—

(၁) ပဋိသမ္ဘိဒါပတ္တရဟန္တာခေတ် တထောင်။
(၂) ဆဠာဘိညရဟန္တာခေတ် တထောင်။
(၃) တေဝိဇ္ဇရဟန္တာခေတ် တထောင်။
(၄) သုက္ခဝိပဿကရဟန္တာခေတ် တထောင်။
(၅) ပါတိမောက္ခသံဝရခေတ် တထောင်အားဖြင့် သာသနာငါးထောင် တည်လတ့်ဟု မိန့်ဆို ဖွင့်လှစ်တော်မူခဲ့ကြသည်။

အင်္ဂုတ္တရနိကာယ အဋ္ဌကထာ၊ ခုဒ္ဒကနိကာယ် သမ္မောဟဝိနောဒနီ အဋ္ဌကထာ ဆရာတို့၏ အလိုအားဖြင့် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးသည့် နောက်၌—

(၁) ပဋိသမ္ဘိဒါပတ္တရဟန္တာခေတ် တထောင်။
(၂) ဆဠာဘိညရဟန္တာခေတ် တထောင်။
(၃) တေဝိဇ္ဇရဟန္တာခေတ် တထောင်။
(၄) သုက္ခဝိပဿကရဟန္တာခေတ် တထောင်။
(၅) အနာဂါမ်, သကဒါဂါမ်, သောတာပန်ခေတ် တထောင်အားဖြင့် သာသနာ ငါးထောင် ဖြစ်လတ့်ဟု မိန့်ဆိုဖွင့်ပြတော်မူကြသည်။

ဤကား ပါဠိတော်နှင့် အဋ္ဌကထာတို့၌ လာရှိသော သာသနာငါးထောင်နှင့် ပတ်သက်၍ အဆိုအမိန့်စကားရပ်တို့၌ အချုပ်တည်း။

---

# ဟိနာဓိမုတ္တိကသုတ် အနာဂတ်စကား

ဗုဒ္ဓ ရှင်တော်မြတ်သည် သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ ကိန်းအောင်းမွေ့လျော် စံနေတော် မူ၏။ ထိုအခါ ရဟန်းတို့အား ဤသို့ မိန့်တော်မူ၏။

"ရဟန်းတို့ သတ္တဝါတို့သည် ဓါတ်အားဖြင့် တပေါင်းတည်း ဖြစ်ကုန်၏။ တသားတည်းသို့ ရောက်ကုန်၏။ ယုတ်သော နှလုံးရှိသူတို့သည် ယုတ်သော နှလုံးသွင်းရှိ သူတို့နှင့် အတူတကွ တပေါင်းတည်း ဖြစ်ကုန်၏။ ကောင်းသော နှလုံးသွင်း ရှိသူတို့သည် ကောင်းသော နှလုံးသွင်း ရှိသူတို့နှင့် အတူတကွ တပေါင်းတည်း ဖြစ်ကုန်၏။ တသားတည်း အဖြစ်သို့ ရောက်ကုန်၏"။

ဤသို့ ဗုဒ္ဓရှင်တော်မြတ်သည် လူမိုက်စရိုက် လူမိုက်ဓါတ် အချင်းချင်း လည်းကောင်း သူမြတ်စရိုက် သူမြတ်ဓါတ် အချင်းချင်း လည်းကောင်း တပေါင်းတစည်းတည်း ဖြစ်ရှိကြပုံနှင့် ဓါတ်တူချင်းသာ ရောနှော ပေါင်းယှက်ကြပုံတို့ကို

နိဒါနဝဂ္ဂ သံယုတ်ပါဠိတော် ဓါတုသံယုတ် ဟိနာဓိ မုတ္တိက သုတ်၌ ဖေါ်ထုတ် ဟောကြားတော်မူလေသည်။ ဖေါ်ပြပါ စကားတော်ရပ်သည်ပစ္စုပ္ပန် ခန္ဓာသန္တာန်ဖြစ်စဉ်အရဖြစ်ပေါ် ပေါင်းသင်းတတ်ပုံကို မိန့်တော်မူခြင်းပင် ဖြစ်၏။ ထို့အတူ အတိတ်ခန္ဓာ သန္တာန်ဖြစ်စဉ်အရ ဖြစ်ပေါ်ပေါင်းသင်းဘတ် ပုံကိုလည်း ပြည့်နှံ့မိန့်တော် မူလေသည်။ ဗုဒ္ဓ၏ ဝါဒတော် အနာဂတ်စကား အနေဖြင့်ကား အောက်ပါအတိုင်း မိန့် တော်မူ၏။ ။

"ရဟန်းတို့ အနာဂတ် ကာလ၌လည်း သတ္တဝါတို့သည် ဓါတ်အားဖြင့်သာ တပေါင်းတည်း ဖြစ်လတံ့။ တသားတည်း အဖြစ်သို့ ရောက်ကုန်လတံ့။ ယုတ်သော နှလုံးသွင်း ရှိသူတို့သည် ယုတ်သော နှလုံးသွင်း ရှိသူတို့နှင့် အတူတကွ တပေါင်းတည်း ဖြစ်ကုန်လတံ့။ တသားတည်း ဖြစ်ကုန် လတံ့။ ကောင်းသော နှလုံးသွင်း ရှိသူတို့သည် ကောင်း သော နှလုံးသွင်းရှိ သူတို့နှင့် အတူတကွ တပေါင်းတည်း ဖြစ်ကုန်လတံ့။ တသားတည်း အဖြစ်သို့ရောက်ကုန်လတံ့"။

ဗုဒ္ဓရှင်တော်မြတ်သည် အတိတ်နှင့် ပစ္စုပ္ပန်ကိုသာ သုံးသပ် တော် မူခဲ့သည်မဟုတ် အနာဂတ်ကိုလည်း သုံးသပ်တော် မူလေ့ရှိသည်။ အတိတ်နှင့် ပစ္စုပ္ပန်ကိုသာ ရှုမြင်တော်မူသည် မဟုတ် အနာဂတ်ကိုလည်း ရှုမြင်တော် မူလေ့ရှိသည်။

သတ္တဝါ သခၤါရတို့၏ သံသရာ ဘဝဖြစ်ပျက် ပြောင်းလဲနေကြသောကာလသုံးပါး အရေးကို သုံးသပ်တော်မူရာ၌ အနာဂတ်ကာလ အရေးကို လွှတ်တော်မမူ။ အချို့ဒေသနာတော်၌ အနာဂတ် စကားတော်များကို အလေးထားကာ ဟောကြားမိန့်မှာတော် မူတတ်လေသည်။

မှန်၏၊ သံသရာခရီးသည်တို့ မည်သည့် အတိတ်ကို ကျောပေးလျက် အနာဂတ်ကို ခြေဦးတည်ကြရသည်။ အပ္ပမာဒတရား လက်ကိုင်ထားကြရသည်။ သတိတရားကို ရှေ့ကလွှတ်ရသည်။ ဉာဏ်ပညာကို ထိန်းကွပ်လျက် ရှေ့ဆက် လှမ်းကြရသည်။ သူတော်ကောင်းဥစ္စာ သူတော်ကောင်းတရားသည် အနာဂတ် ကာလ၌ သာသနာ ဆုတ်ယုတ် ကွယ်ပသည်နှင့် အမျှ ပိုမိုခေါင်းပါး လာပေမည်။ ထို့ကြောင့် ဗုဒ္ဓရှင်တော်မြတ်သည် ဟိနာဓိက သုတ်တော်၌လည်း အနာဂတ်စကားကို အကြွင်းမထားဘဲ မိန့်ကြားတော် မူခဲ့ခြင်း ဖြစ်ပေမည်။

---

## စက္ကဝတ္တိသုတ်လာ

# အနာဂတ် စကား

[ဒီဃနိကာယ်ဝင် သုတ္တန်ပိဋကတ် ပါထိကဝဂ် ပါဠိတော်]

ဗုဒ္ဓရှင်တော် မြတ်ဘုရားသည် အခါတပါး၌ မဂဓတိုင်းမာတုလမြို့၌ သီတင်းသုံး နေတော်မူ၏။ ထိုသို့ သီတင်းသုံး

နေတော်မူစဉ် ဤစက္ကဝတ္တိ သုတ်တော်ကို ရဟန်းတို့အား ဟောကြားတော်မူ၏။ ရဟန်းတို့လည်း ရှိသေစွာ နာယူတော် မူခဲ့ကြ၏။ ၎င်းသုတ်၌ ရှေးဦးစွာ မိမိ၏ တရားသည် သာလျှင် မှီခိုအားထားစရာ ကျွန်းကြီးသဖွယ် ဖြစ်ကြောင်း ကို မိန့်ကြားတော်မူ၏။

ရဟန်းတို့ သင်တို့သည် မိမိသာလျှင် ကျွန်းကြီး သဖွယ် မှီခိုရာ ရှိကုန်သည် ဖြစ်၍ မိမိသာလျှင် ကိုး ကွယ်ရာ ရှိကုန်သည် ဖြစ်၍ မိမိမှတပါး အခြားကိုး ကွယ်ရာ မရှိကုန်သည် ဖြစ်၍ နေကုန်လော့။ တရား သာလျှင် ကျွန်းကြီးသဖွယ် မှီခိုရာ ရှိကုန်သည် ဖြစ်၍ တရားသာလျှင် ကိုးကွယ်ရာရှိကုန်သည်ဖြစ်၍ တရားမှ တပါး အခြား ကိုးကွယ်ရာ မရှိကုန် ဖြစ်၍ နေ ကုန်လော့။

ထိုနောက် ဗုဒ္ဓ ရှင်တော်မြတ်သည် ရှေး၌ ဖြစ်ဘူးသော ဒဠှနေမိ စကြဝတေးမင်း၏။ စကြာရတနာကြီး ထင်ရှား စွာ ဖြစ်ပေါ်လာပုံနှင့် မြတ်သော စကြာမင်းတို့၏ ကျင့်ဝတ် များကို ထုတ်ဖေါ် ဟောကြားတော်မူ၏။ စကြာရတနာ ကြီးကိုရသော စကြဝတေးမင်းသည် အရပ်လေးမျက်နှာ တို့သို့ လှည့်လည်၍ ထီးပြိုင်မင်း တို့အား “သူ့အသက်ကို မသတ်အပ်၊ မပေးသည်ကို မယူအပ်၊ ကာမဂုဏ်တို့၌ မှား ယွင်းစွာ မကျင့်အပ်၊ မဟုတ်မမှန်သော စကားကို မပြော

ကြားအပ်၊ သေရည်သေရက်ကို မသောက်သုံးအပ်၊ ကောက်ခံမြဲ အခွန် အတုတ်ကိုလည်း ကောက်ခံသုံးစွဲကြ ကုန်လော့”ဟု သြဝါဒ ပေး၏။

မိမိ၏ တိုင်းသူ ပြည်သားတို့အားလည်း တရားသဖြင့် အုပ်ချုပ်၏ အမှုဆောင်အမတ်များ မင်းတိုင်ပင် အမတ်များ ဘဏ္ဍာရေးအမတ်များ အမတ်ချုပ်များ စစ်သည်ဗိုလ်ပါများ တံခါးမှူးများနှင့် ပညာရှိ အမတ်များ ကိုလည်း စည်းဝေးစေ၍ အပြစ်ကင်းသော စကြဝတေး ကျင့်ဝတ်ကို မေးမြန်းဆွေးနွေးကြစေ၏။ ဤတွင် အသက်တမ်း ဆုတ်ယုတ်သော ကာလနှင့် ပတ်သက်သည့် အနာဂတ်စကားများလည်း ပါဝင်ခဲ့ပေသည်။

## ကမ္ဘာကျော်သူခိုးမှူးခင်းစတင်ပုံ

ဗုဒ္ဓရှင်တော်မြတ်သည် သံသရာပြင်ကျယ်သတ္တဝါပင်လယ်ကြီးကို အကြွင်းမဲ့ မြင်စွမ်းတော်မူသည်၊ သိစွမ်းတော်မူသည်။ အဇ္ဈတ္တ, ဗဟိဒ္ဓ,အတိတ်, အနာဂတ် ပစ္စုပ္ပန် ကာလသုံးတန် အားဖြင့်လည်း ပိုင်းခြားလျက် ဝေဘန်စိတ်ဖြာ၍ သတ္တဝါ သခါရကို ရှုငဲ့ဆင်ခြင်တော် မူလေ့ရှိသည်။ သတ္တဝါလောကသားတို့၏ ဖြစ်ပျက်မှုအစဉ်ကိုလည်း ပြည့်နိတော် မူတတ်ပါပေသည်။ သက်ရှိသတ္တဝါအားလုံး၏ လမ်းညွှန်လည်း ဖြစ်ပါပေ၏။

ရဟန်းတို့ ယောကျာ်းတယောက်သည် သူတပါး ဥစ္စာကို ခိုးယူ၏၊ ထိုယောကျာ်းကို ဖမ်းကုန်၏။ မင်းအားပြကြကုန်၏။ မင်းသည် "အချင်းယောကျာ်း သင်သည် သူတပါးဥစ္စာကို ခိုးယူ၏ဟူသည် မှန်သလော" ဟု မေး၏။

ခိုးသူလည်း "မှန်ပါသည်မင်းမြတ်" ဟု လျှောက်တင်၏။ မင်းကြီးလည်း "အဘယ်ကြောင့် ခိုးသနည်း" ဟု မေးပြန်၏။ ခိုးသူလည်း "မင်းမြတ် အသက်မွေးမှု မလုံလောက်သောကြောင့် ခိုးပါသည်" ဟု လျှောက်၏။

လောက၌ ဆင်းရဲသောသူသည် အကြံဉာဏ်မဲ့သူ ဖြစ်တတ်၏။ သဒ္ဓါတရား နည်းပါး၏။ အားထုတ်မှု ဝီရိယလည်း လျော့နည်းတတ်၏။ မှားယွင်းစွာပင် အားထုတ် တတ်ကြပြန်၏။ ထိုသို့သော ဒုက္ခိတသတ္တဝါမျိုး၏ ဘဝပေးနှင့် ဖြင်ရှိနေမှုကိုလည်း ကရုဏာပင် သက်ဖွယ်ကောင်းလှသည်။ ပြုပြင်ရန် ခက်ခဲသော သတ္တဝါ သခ်ါရတရပ်ပင် ဖြစ်၏။

"ရဟန်းတို့ ထိုမင်းသည် ယောကျာ်း သင်သည် ဤဥစ္စာဖြင့် ကိုယ်တိုင်လည်းအသက်မွေးလော့၊ မိဘကိုလည်း ကျွေးမွေးလော့၊ သားမယားကိုလည်း ကျွေးမွေးလော့၊ အလုပ်အကိုင်တို့ကိုလည်း လုပ်ကိုင်လော့၊ အထက်အထက်ဖြစ်သောဘုံတို့သို့ လားရောက်ကြောင်း ကောင်းမြတ်သော အကျိုးဆယ်ပါးကို

ပွါးတိုးဖြစ်စေတတ်သော အလှူကို သမဏ ဗြာဟ္မဏ တို့၌ တည်စေပါလော့”ဟု ဆို၍ ထိုယောကျ်ားအား ဥစ္စာကို ပေး၏။ ရဟန်းတို့ ထိုယောကျ်ားသည် မင်း မြတ် ကောင်းပါပြီဟု ဝန်ခံ၏။

ဤကား မင်းကောင်းမင်းမြတ်တို့၏ အမှန်တကယ် ဆင်း ရဲသားတို့အပေါ်၌ ရင်ဝယ်သားနှင့်မခြား စိတ်ကောင်းထား ၍ ကျင့်ဆောင်ခြင်းပင် ဖြစ်သည်။

(၁) အလှူပေးခြင်း
(၂) သီလဆောက်တည်ခြင်း
(၃) ပေးကမ်းစွန့်ကြဲခြင်း
(၄) ကိုယ်နှုတ်နူးညံ့သိမ်မွေ့ခြင်း
(၅) ဥပုသ်စောင့်သုံးခြင်း
(၆) အမျက်မထွက်ခြင်း
(၇) ရဟန်းရှင်လူ ပြည်သူကို မဆန့်ကျင်ရခြင်း
(၈) ပြည်သူလူထုကို မညှဉ်းဆဲရခြင်း
(၉) သည်းခံရခြင်းနှင့်
(၁၀) ဖြောင့်မတ် မှန်ကန်စွာကျင့်ဆောင်ရခြင်းဟူသော မင်းကျင့်တရား ဆယ်ပါးနှင့်လည်း ညီညွတ်နေပေသည်။

## လိမ်မှုအကုသိုလ်ကြောင့် အကျိုးမဲ့ဖြစ်ရပုံ

ရဟန်းတို့ လူတို့သည် အချင်းတို့ သူတပါး ဥစ္စာ ကို ခိုးယူသူတို့အား မင်းသည် ဥစ္စာကို ပေးသတဲ့ဟု

ကြွားကုန်၏။ သတင်းပြန့်နှံ့ကုန်၏။ ယင်းသို့ကြွား သဖြင့်“ငါတို့သည်သည်း သူတပါးဥစ္စာကို ခိုးယူရမှု ကောင်းလေစွ”ဟု အကြံဖြစ်ကြကုန်၏။ ခိုးလည်း ခိုးယူကြကုန်၏၊ ထိုအခါ ရှေးနည်းအတူ ခိုးသူအား ဖမ်း၍ မင်းထံသို့ ပို့ကြပြန်၏၊ မင်းသည် “အသင် ယောကျ်ား အဘယ်ကြောင့် ခိုးသနည်းဟု”မေး၏၊ ခိုးသူလည်း “မင်းမြတ် အသက်မွေးမှု မလုံလောက် သောကြောင့် ခိုးပါသည်”ဟု လျှောက်၏။

ဤတွင် လိမ်ညာ၍ အသက်မွေးကြပြန်သည်၊ အသက်မွေး မှု၌ လိမ်ညာကြပြန်သည်။ လူမိုက်သည် စီးပွါးရေး ကြီးပွါး ရေး၌ အခွင့်ရသော် ဖေါက်ပြန်လာတတ်ကြသည်။ ဝိသမ လောဘ သားဟု ကဲ့ရဲ့အပ်ကုန်၏။ ထိုဝိသမလောဘသား လူမိုက်အနွှသည် မိမိ၏ဖြစ်ပေါ်လာမည့် အနာဂတ် ကံကြမ္မာ ကိုပင် မတွေးမထင် မသိမြင်နိုင်ဘဲ ရှိတတ်လေသည်။

ရဟန်းတို့ ထိုအခါ မင်းအားဤသို့အကြံ ဖြစ် ပေါ်လာ၏။ သူတပါးဥစ္စာကို ခိုးယူသောသူအား အကယ်၍ ငါသည် ဥစ္စာကိုပေးအံ့။ ဤသို့ပေးနေ ခဲ့လျှင် ခိုးမှုသည် တိုးပွါးလတံ့။ ငါသည် ခိုးသူကို ကောင်းစွာ နှိပ်ကွပ်ခြင်းဖြင့် နှိပ်ကွပ်ရမှု ကောင်း လေစွ၊ ခိုးမှုအမြစ်ပြတ်အောင်ပြုရမှု ကောင်းလေစွ၊ ထိုသူ၏ ဦးခေါင်းကိုဖြတ်ရမှု ကောင်းလေစွ” ဟု အကြံဖြစ်ပေါ်လာ၏။

ရဟန်းတို့ ထိုအခါမင်းသည်မင်းချင်းယောကျ်ား တို့ကို အမိန့်ပေး၏။ အချင်းတို့ ထိုသို့ဖြစ်လျှင် ဤခိုးသူယောကျ်ားကို မြဲမြံခိုင်ခံ့သော ကြိုးဖြင့် လက်ပြန်ကြိုး တုပ်လျက် ခေါင်းတုံးရိတ်ပြီး စည်တီးကာ လမ်းဆုံဘခုမှ လမ်းဆုံတခုသို့ ခေါ်ဆောင်ကာ တောင်တံခါးမှ ထွက်ပြီးသော် မြို့၏ တောင်ဘက်၌ ကောင်းစွာ နှိပ်ကွပ်ခြင်းဖြင့် နှိပ်ကွပ်ကြကုန်လော့၊ အမြစ်ပြတ်အောင် ထိုခိုးသူ၏ဦးခေါင်းကို ဖြတ်ကုန်လော့”ဟု အမိန့်ပေးလေသည်။

ထိုနောက် မင်းချင်းယောကျ်ား တို့သည်လည်း “မင်းမြတ် ကောင်းပါပြီ”ဟုဝန်ခံကြပြီအမိန့်အတိုင်း ပြုစီရင်ကြကုန်၏။ နောက်ထပ်ပေါ်သော အမှုတို့ကို လည်း ၎င်းနည်းတူ အပြစ်ပေးကုန်၏။

ဆင်းရဲလွန်းအားကြီးလာသောသူသည် ကြံမိကြံရာ ကြံတတ်၏။ ဆိုးသွမ်းသော အမှုအကျင့်များ မွေးလာကြသည်။ ခိုးကြသည် တိုက်ခိုက်လုယူတတ်ကြသည်၊ ဆူပူအော်ဟစ်တတ်ကြသည်၊ ဆင်းရဲတွင်းမှ လွတ်ကင်းထွက်မြောက်ရာကို မတာရား တိုးပွါးလာသော သူ့အသက်သတ်မှုများ တနေ့တခြားများလာကုန်၏။ နည်းလမ်းများစွာဖြင့်ရှာကြံတတ်ကြသည် တချို့လည်း လွဲမှားသော လမ်းစဉ်တို့ဖြင့် ဖေါက်ပြန်ပြုမူတတ်ကြလေသည်။

## မကောင်းမှုဒုစရိုက် ကံအဆင့်ဆင့် လွန်ကဲလာသောကြောင့် အသက်တမ်းဆုတ်သော ကာလ

အသက်သတ်မှု များလာသော် သတ္တဝါတို့၏ အသက်သည်လည်း ဆုတ်ယုတ်လာ၏၊ အဆင်းသည်လည်း ဆုတ်ယုတ်လာ၏၊ ထိုအခါ အနှစ်ရှစ်သောင်း သက်တမ်းမှဆုတ်ယုတ်၍ အနှစ်လေးသောင်း အသက်ရှည်ကုန်၏။

ထိုနောက်သူ့ဥစ္စာကို ခိုးပါကုန်လျက်"မခိုးပါမင်းမြတ်" ဟူ၍ မဟုတ်မမှန် မုသားကံစကားတို့ကို ပြောဆိုကြကုန်၏၊ ထိုအခါ အနှစ်လေးသောင်းသက်တမ်းမှ ဆုတ်ယုတ်၍ အနှစ်နှစ်သောင်း အသက်ရှည်ကုန်၏။

ထိုနောက် တစုံတယောက်သောသူက "မင်းမြတ် ဤသူဟာ သူဥစ္စာကို ခိုးယူသူမှန်ပါသည်"ဟု ကုံးချောခြင်းကိုပြု၏၊ ထိုအခါ အနှစ် နှစ်သောင်း သက်တမ်းမှဆုတ်ယုတ်၍ အနှစ်တသောင်းသာ အသက်ရှည်ကုန်၏။

ထိုနောက် လူတို့တွင် အချို့ကား အဆင်းလှကုန်၏၊ အချို့ကား အဆင်းမလှကုန်။ အဆင်းမလှသော သူတို့သည် အဆင်းလှသူတို့ကို တပ်မက်ကုန်၏။ သူတပါး တို့၏ သားမယားတို့ကို လွန်ကျူးကြကုန်၏၊ ထိုအခါ လူတို့၏ အသက် အဆင်းသည် ဆုတ်ယုတ်ခြင်းသို့ ရောက်ကုန်၏။ အနှစ်တ

သောင်း သက်တမ်းမှ ဆုတ်ယုတ်၍ အနှစ် ငါးထောင်သာ အသက်ရှည်ကုန်၏။

ထိုနောက် လူတို့သည် ကြမ်းတမ်းသော(ဖရုသဝါစာ) စကား ပြိန်ဖျင်းသော(သမ္ဖပလာပဝါစာ) စကား ဟူသော ဝစီကံအယုတ် တရား နှစ်ပါးတို့သည် ပွားများကြကုန်၏။ ထိုအခါ လူတို့၏ အသက် အဆင်းသည် ဆုတ်ယုတ်ခြင်းသို့ ရောက်ကုန်၏။ အနှစ်ငါးထောင် သက်တမ်းမှ ဆုတ်ယုတ်၍ အချို့ အနှစ် နှစ်ထောင့်ငါးရာ ရှည်ကုန်၏၊ အချို့ အနှစ် နှစ်ထောင် ရှည်ကုန်၏။

ထိုနောက် လူတို့သည် မတရား လိုချင် တပ်မက်ခြင်း အဘိဇ္ဈာ, ပျက်စီးစေလိုခြင်း ဗျာပါဒ, ဟူသော မနောကံ အယုတ်တရား နှစ်ပါးတို့သည် ပွားများ လာကြ ပြန်၏။ ထိုအခါ လူတို့၏ အသက် အဆင်းသည် ဆုတ်ယုတ်ခြင်းသို့ ရောက်ကုန်၏။ နှစ်ထောင်, နှစ်ထောင့်ငါးရာ သက်တမ်းမှ ဆုတ်ယုတ်၍ အနှစ်တထောင်သာ အသက်ရှည်ကုန်၏။

ထိုနောက် လူတို့သည် မှားသော အယူဝါဒများ ဖြစ်ရှိ ပေါ်ပေါက်လာကြကုန်၏။ ထိုအခါ လူတို့၏အသက်အဆင်း သည် ဆုတ်ယုတ်ခြင်းသို့ ရောက်သဖြင့် အနှစ်တထောင် သက် တမ်းမှ ဆုတ်ယုတ်၍ အနှစ်ငါးရာသာ အသက်ရှည်ကုန်၏။

ထိုနောက် လူတို့သည် မတရားတပ်မက်ခြင်း "ဝိရာဂဓမ္မ" လွန်စွာတပ်မက်ခြင်း "ဝိသမလောဘ" များယွင်းစွာ ယူဆ

ကျင့်ကြံခြင်း“မိစ္ဆာဓမ္မ” ဤတရားသုံး သုံးပါးတို့သည်လည်း ပွားကုန်၏။ ထိုအခါ လူတို့၏ အသက်အဆင်းတို့သည် ဆုတ်ယုတ်သဖြင့် အနှစ်ငါးရာ သက်တမ်းမှယုတ်၍ အချို့ အနှစ်နှစ်ရာ့ငါးဆယ် အချို့ အနှစ် နှစ်ရာ အသက်ရှည်ကုန်၏။

ဤကား လူ့၏မကောင်းမှုကံ ရုပ်ဓာတ် နာမ်ဓာတ်၏ အစွမ်းကြောင့် လူတို့၏ အသက်အဆင်း ဆုတ်ယုတ်ခြင်းနှင့် လျော့နည်းလာသော သက်တမ်းတို့ကို အဆင့်ဆင့် ပြဆိုခြင်းပင် ဖြစ်သည်။ ဗုဒ္ဓရှင်တော်မြတ်သည် လူတို့၏ဖြစ်စဉ်သဘောသရုပ်တို့ကို အောက်ပါအတိုင်း ဆက်လက်ဖေါ်ထုတ် ဟောပြတော်မူခဲ့ပြန်သည်။

## ညစ်ညမ်းသော စိတ်အမူအရာတွေကြောင့် ဆိုးသွမ်းသော ကိုယ်နှုတ် အမူအရာတွေပေါ်လာကာ အသက်တန်းတဖြေးဖြေးဆုတ်သွားပုံ

ရဟန်းတို့....ဤသို့လျှင် ပစ္စည်းဥစ္စာမရှိသူတို့အား ပစ္စည်းဥစ္စာကို မပေးသော် ဆင်းရဲခြင်း ပွားများလာ၏၊ ဆင်းရဲခြင်း ပွားများလာသော် သူတပါးဥစ္စာကို ခိုးယူမှု ပွားများလာ၏၊ ခိုးယူမှု များလာသော် လက်နက်ပွားများလာ၏၊ လက်နက်ပွားများလာသော် အသက်သတ်မှုပွားများလာ၏၊ အသက်သတ်မှု ပွားများလာသော် မဟုတ်မမှန် ပြောဆိုမှု

များလာ၏၊ မဟုတ်မမှန် ပြောဆိုမှု များသော် ဂုံးချောမှု များလာ၏၊ ဂုံးချောမှု များလာသော် ကာမဂုဏ်တို့၌ မှားယွင်းစွာကျင့်မှု ပွားများလာ၏၊ ကာမဂုဏ်မှု များလာသော် ကြမ်းထမ်းသောစကား ပြိန်ဖျင်းသောစကား ပွားများလာကုန်၏။ ထိုတရား နှစ်ပါး ပွားများလာသော် လိုချင်တပ်မက်ခြင်း, ပျက်စီးစေလိုခြင်း, တရားဆိုးတို့ပွားများလာကုန်၏၊ ထိုတရားတို့ ပွားများလာသော် မှားယွင်းသော အယူဝါဒ များပြားလာ၏၊ အယူဝါဒမှားများ ပွားများလာသော် မတရားတပ်မက်ခြင်း, အလွန် အကျူးတပ်မက်ခြင်း,မှားသောအကျင့်ရှိခြင်းတရား တို့သည် ပွားများကုန်၏။

ထိုသို့ပွားများကုန်သော် ...

အမိ၌ ပြုသင့်သောဝတ်ကို ကောင်းစွာ မပြုခြင်း။

အဖ၌ ပြုသင့်သောဝတ်ကို ကောင်းစွာမပြုခြင်း။

သမဏတို့၌ ပြုသင့်သောဝတ်ကိုကောင်းစွာမပြုခြင်း။

ဗြာဟ္မဏတို့၌ ပြုသင့်သောဝတ်ကို ကောင်းစွာ မပြုခြင်း

လူကြီးတို့ကို ရိုသေမှု မပြုခြင်းဟူသော တရားဆိုးတို့ သည် ပွားများလာကုန်၏။

ဤတရားတို့ ပွားများလာကုန်သော် လူတို့၏ အသက်အဆင်းသည် ဆုတ်ယုတ်၏။ အနှစ် နှစ်ရာငါးဆယ်တန်းမှ ဆုတ်ယုတ်၍ အနှစ်တရာသာ အသက်ရှည်ကုန်၏။

**မှတ်ချက်။** ။ဂေါတမ ရှင်တော်မြတ်၏ ရွှေလက်ထက်တော်ကာလသည် အသက်တရာ (၁၀၀)တမ်းဖြစ်သည်ဟု သာသနာဝင်ကျမ်းဂန်တို့၌ မိန့်ဆိုဖွင့်ပြကြသည်။

သက်တမ်းသည် "ဆုတ်စရှိလျှင် ဆုတ်ချင်ချင်တည်း" ဆိုသကဲ့သို့ အကုသိုလ်တရားပွားများလေ လူတို့၏ အသက်အဆင်းတို့သည် ဆုတ်ယုတ်လေပင်ဖြစ်သည်။ အသက်တမ်းတက်သောကာလ၌လည်း "တက်စရှိလျှင်တက်ချင်ချင်တည်း" ဆိုသကဲ့သို့ ကုသိုလ်တရားတစတစများပြားလာလေ လူတို့၏ အသက်တမ်းတက်လေပင်ဖြစ်သည်။

လူတို့၏ကံတရား (တနည်း) ကုသိုလ် အကုသိုလ်ဟူသော နာမ်တရားတို့၏ ဖြစ်ရှိဖန်တီးမှုသည် အလွန် ဆန်းကြယ်ဘိသည်။ လူသတ္တဝါတို့၏သခ်ါရလောက ဖြစ်ပျက်ဟန်တို့သည် အတက်ရှိသလို အဆင်းလည်းရှိပြီး ဆင်းသက်ခြင်းမှတိုးတက်ခြင်းသို့လည်း ရောက်တတ်ပြန်လေသည်။

လူတို့၏သက်တမ်းသည် အနှစ်တရာ (၁၀၀) စေ့လျှင် တနှစ်ဆုတ်ယုတ်သည်ဟုအဆိုရှိသည်။ ယခု ဆုတ်ကပ်အခါကာလ၌ အသက်တမ်းသည် မတိုးသေးဘဲဆုတ်မြဲဆုတ်နေချိန်ဟု ဆိုကြလေသည့်။

ဥပမာ—ဗုဒ္ဓရှင်တော်မြတ် ရွှေလက်ထက်တော်၌ လူတို့၏ အသက်တမ်းသည် တရာတန်းဖြစ်သည်။ ယခုအခါ သာသနာတော်မြတ်၏ သက္ကရာဇ်ကား ၂၅၀၀–ကျော် ရှိနေပေပြီ။ ထိုကြောင့် အသက်ဆုတ်တမ်းမှာ တရာကို တနှစ်ယုတ်တွက်သော် ၂၀၀၀–၌ ၂၀–နှစ် ၅၀၀ ၌ ၅–နှစ် ပေါင်း ၂၅–နှစ် ယုတ်ခဲ့ပြီဟုဆိုနိုင်သည်။ ထိုကြောင့် ယခုကာလတွင်တကမ္ဘာလုံး၌ ယေဘုယျအားဖြင့် ၇၅–နှစ်ပတ်ဝန်းကျင်၌သာ အသေများကြသည်ကို ငြင်းကွယ်၍မရ မျက်မြင် ကြုံတွေ့နေကြရလေသည်။ သို့သော် ဥတုနှင့် အာဟာရ အလွန်အချိုးကျအောင် ပြုပြင် ဖြည့်စွက်တတ်ပါက တရာ,တရာကျော် အသက်ရှည်သူများလည်း ဤကမ္ဘာလောကကြီး၌ ရှိနိုင်ပေကုန်သည်။

## “ မြန်မာကဗျာဂါထာ ”

* မရှိမွဲမျိုး, ဆိုးခိုးဖေါက်ပြန်၊
စရိုက်ယွင်းချွတ်, စားဝတ်ကိုဖန်၊
ရှိပြန်သော်လဲ, စောင့်ခဲသည်မှန်၊
လူ့ဘုံရပ်, ဆုတ်ကပ်ကြုံရဟန်။

* ခိုးဆိုးမဝ, လောဘမီးထန်၊
တိုက်ခိုက်မလပ်, သတ်ကြတန်တန်၊
သူခိုးကြီးက, ဓါးမြကြီးမှန်၊
လူ့ဘုံရပ်, ဆုတ်ကပ်ကြုံရဟန်။

* သတ်, ခိုး, ကာမ, ပြုကြကြိမ်ဖန်၊
လိမ်, ဖျင်း, ကြမ်းပြော, ဂုံးချောတန်တန်၊
အဘိဇ္ဈာ ဗျာပါဒ, အဓမ္မရာဂံ၊
ဝိသမ, လောဘ မိစ္ဆာလုံ၊၊

* နာမ်ခေတ်သွမ်းဆိုး, အကုသိုလ်များဒဏ်၊
လောကဘရိုး, ပျက်ညှိုးစေရန်၊
အသက်တမ်းဆုတ်, ဆင်းယုတ်ကိုဖန်၊
လူ့ဘုံခင်း, ယိုယွင်းရမြဲမှန်၊၊

## ဆယ်နှစ်သက်တမ်း ကာလ

ဗုဒ္ဓရှင်တော် မြတ်ဘုရားသည် အိုးငယ် ခွက်ငယ်တို့ဖြင့် **ကစား** သကဲ့သို့ အိမ်ထောင်ကျလတ့ံသော "မြေဇာပင် ပုခက်လွှဲသောခေတ်"၏ ဖြစ်လတ့ံ အနာဂတ် အရေးတို့ကို လည်း ဤသို့ မိန့်တော်မူခဲ့ ပြန်၏။

ရဟန်းတို့ လူဘို့၏ သားသမီးတို့သည် ဆယ်နှစ် အသက်ရှည် အံ့သော အခါမျိုးသည် ရောက်လတ့ံ။

ရဟန်းတို့ လူတို့သည် ဆယ်နှစ်သာ အသက်ရှည် ကုန်သည်ရှိသော် ငါးနှစ်အရွယ်ရှိ သတို့သမီးတို့သည် လက်ထပ်ထိမ်းမြားနိုင်သော အရွယ်ရောက်သူတို့ ဖြစ် ကုန်လတ့ံ။ ရဟန်းတို့ ဆယ်နှစ် အသက်ရှိသော လူ

တို့၌ ဤမြတ်သော အရသာတို့သည် ကွယ်ပျောက်ကုန်လတ္တံ့။

အဘယ် သည်တို့နည်း ဟူမူကား … ထောပတ်, ဆီဦ, ဆီ, ပျား, တင်လဲ, ဆား တို့ပင်တည်း။

ရဟန်းတို့ ဆယ်နှစ် အသက်ရှိ ကုန်သော လူတို့၌ ကြမ်းတမ်းသော လူးထမင်းသည် စားဖွယ်တို့တွင် အမြတ်ဆုံး ဖြစ်လတံ့။ ရဟန်းတို့ ယခုအခါ စားဖွယ်တို့တွင် အသားရောသော သလေးထမင်းသည် အမြတ်ဆုံး ဖြစ်သကဲ့သို့ ရဟန်းတို့ ဤအတူ ဆယ်နှစ် အသက်တမ်း ရှိသူတို့၌ ကြမ်းတမ်းသော လူးထမင်းသည် စားဖွယ်တို့တွင် အမြတ်ဆုံး ဖြစ်လတ္တံ့။

နောင် အနာဂတ် ကာလ၌ "ငယ်သော သစ်ပင်ချုံနွယ်တို့သည် သီးကုန်ပွင့်ကုန် သကဲ့သို့ ငယ်သော သတို့သမီးတို့သည် အိမ်ထောင်ကျလျက် ကိုယ်ဝန်ကို ယူဆောင်ကြ ကုန်လတ္တံ့" ဟူသော ကောသလအိပ်မက်လာ စကားတို့နှင့် အလွန်ညီညွတ်နေပေသည်။

ဆီဦး, ထောပတ်, ပျား, တင်လဲ, ဆားဟူသော အရသာ စားသုံးဖွယ်များ သည်လည်း အနာဂတ် ကာလ၌ မုချပင် ရှားပါး နိုင်ပေသည်။ ဆန်ရေစပါးလည်း ခေါင်းပါး၍ ခဲယဉ်းစွာရရှိသုံးဆောင်ခြင်း ပြုကြရပေကုန်မည်။ ယခုကာလ

ဥပင် စားနိုင်ရ်ကြွာ ပြဿနာသည် တက်သော ဒီရေပမာ တည်း။ ။

## မြန်မာကဗျာ ဂါထာ

* အသက်တမ်းစစ်, ဆယ်နှစ်ချိန်ခါ၊
ငါးနှစ်ရွယ်က, ထိမ်းမြားအိမ်ယာ၊
ဆီဦး, ထော, ပျား, ဆားတို့ကွယ်ကာ၊
လူးထမင်း ခဲယဉ်းမြတ်အာစာ။

* ထက်မြက်ရာဂ ကိန်းကြသူမှာ၊
ဆင်းရဲမျိုးများ တိုးပွါး၍လာ၊
အသက်တမ်းယုတ် ဆုတ်ကပ်အခါ၊
ဟောဖော်ပြ မုချဖြစ်လိမ့်သာ။

## အသက်တမ်းတိုသော အချိန်ကာလ၌ အကုသိုလ်ထန်ကြွ သတ်ဖြတ်ကြ

"ရဟန်းတို့ ဆယ်နှစ် အသက်ရှည်သော လူတို့၌ ကုသလ ကမ္မပထတရား ဆယ်ပါးတို့သည် အကြွင်းမဲ့ ကွယ်ပျောက်ကုန်လတ္တံ့။ အကုသလ ကမ္မပထတရား ဆယ်ပါးတို့သည် အလွန်လျှင် ထွန်းပကုန်လတ္တံ့။ အလွန်လျှင် အားကောင်း၍ ထက်မြက်ကုန်လတ္တံ့။

ရဟန်းတို့ ဆယ်နှစ် အသက်ရှည်သော လူတို့၌ ကောင်းမှု ဟူသော အမည်မျှသည်လည်း မရှိလတ့ံ။ ကောင်းမှုကို ပြုသူကား အဘယ်မှာ ရှိအံ့နည်း။

"ရဟန်းတို့ ဆယ်နှစ်အသက်ရှည်သော လူတို့တွင် အမိ၌ ကောင်းစွာ ပြုသင့်သောဝတ်ကို မပြုသူ အဖ၌ ကောင်းစွာ ပြုသင့်သောဝတ်ကို မပြုသူ သမဏတို့၌ ကောင်းစွာ ပြုသင့်သောဝတ်ကို မပြုသူ ဗြာဟ္မဏတို့၌ ကောင်းစွာ ပြုသင့်သောဝတ်ကို မပြုသူ အမျိုး၌ကြီး သူတို့ကို ရိုသေ တုပ်ဝပ်မှု မပြုသူတို့သည် အပူဇော်ခံ များ ဖြစ်ကုန်လတ့ံ။ ချီးမွမ်းခံများ ဖြစ်ကုန်လတ့ံ"။

"ရဟန်းတို့ ဆယ်နှစ် အသက်ရှည်သော လူတို့၌ အမိ ဟူ၍ရင်း၊ မိကြီး မိထွေး ဟူ၍ရင်း အရီးကြီး အရီးလေး ဟူ၍ ရင်း ဆရာ့မယား ဟူ၍ရင်း၊ အလေးအမြတ် ပြုထိုက်သူတို့၏ မယား ဟူ၍ရင်း ရိုသေ လေးစားသောစိတ် မရှိသည် ဖြစ် လတ့ံ။ ဆိတ်, သိုး, ကြက်, ဝက်, ခွေး, မြေခွေးတို့ ကဲ့သို့ လောကသည် ရောယှက်ခြင်းသို့ ရောက်လတ့ံ။ (မတပ်စွန်း သင့်သော အရာ၌ တပ်စွန်းသော ရာဂစိတ်ဟု အဋ္ဌကထာ၌ ဖွင့်ဆို၏။)

ကာမစိတ်သည် အလွန်မိုက်မဲ၏။ ကာမစိတ်သည် အလွန် ကြမ်းတမ်း၏။ ကာမစိတ်သည် ကြောင်းကျိုး မဆင်ခြင်နိုင် မှောင်အတိသာ ကျ၏။ ရာဂထူပြောသော ကာလ၌ လူတို့

သည် ကာမေသုမိစ္ဆာစာရ အမှု၌ ကြောက်မက်ဖွယ်ကောင်း အောင် ဖေါက်ပြား ကျင့်မှားကြ ကုန်မည်သာတည်း။ စက် ဆုပ်ရွံဖွယ် တရားဆိုးတို့ပေတည်း။

"ရဟန်းတို့ ဆယ်နှစ်အသက်ရှည်သော လူတို့၌ အချင်း ချင်း ပြင်းထန်သော အမျက်ထွက်ခြင်း၊ ပျက်စီးစေလိုခြင်း၊ မလိုမုန်းထားခြင်း၊ သတ်လိုစိတ် ရှိခြင်းသည် ထင်ရှား ဖြစ် လတံ့။ အမိအဖတို့ကလည်း သားသမီး အပေါ်၌ သား သမီးတို့ကလည်း အမိအဖတို့ အပေါ်၌ မောင်ကလည်း နှမ, နှမကလည်း မောင်အပေါ်၌ ပြင်းထန်သော အမျက်ရန်ငြိုး ထားခြင်းသည် ဖြစ်လတံ့"။

ရဟန်းတို့ သားသမင်ကို တွေ့သော် မုဆိုးအား ပြင်းထန်သော အမျက်ထွက်ခြင်း,ပျက်စီးစေလိုခြင်း, မလိုမုန်းထားခြင်း,သတ်လိုစိတ်ရှိခြင်းသည် ဖြစ်ပေါ် သကဲ့သို့ ရဟန်းတို့ ဤအတူ ဆယ်နှစ်အသက်ရှည် သော လူတို့၌ ထိုသတ္တဝါအချင်းချင်း ပြင်းထန်သော အမျက်ထွက်ခြင်း ပျက်စီးစေလိုခြင်း မလိုမုန်းထား ခြင်း သတ်လိုစိတ်ရှိခြင်းသည် ဖြစ်ပေါ်လတံ့။

ရဟန်းတို့ ဆယ်နှစ်အသက်ရှည်ကုန်သော လူတို့၌ ခုနစ်ရက်ပတ်လုံး ဓားစသော လက်နက်တို့ဖြင့်သတ် ဖြတ်ခြင်းဟူသော သတ္တန္တရကပ်သည် ဆိုက်ရောက် လတံ့။ ထိုသူတို့အချင်းချင်း သားကောင်ဟု မှတ်

ထင်ကြကုန်လတံ့။ ပြင်းထန်သော လက်နက်တို့သည် ထိုသူတို့၏ လက်တို့၌ ထင်ရှားဖြစ်ကုန်လတံ့။ ထိုသူတို့သည် ပြင်းထန်သော လက်နက်ဖြင့် "ဤသည် ကား သားကောင်တည်း" ဟု အချင်းချင်းသတ်ဖြတ်ကြကုန်လတံ့။

အကုသိုလ်တရားသည် ပွါးများ လာပြီဖြစ်၍ မီးများသောအခါ မီးသာနိုင်ပြီး အဟုန် ပြင်းစွာ လောင်ဘိသကဲ့သို့ အကုသိုလ်အမှုဖြစ်သော ရက်စက်ကြမ်းကြုတ်စွာ သတ်ဖြတ်ခြင်း တို့သာ တလောကလုံး ပွါးများဖြစ် ရှိကြကုန်တော့၏။

## သတ္တဝါတွေ အသက်ရှည်ခြင်းသည် အခြေခံအကြောင်းမှန်ကတော့ မေတ္တာတရားဖြစ်ပုံ

ရဟန်းတို့ ထိုအခါ သတ္တဝါတို့တွင် အချို့သောသတ္တဝါတို့အား ဤသို့အကြံဖြစ်လတံ့။ ငါသည် တစုံတယောက်ကို မသတ်ကုန်အံ့၊ ငါတို့ကိုလည်း တစုံတယောက်သည် မသတ်စေသတည်း။ ငါတို့သည် မြက်တော ချုံနွယ်တော သစ်ပင်တောနှင့် ရောက်နိုင်ခဲသော မြစ်လယ်ကျွန်းသို့ရင်း တောင်ချောက်ကြားသို့ရင်း ဝင်၍ တောသစ်မြစ်သစ်သီးကို အစာပြု၍နေရပါမူ ကောင်းလေစွ" ဟု အကြံဖြစ်၏။

ထိုသူတို့သည် ၎င်းနေရာတို့သို့ဝင်၍ ခုနစ်ရက်ပတ်လုံး တောသစ်သီး သစ်မြစ်တို့ကိုသာ စားသုံးမျှတ နေကြကုန်လတံ့။ ထိုသူတို့သည် ခုနစ်ရက်လွန်သော် ၎င်းနေရာတို့မှ ထွက်ကုန်၍ အချင်းချင်း တွေ့သဖြင့် ပွေ့ဖက် ကုန်လျက် "အချင်းတို့ သတ္တဝါတို့ကို မြင်ရကုန်သေး၏။ ငါအသက်ရှင် သကဲ့သို့ သင်လည်း အသက်ရှင်ပေ၏"ဟု သဘောတူဝမ်း မြောက်စွာ ဖြစ်ကုန်လတံ့။ သက်သာခြင်းသို့ ရောက်ကုန်လတံ့။ ။

အကုသိုလ် တရားဆိုးသည် ကာလတာရှည်စွာ မဖြစ်ရှိနိုင်ချေ၊ အရှိန် ကောင်းခိုက်တွင် တချိတ မောင်းသာ တက်လာခြင်းဖြစ်သည်။အရှိန်ကုန်သော ကာလ၌ ရေစရောက်သော မီးကဲ့သို့ အလိုလိုသေ တတ်မြဲ ဓမ္မတာပင် ဖြစ်သည်။ မိုးသက်မုန်တိုင်း သည်လည်း ပြင်းထန်စွာ တိုက်ခတ်ပြီးလျှင် တဖန် ရပ်စဲကာ ကြည်လင်လာတတ်ပြန်သော သဘောရှိ ပေသည်။

ဤကား လူတို့သက်တမ်း ဆုတ်ယုတ် လတံ့ သော အခြင်းအရာကို ပြဆိုခြင်းပင် ဖြစ်သည်။ ဆယ်နှစ်တမ်းကာလ၌ ဖြစ်ပျက်လတံ့သောသဘော သရုပ်တို့ကို ဖော်ထုတ် ဟောကြားတော်မူခြင်းပင် ဖြစ်သည်။

နောက်နှောင်း နောင်လာ အမျိုးကောင်းသား အမျိုးကောင်း သမီးတို့အား ဗဟုသုတ သံဝေဂ ဖြစ်စေခြင်းငှါ ဗုဒ္ဓရှင်တော်မြတ် ဟောတော်မူရင်း သုတ်ပါဠိထေယျ ပါဠိတော်လာ စက္ကဝတ္တိ သုတ်မှ ထုတ်နုတ် ဖော်ပြအပ်သော ဆယ်နှစ်သက်တမ်း ကာလ၏ အနာဂတ်စကား ဤတွင်ပြီးပါပြီ။ ။

## မြန်မာ ကဗျာဂါထာ

* ဆယ်နှစ်သက်တမ်း, လူ့ခမ်းမြို့ရွာ
ကုသိုလ်ကမ္မ, လုံးဝဆိတ်ကာ
အကုထွေပြော, သောသောညံစွာ
ဒေါသမီး, ထိန်ညီးလောင် လိမ့်သာ။

* ရိုသေကင်းမဲ့, ညှဉ်းဖွဲ့မာန်လွှာ
ဒေါသထန်ပြင်း, တင်းကြသောခါ
သတ္တန္တရ, ဆိုက်ကပ်ရောက်လာ
သွေးချောင်းဆင်း, ချင်းချင်းသတ်ကြရာ။

# အနာဂတ်အတွက်
# ကောသလ အိပ်မက်ခန်း

(မဟာသုပိနဇာတက ပါဠိတော် နှင့် ၎င်းအဋ္ဌကထာမှ ထုတ်နုတ်သည်)

ဗုဒ္ဓရှင်တော် မြတ်ဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ ကိန်းအောင်းမွေ့လျော်စံတော်မူစဉ် ကောသလမင်းကြီး၏ တဆဲ့ခြောက်ချက်သော အိပ်မက်ကြီးတို့ကို အကြောင်းပြု၍ မဟာသုပိနဇာတ်ကို ဟောတော်မူခဲ့၏။

တနေ့သောအခါ ကောသလမင်းကြီးသည် ညဉ့်အချိန် ပစ္ဆိမဖြစ်သော မိုးသောက်ယံ၌ တဆဲ့ ခြောက်ချက်သော အိပ်မက်ကြီးတို့ကို မြင်မက်တော်မူ၏။ ထို နံနက်လင်းလတ်သော် ချဉ်းကပ် လာကြကုန်သော ပုရောဟိတ် ပုဏ္ဏားတို့ကို မေးတော်မူ၏။ ပုရောဟိတ်ပုဏ္ဏားတို့သည်လည်း "မင်းကြီး၏ အိပ်မက်တို့သည် အလွန်ကြမ်းတမ်းကုန်၏၊ အရှင်မင်းကြီး၏ အသက်စည်းစိမ် အန္တရာယ်သည် ဖြစ်လတ့်။ ထိုအန္တရာယ်တို့မှ ကင်းပျောက်စေခြင်းငှာ ယဇ်ပူဇော်ခြင်းကိုပြု၍ ကုစားပါကုန်အံ့" ဟု လျှောက်တင်ကြ၏။ မင်းကြီးလည်း ကုစားရန် ခွင့်ပြုသဖြင့် ပုဏ္ဏားတို့သည် ယဇ်တိုင်တို့၌ အခြေလေးချောင်းရှိသော သတ္တဝါများ အလုံးစုံသော ငှက်ပေါင်းများနှင့်တကွ ယဇ်ပွဲတို့ကို စီမံပြုလုပ်ကုန်၏။

ထိုအခါ မလ္လိကာမိဖုရားကြီးသည် ထိုအကြောင်းကိုသိ၍ မင်းကြီးထံသို့ ချဉ်းကပ်ပြီးလျှင် ဤသို့လျှောက်၏။ "အရှင်မင်းကြီး ပုဏ္ဏားတို့၏စကားကို အလွန်ယုံကြည်တော်မူလွယ်စွတကား။ အရှင်မင်းကြီး ကြွတော်မူပါ။ မြတ်စွာဘုရားကို လျှောက်တော်မူပါ။ မြတ်စွာဘုရားသည် ဤအိပ်မက်တို့၏ အကျိုး အပြစ်ကို စင်စစ် သိတော်မူ၏" ဟု လျှောက်၏။ မင်းကြီးလည်း "ကောင်းပြီ" ဟု ဝန်ခံပြီး နံနက်စောစောက လျှင် မြတ်စွာဘုရားကျောင်းတော်သို့သွား၍ မြတ်စွာဘုရားကို ရှိခိုးလျက်လျှောက်ထားလေသည်။

ဥသဘာ ရုက္ခာ ဂါဝိယော ဂဝါစ– စသော ဂါထာတို့ဖြင့် တဆဲ့ခြောက်ချက်သော အိပ်မက်တို့ကို လျှောက်ထားပြီးသောအခါ ဘုရားရှင်သည် ဤသို့မိန့်တော်မူ၏။

"မင်းကြီး ဤ အိပ်မက်၏ အကျိုးသည် သင်မင်းကြီး လက်ထက်၌ လည်းကောင်း၊ ငါဘုရား လက်ထက်၌ လည်းကောင်း မဖြစ်လတံ့သတည်း။ နောင်အခါ တရား မစောင့်သော မင်းဆင်းရဲတို့လက်ထက်၊ တရားမစောင့်သော လူတို့ လက်ထက်၌သာလျှင် ဖြစ်ကုန်လတံ့" ဟု မိန့်တော်မူ၏။

ဘုရားရှင်သည် ကောသလမင်းကြီး၏ လျှောက်ထားချက်အရ တဆဲ့ခြောက်ချက်သော အိပ်မက်၏အကျိုးအပြစ်တို့ကို စိစစ်လျက် အသီးသီး ဟောကြားတော် မူခဲ့သည်။ အနာဂတ် အတွက် ကောသလ အိပ်မက်ခန်းကို အဆန်းတကြယ် ဟောကိန်းထုတ်တော်မူခဲ့၏။

ကောသလမင်းကြီးသည် ဦးစွာ တဆယ့်ခြောက်ချက်သော အိပ်မက်တို့ကို မာတိကာပြု၍ လျှောက်ထားတော်မူသည်။ မြင်မက်ပုံတို့မှာ အောက်ပါအတိုင်းပင်ဖြစ်သည်။

၁။ နက်သော မျက်စဥ်းညိုရောင် အဆင်းရှိသော ဥသဘနွားကြီးလေးကောင်တို့သည် ဝှေ့အံ့သော အခြင်းအရာကိုပြုလျက် မဝှေ့ကြမူဘဲ ဖဲသွားကြကုန်၏။

၂။ ယနေ့ပင် မြေမှပေါက်ဖွါးသော နုနယ်သေးငယ်လှသည့် သစ်ပင် ချုံနွယ်ပင်တို့သည် အရွယ်နှင့် မလိုက်ဖက်အောင် ပွင့်လည်းပွင့်ကြကုန်၏။ သီးလည်း သီးကြကုန်၏။

၃။ မိခင်နွားမကြီးတို့သည် ယနေ့မှ မွေးဖွါးစဖြစ်သော နွားမငယ်တို့၏ နို့ကို စို့ကြကုန်၏။

၄။ ဝန်ဆောင်နွားကြီးတို့ကို ဖယ်ထား၍ နို့စို့ နို့ခွာမျှသာဖြစ်သော နွားငယ်တို့ကို လှည်း၌ ကအပ်,တပ်ဆင်အပ်ကုန်၏။ ထိုအခါ နို့စို့နွားငယ်တို့သည် ဝန်ကို မဆောင်နိုင်ဘဲ ရှိကြကုန်၏။

၅။ မျက်နှာနှစ်ဖက်ရှိသော မြင်းသည် နှစ်ဘက်သော ခံတွင်းဖြင့် အစာကို စား၏။

၆။ အဘိုးတသိန်းထိုက်တန်သော ရွှေလင်ပန်းကို ခင်း၍ "ဤရွှေလင်ပန်း၌ကျင်ငယ်ကို စွန့်လော့"ဟူ မြေခွေးအား နှင်းအပ်၏။

၇။ အထက်၌ ကျစ်အပ်သော လွန်ကြိုးကို အောက်၌ရှိသော မြေခွေးမက ကိုက်စား၏။

၈။ အချည်းနှီးသော အိုးတို့ဖြင့် ခြံရံအပ်သော အလယ်၌ ပြည့်သော ရေအိုးကြီး၌သာ ရေကိုလောင်းကုန်၏။

၉။ ရေကန်ကြီးအလယ်၌ ရေတို့သည် နောက်ကုန်၏။ ကမ်းနား၌ ရေတို့သည် ကြည်လင်ကုန်၏။

၁၀။ တလုံးတည်းသော အိုးဖြင့် ချက်အပ်သော ထမင်းတို့သည် သုံးမျိုးသုံးစား အားဖြင့် ကျက်ခြင်းရှိကုန်၏။

၁၁။ အဘိုးတသိန်းထိုက်တန်သော စန္ဒကူးနံ့သာကို ရက်စက် ပုပ်ရည်ဖြင့် လဲ၍စားကုန်၏။

၁၂။ ဗူးတောင်းတို့သည် ရေ၌ နစ်မြုပ်ကုန်၏။

၁၃။ ကျောက်ဖျာကြီးတို့သည် ရေ၌ ပေါလော ပေါ်ကုန်၏။

၁၄။ ဖားမငယ်တို့သည် မြွေဟောက်တို့ကို ကိုက်၍မျို၍ စားကုန်၏။

၁၅။ ကျီးကို ရွှေဟင်္သာတို့သည် ခြံရံကာ နေကြကုန်၏။

၁၆။ ကြောက်ရွံ့ ထိတ်လန့်စေတတ်ကုန်သော သစ်တို့သည် ဆိတ်တို့ကို ကြောက်လန့်သောကြောင့် ပြေးကြကုန်၏။ ပုန်းကြကုန်၏။ ဤကား[၁၆]ချက်သော ကောသလမင်း၏ အိပ်မက်ခန်းတို့ပေတည်း။

ဤမာတိကာ တဆယ့်ခြောက်ပါးတို့ကို အစဉ်ပြုလျက် အကျယ်အားဖြင့် အောက်ပါအတိုင်း မေးလျှောက်တော်မူ၏။ ဖြေကြားတော်မူ၏။

## ပထမ အနာဂတ်စကား

ကောသလမင်းကြီး။ ။ဘုန်းတော်ကြီးသော မြတ်စွာ ဘုရား မျက်စဉ်းညိုရောင် အဆင်းရှိသောနွားနက် လေးကောင်တို့သည် ဝေ့ကုန်အံ့သော အခြင်းအရာဖြင့် အရပ်လေးမျက်နှာမှ ပြေးလာကုန်၏။ လူအပေါင်း တို့သည် နွားဝေ့ပွဲ ကြည့်ကုန်အံ့ဟု မင်းရင်ပြင်၌ လာကြကုန်၏။ နွားကြီးတို့သည် ဝေ့မယောင် ဟန်ဆောင်ကာဖြင့် တွန်မြည်၍ မဝေ့ကုန်ဘဲသာ ရှောင်လွှဲသွားကြကုန်၏။ ဤပထမအိပ်မက်၏အကျိုးသည် အဘယ်သို့ ဖြစ်ပါလတ္တံ့နည်း။

မြတ်စွာဘုရား။ ။မင်းကြီး ဤအိပ်မက်၏ အကျိုးသည် သင်မင်းကြီး၏ လက်ထက်၌လည်းကောင်း ငါဘုရား လက်ထက်တော်၌လည်းကောင်း မဖြစ်လတံ့။ အနာဂတ်ကာလ တရားမစောင့်သောသူတို့ လက်ထက်၌သာ ဖြစ်လတံ့။ ထိုအခါ၌ လူတို့သည် အကုသိုလ် ဒုစရိုက်တရားတို့သည်လွန်စွာများလျက် ကုသိုလ် တရားသည် ဆုတ်ယုတ်လတ္တံ့။ ထိုကာလတွင် မိုးခေါင်

ကုန် လတံ့။ ကောက်ပင် စပါးပင်တို့သည် ညှိုးခြောက် သေကျေကုန်လတံ့။ လူတို့အား ဝတ်မှုတ်ခြင်း ဘေးတို့သည် ဖြစ်ကုန်လတံ့။ နွားတို့သည်း ဝေ့မယောင်ဖြင့် ရှောင်ခွါထွက်ပြေးလေဘိသို့၊ မိုးသားတို့သည် ရွာအံ့ယောင်ပြု၍ မရွာကုန်မူဘဲ ပြေပျောက် ကုန်လတံ့။

## ဆောင်ပုဒ်ကဗျာ

ဥသဘ နွားလှတဲ့လေးကောင်
ဝေ့မယောင် ရှောင်ကာပြေး
ဝေးရပ်သီခေါင်
မိုးရိပ်ကယ်မှောင်
တိမ်တောင်တက်ချုန်း
လျှပ်စစ်ကယ်ရောင်ဝါနှင့်
ရွာမလိုဟန်ပုံခင်းတယ်
ကင်းပျောက်လို့သုဥ်း။

## ဒုတိယအနာဂတ်စကား

ကောသလမင်းကြီး။ ။ဘုန်းတော်ကြီးသောမြတ်စွာဘုရား- အလွန်ငယ်ကုန်သော သစ်ပင် ချုံနွယ်တို့သည် မြေမှပေါက်ခါစ တထွာတတောင်မျှဖြင့် မသင့်မဖွယ်ရာ

အပွင့်အသီးတို့ဖြင့် ပွင့်ကြသီးကြသည်တို့ကို မြင်မက်ပါသည် အကျိုးကား မည်သို့ ဖြစ်ပါလတံ့ပါနည်း။

မြတ်စွာဘုရား။ ။မြတ်သောမင်းကြီး နောင်သော အခါ သတ္တဝါတို့သည် ပြင်းစွာ တပ်သောရာဂ ရှိကုန်သည် ဖြစ်လတံ့။ အလွန် ငယ်ရွယ်ကုန်သော သတို့သမီးတို့သည် အိမ်ထောင်ကျကာ ကိုယ်ဝန်ဆောင်ကြကုန်လတံ့၊ သားဖွားခြင်းအမှုကိုပြုကြကုန်လတံ့၊ တထွာ တတောင်မျှ ငယ်ကုန်သော သစ်ပင် ချုံနွယ်တို့သည် ပွင့်သီးကုန်သကဲ့သို့သတို့သမီးငယ်တို့သည်အိမ်ထောင်ကျခြင်း, ကိုယ်ဝန်ဆောင်ခြင်း, သားဖွားခြင်း တို့ကို ပြုကြကုန်လတံ့။

## ဆောင်ပုဒ်ကဗျာ

ချိန်မကျခင်က၊ ရုက္ခတဲ့ပင်ငယ်
ပွင့်ငုံတံပွင့်ကာမှီး၊ သီးကြသွယ်သွယ်
မိန်းမငယ် သူငယ်ယောကျ်ား
ချစ်မေတ္တာ ပိုလျှံလို့၊
ရွယ်မတန် သန္ဓေမြတ်ကို
စွဲကပ်လို့ဖွား။

## တတိယအနာဂတ်စကား

ကောသလမင်းကြီး။ ။အရှင်ဘုရား... နွားမကြီးတို့သည် ထိုနေ့ဖွားခါစ နွားမငယ်ကလေးတို့၏နို့ကို စို့ကုန်

သည်တို့ကိုမြင်မက်ပါသည်။ အကျွန်ုပ်သည် သုံးခု
မြောက်မြင်မက်အပ်သော ဤအိပ်မက်၏အကျိုးသည်
အဘယ်သို့ဖြစ်လတံ့ပါနည်း။

မြတ်စွာဘုရား။ ။မြတ်သောမင်းကြီး ဤအိပ်မက်၏အကျိုး
သည်လည်း သင်မင်းကြီး၏ လက်ထက်၌ ရင်း၊
ငါဘုရား၏လက်ထက်၌ရင်း မဖြစ်လတံ့၊ အနာဂတ်
ကာလ၌ လူတို့သည် အသက်အရွယ်ကြီးမြတ်သူတို့ကို
ရိုသေလေးစားခြင်း, ဂရုဂါရဝတရား ကွယ်ပသော
ကာလ၌ဖြစ်လတံ့။ အနာဂတ်ကာလ၌ လူတို့သည်
မိဘတို့၌ရင်း, ယောက္ခမဖြစ်သူတို့၌ရင်း, ရိုသေထိုက်
ပူဇော်ထိုက်သော သူတို့၌ရင်း ရိုသေရှက်ကြောက်မှု
မရှိကြဘဲ လူငယ်တို့သာ အမှုကိစ္စတို့၌ ပစ္စည်းဥစ္စာ
တို့ကိုစီရင်ကုန်လတံ့။ကျေးဇူးရှင်မိဘတို့အား စားရရိုး
ဝတ်ရရိုးမျှကိုသာ ပေးကမ်းကြကုန်လတံ့။ အလျှင်း
မပေးမကျွေးဘဲသော်လည်းနေကြကုန်လတံ့။ ထိုနေ့
ဖွားကာစ နွားငယ်တို့နို့ကို နွားမကြီးတို့ စို့ကုန်
သကဲ့သို့ အမိအဘ ကျေးဇူးရှင်ဖြစ်သော လူကြီး
တို့သည် ကိုးကွယ်ရာမရှိကုန်သည်ဖြစ်၍ မိမိတို့၏
သားသမီးတို့ထံ ခိုကပ် အသက်မွေးကြကုန်လတံ့။

**ဆောင်ပုဒ်ကဗျာ**

ယနေ့ဖွား သားလှုတဲ့နွားငယ်
ထည်ကိုမိခင်စို့တယ် ထူးလို့မှတ်ဘွယ်

ကျေးဇူးကြွယ် မွေးမယ်ဘရင်း
ဝတ်စားမကုန်တန်လို့
သမီးထံ သားထံ ချော့ရတယ်
ပျောင်းပျော့ဝပ်စင်း။

## စတုတ္ထအနာဂတ်စကား

ကောသလမင်းကြီး။ ။အရှင်ဘုရား.... ဝန်ကို ရွက်ဆောင်နိုင်ကုန်သော နွားကြီးတို့ကို ဖယ်ထားလျက် နုနယ်ငယ်ရွယ်သော နွားကလေးတို့ကိုသာ လှည်းတို့၌ကာ၍ ကြီးလေးသောဝန်ကို လူအများက ရုန်းခိုင်းနေစေသည်တို့ကို မြင်မက်ပါသည်။ နွားငယ် တို့သည် ကြီးလေးသောဝန်ကိုမရုန်းနိုင်သဖြင့် လှည်းကိုလည်း မရွေ့စေနိုင်ဘဲ လွန်စွာ ပင်ပန်းကြပါသည်ဘုရား။ ဤအိပ်မက်၏ အကျိုးကား မည်သို့ ဖြစ်ပါလတံ့ ပါနည်းမြတ်စွာဘုရား....။

မြတ်စွာဘုရား။ ။မြတ်သော မင်းကြီး ဤ အိပ်မက်၏ အကျိုးသည်လည်း သင်မင်းကြီး၏ လက်ထက်၌၎င်း၊ ငါဘုရား၏ လက်ထက်၌၎င်း၊ မဖြစ်လတံ့၊ အနာဂတ်ကာလ၌ တရားမစောင့်သောမင်းဆင်းရဲတို့ လက်ထက်၌သာ ဖြစ်လတံ့။ အနာဂတ်ကာလ၌ တရားမစောင့်သော မင်းဆင်းရဲ တို့သည် အသိအလိမ္မာ

ရှိကြကုန်သော မင်းမှုကိစ္စကြီးငယ်တို့ကို ပြီးမြောက်အောင် ရွက်ဆောင်နိုင်စွမ်း ရှိကုန်သော မှူးမတ်ပညာရှိတို့အား စည်းစိမ်ဥစ္စာ ရာထူးတို့ကို မပေးကုန်လတ့်။ တရားရုံး စသည်တို့၌ ထိုပညာရှိတို့ကိုမခန့်ငယ်သော မသိမလိမ်မာသော သူတို့အားသာ စည်းစိမ်ဥစ္စာ ရာထူးတို့ကို ပေးကုန်လတ္တံ့။ ထိုလူငယ်တို့သည် တရားရုံးတော် စသည်တို့၌ ချီးမြှင့်မြှောက်စားခန့်ထားကြ ကုန်လတ္တံ့။ ထိုငယ်သော မသိမလိမ်မာသော သူတို့သည် မင်းအမှုတို့ကိုရင်း၊ သင့်မသင့်တို့ကိုရင်း အရာရာနှိုင်းချိန် နိုင်စွမ်းမရှိကြ ကုန်သည်ဖြစ်၍ မိမိစည်းစိမ်ကိုလည်း မြှင့်ခြင်းငှာ မစွမ်းနိုင်၊ မင်းမှုကိစ္စ တာဝန်ကိုလည်း ရွက်ဆောင်ခြင်းငှါ မစွမ်းနိုင်ကုန်လတ္တံ့။ တာဝန်တို့ကို စွန့်ပစ်ကြကုန်လတ္တံ့။ သိ, ကြား, လိမ်မာကုန်သော မှူးမတ်ပညာရှိတို့ သည်ကား မင်းမှုတာဝန်ကို ထမ်းဆောင်နိုင်ကြသော်လည်း ချီးမြှောက်ခြင်းကို မရကြကုန်သဖြင့် "ငါတို့သည် ထိုမင်းမှု ကိစ္စတို့ဖြင့် အဘယ်အကျိုးရှိအံ့နည်း၊ ငါတို့ကား ပြင်ပသား ဖြစ်ကြကုန်သည်။ အတွင်းသား ဖြစ်သော ငယ်သူတို့သည် သိကြကုန်လတ္တံ့" ဟု ပေါ်ပေါက်နေသော မင်းမှုတို့ကို မစောင့်ကြ ကုန်လတ္တံ့။ ဤသို့ ဖြစ်သော် ထို တရားမစောင့် ကုန်သော မင်းတို့အား ဆုတ်ယုတ်

သည်သာ ဖြစ်ကုန်လတံ့။ ဝန်ကို မဆောင်နိုင်ကုန် သော နွားငယ်တို့ကို လည်း၌ ကကုန် သကဲ့သို့ရင်း၊ ဝန်ကိုဆောင်ရွက်နိုင် ကုန်သော နွားကြီးတို့ကို လည်း ထမ်းပိုး၌ မကကုန် သကဲ့သို့ရင်း ဖြစ်လတံ့။

## ဆောင်ပုဒ် ကဗျာ

နွားငယ်ကို ဝန်ဆောင်ထားလို့၊
နွားကြီးကိုတဲ့ ပြင်ကရံ၊
မရုန်းနိုင် ပစ်ခွါထားတယ်၊
သွားတဲ့ ဖြစ်ဟန်။
မှုမျိုးမှန် ချောင်သိ,ကြား၊
လူကြီးကို ပစ်ခွါလို့၊
လူငယ်မှာ နိုင်ငံရေးကို၊
ပေးအပ်လို့ထား။

## ပဥ္စမအနာဂတ် စကား

ကောသလမင်းကြီး။ ။အရှင်ဘုရား အကျွန်ုပ်သည် မျက် နှာနှစ်ဖက် ရှိသော မြင်းတကောင်ကို မြင်မက်ပါ သည်။ ထိုမြင်းသည် နှစ်ဖက်သော နံပါးတို့၌ရှိ သော မုယောဆန်တို့ကို မြင်းစာမြက်တို့ကို နှစ်ဖက်

**သော** ခံတွင်းဖြင့် စားသောက်ပါသည်။ ဤအိပ်မက်၏ အကျိုးသည် မည်သို့ ဖြစ်လတံ့ပါနည်း....။

မြတ်စွာဘုရား။ ။မြတ်သော မင်းကြီး ဤအိပ်မက်၏ အကျိုးသည်လည်း သင်မင်းကြီး၏ လက်ထက်၌ရင်း၊ ငါဘုရား၏ လက်ထက်၌ရင်း မဖြစ်လတံ့။ အနာဂတ်ကာလ၌ တရားမစောင့်မူ၍ ဒုစရိုက်တရားတို့ကို လိုက်စားသော မင်းတို့၏ လက်ထက်၌သာလျှင်ဖြစ်လတံ့။ အနာဂတ်ကာလ၌ တရားမစောင့်ကုန်သော မင်းညစ်မင်းမိုက်တို့သည် တရားမစောင့် ကိုယ်ကျင့်တရားမရှိ ယုတ်သူတို့ကိုသာ တရားရုံးတို့၌ ထားကြကုန်လတံ့။ ထိုသူတို့သည် တရားရုံးတော်တို့၌ တရားကို ဆုံးဖြတ်သည်ရှိသော် မြင်းသည် နှစ်ဘက်သောခံတွင်းဖြင့် မုယောဆန်နှင့် မြက်တို့ကို တကြိမ်တည်း စားသကဲ့သို့ တရားဖြစ်ကြသူ နှစ်ဦးနှစ်ဖက်တို့အထံမှ တံစိုးလက်ဆောင် ယူ၍ စားကြကုန်လတံ့။

**ဆောင်ပုဒ် ကဗျာ**

ကြုံပြန်ရ အသိတ်ရာဇာ
ခံတွင်းနှစ်တန်နှင့်
မုယောဆန် ယူလို့စားတယ်

ခြားလို့မှတ်ရာ
ထိုးပဏ္ဏာ နှစ်ဖြာယူစား
နှစ်ပါးစုံ မကုံထံမှ
မမှန်ကန် ဖြန့်ကာဖြတ်တယ်
ပြီးပြတ်တရား....။ ။

## ဆဋ္ဌမ အနာဂတ်စကား

ကောသလမင်းကြီး။ ။အရှင်ဘုရား လူအများသည် အဖိုးတသိန်းတန်သော သိင်္ဂါရွှေခွက်ကို ဆေးကြောသုတ်သင်၍ ရွှေခွက်၌ ကျင်ငယ်စွန့်ပါလောဟု တကောင်သော မြေခွေးအား ပေးပါသည်။ ထိုရွှေခွက်၌ ကျင်ငယ်စွန့်သော မြေခွေးအိုကို မြင်မက်ပါသည်။ ဤအိပ်မက်၏ အကျိုးကား မည်သို့ ဖြစ်လတံ့ပါနည်း။

မြတ်စွာဘုရား။ ။မြတ်သော မင်းကြီး ဤအိပ်မက်၏ အကျိုးသည်လည်း သင်မင်းကြီး၏ လက်ထက်၌၎င်း၊ ငါဘုရား၏ လက်ထက်၌၎င်း မဖြစ်လတံ့။ အနာဂတ်ကာလ၌သာလျှင် ဖြစ်လတံ့။ အနာဂတ် ကာလ၌ တရားမရှိသော မင်းတို့သည် အမျိုးဂုဏ်နှင့်ပြည့်စုံသူ အမျိုးသားတို့အား ရွံ့ရှာခြင်း ရှိသဖြင့် စည်းစိမ်ဥစ္စာကို မပေးကုန်လတံ့။ အမျိုးယုတ်သူတို့

အားသာလျှင် စည်းစိမ် ဥစ္စာတို့ကို ပေးကမ်းချီး မြှောက်ကုန်လတံ့။ အမျိုးမြတ်သူတို့သည် ဆင်းရဲ၍ အမျိုးယုတ်သူတို့သည် ချမ်းသာကြွယ်ဝ အစိုးရကြ ကုန်လတံ့။ အမျိုး မြတ်သူတို့သည် အသက်မွေးမှု ငြိုငြင်သဖြင့် သူယုယ်တို့ကိုမှီ၍ အသက်မွေးကြကုန် အံ့ဟု အကြံပြုလျက် အမျိုးမမြတ်သူတို့အား လှပ သော သမီးငယ်တို့ကို ပေးကုန်လတံ့။ မြေခွေးသည် အဖိုးတသိန်းတန်သော ရွှေခွက်၌ ကျင်ငယ်စွန့်ခြင်း နှင့်တူစွာ ချစ်လှစွာသော အမျိုးကောင်းသမီးတို့၏ အမျိုး ယုတ်သူတို့နှင့် ပေါင်းသင်းဆက်ဆံ အိမ် ထောင်ပြုကြရကုန်လတံ့။

## ဆောင်ပုဒ် ကဗျာ

သိင်္ဂီစင် ရွှေလင်ပန်းကိုလ
ညစ်ညမ်းယုတ် မြေခွေးတန်
စွန့်ကျင်ငယ် ရေပြန်ထားတယ်
ကြားဖြစ်ရဟန်
မျိုးမမှန် မင်းထံမြှောက်စား
ဝတ်စားမကုန်တံလို
မျိုးမှန်သူ ကညာရင်းကို
သွင်းရဖြစ်လား....။ ။

## သတ္တမ အနာဂတ် စကား

ကောသလမင်းကြီး။ ။အရှင်ဘုရား ယောကျ်ားတယောက်သည် လွန်ကြိုးကို ကျစ်၍ ခြေရင်း၌ချ၏။ ထိုယောကျ်ားထိုင်သော အင်းပျဉ်အောက်၌ ရှိသော မြေခွေးတကောင်သည် ထိုယောကျ်ားမသိခိုက် ကျစ်၍ပြီးတိုင်းသော လွန်ကြိုးကို ခိုး၍ စားသောက်နေသည်ကို မြင်မက်ပါ၏။ ဤအိပ်မက်၏ အကျိုးကား အသို့ဖြစ်လတံ့နည်း။

မြတ်စွာဘုရား။ ။မြတ်သော မင်းကြီး ဤအိပ်မက်၏ အကျိုးသည်လည်း သင်မင်းကြီး၏ လက်ထက်၌ ငင်း ငါဘုရား၏ လက်ထက်၌ငင်း၊ မဖြစ်လတံ့၊ အနာဂတ်ကာလ တရားမစောင့်သော မင်းတို့၏ လက်ထက်၌သာလျှင် ဖြစ်လတံ့။

အနာဂတ်ကာလ၌ မိန်းမတို့သည် ယောကျ်ား၌ လျှပ် ပေါ် လော် လီ ခြင်း, သေ သောက် ခြင်း ၌ လျှပ်ပေါ်လော်လီခြင်း, အဝတ်တန်းဆာ ဆင်ယင်ခြင်း၌ လျှပ်ပေါ်လော်လီခြင်း, လှည့်လည်လမ်းလျှောက်မှု၌ လျှပ်ပေါ် လော်လီခြင်း, ပစ္စည်းအာမိသ၌ လျှပ်ပေါ်လော်လီခြင်း စသော အရာခပ်သိမ်း လျှပ်ပေါ်လော်လီခြင်း ရှိကြကုန်လတံ့။

မြင့်မြတ်သောကိုယ်ကျင့်တရားကိုဖျက်လျက် အကျင့်သီလမဲ့ကြကုန်လတံ့၊ ယုတ်မာသောအကျင့်ရှိကြကုန်လတံ့။

ထိုမိန်းမတို့သည် လင်ယောကျ်ားတို့ ကုန်သွယ်လယ်လုပ်ခြင်းတို့ဖြင့် ရရှိအပ်သော စုဆောင်းထားအပ်သောပစ္စည်းဥစ္စာတို့ကို သယောက်လင်ငယ်တို့နှင့် သေရည်သောက်စား ပျော်ပါးကုန်လတံ့၊ မိမိအိမ်အမှုကို ဂရုမစိုက်ဘဲ ဝတ်စားဆင်ယင် ပန်းနံ့သာတပြင်ပြင်နှင့် ယောကျ်ားတပါးနှင့်သာ ယုတ်မာသောအတိစာရအမှုတို့ကိုပြုကြကုန်လတံ့၊ သယောက်လင်ငယ်တို့ လာရာလမ်းကိုသာ ချောင်းမြောင်းကြည့်ရှုစောင့်မျှော်ကုန်လတံ့၊ပျိုးကြဲရန်သိမ်းဆည်းထားသော မျိုးစပါး ကို ပင် စား သောက် ဘွယ်ကောင်းနိုးရာရာပြု၍ လင်ယောကျ်ား မသိအောင်လင်ငယ်ကို ကျွေးကုန်လတံ့၊ အဥ်းပျဉ်အောက်ရှိမြေခွေးမသည် ကျစ်၍ချတိုင်းသော လွန်ကြိုးတို့ကိုခိုးစားကုန်သကဲ့သို့ ခိုးစားကုန်လတံ့။

ဆောင်ပုဒ်ကဗျာ

အင်းပျဉ်ပေါ်လူ လွန်ကျစ်လို့
ခွေးညစ်ကအောက်၌သာ

မသိရှာ လွန်အဖျားကို စားကုန်သည်တာ
လင်ကြီးမှာ ရှာဖွေစုရုံး
အိမ်နေသူလင်ငယ်ထားလို့
စားဆန်ရေပဟူသရွေ့ကို
သုံး၍ပျက်ပြုန်း။

## အဋ္ဌမအနာဂတ်စကား

**ကောသလမင်းကြီး။** ။အရှင်ဘုရား.... မင်း အိမ် တံ ခါး ၌ အချည်းနှီး ရေမရှိသောအိုးတို့ဖြင့် ခြံရံ၍ ထားအပ်သောရေပြည့်အိုးကြီးတခုကိုမြင်မက်ပါသည်။အမျိုးလေးပါးတို့သည် အရပ်ရှစ်မျက်နှာမှ ရေအိုးတို့ဖြင့် ရေကို ဆောင်ယူကုန်ခဲ့ကြပြီး ရေပြည့်အိုးကြီး၌သာ လောင်းကြပါကုန်သည်။ ရေတို့သည် လျှံကျ၍ စီးဆင်းပါကုန်၏၊ ရေမရှိသောအိုးတို့ကိုကားမည်သူမျှ မကြည့်ရှုကြပါကုန်၊ ဤအိပ်မက်၏အကျိုးကား မည်သို့ဖြစ်လတံ့ပါနည်း။

**မြတ်စွာဘုရား။** ။မြတ်သောမင်းကြီး ဤအိပ်မက်၏ အကျိုးဘည်လည်း သင်မင်းကြီး၏ လက်ထက်၌ရင်း ငါဘုရား၏လက်ထက်၌ရင်း မဖြစ်လတံ့။ အနာဂတ်ကာလ၌သာလျှင် ဖြစ်လတံ့။

အနာဂတ်ကာလတွင် လူအများတို့သည် ဆုတ်ယုတ်ကုန်လတံ့။ တိုင်းပြည်နိုင်ငံသည် သြဇာမရှိသည် ဖြစ်လတံ့။ ပြည်ရှင်မင်းတို့သည်လည်း အလွန် ဆင်းရဲကြကုန်သည် ဖြစ်လတံ့။ ပြည်ရှင်မင်းတို့၏ ဘဏ္ဍာတိုက်ကြီးတို့၌ တသိန်းမျှလောက်သော အသပြာတို့သာ ရှိသည် ဖြစ်လတံ့။ ထိုမင်းဆင်းရဲတို့သည် ကျေးရွာ လူအများတို့အား မိမိတို့အမှုကိုသာ ပြုလုပ်ရန် ခိုင်းစေကြကုန်လတံ့။ ကျေးရွာသားတို့သည် မင်းမှု ကိစ္စတို့ဖြင့်နှေ့ညမအား နှိပ်စက်ခံရသဖြင့် မိမိတို့၏ အမှုကိစ္စများကို စွန့်၍ မင်းတို့၏ အကျိုးငှါသာ ကောက်ပဲသီးနှံတို့ကို စိုက်ပျိုးရိတ်သိမ်းပြီး မင်းတို့၏ ဘဏ္ဍာတိုက်တို့ကိုသာ ပြည့်စေကြကုန်လတံ့။ စိုက်ပျိုး ဥယျာဉ် စသည်တို့ကိုလည်း မင်းတို့၏ဘဏ္ဍာ အလို့ငှါသာလျှင် ပြုလုပ်ပေးကြရကုန်လတ့်။ မိမိတို့၏ ပစ္စည်းဥစ္စာထားသိုရာ ဘာမျှမရှိသော တိုက်ကျီတို့ကိုကား ငဲ့စောင်း၍ပင် မကြည့်နိုင် ကြကုန်မူ၍ ရေပြည့်အိုးကြီးကို ရေလောင်းသည်နှင့် တူစွာသာလျှင် ဖြစ်ကုန်လတ့်။

ဆောင်ပုဒ် ကဗျာ

ရေပြည့်လျှံ အိုးခံကြီးကိုလ
အချည်းနှီး အိုးငယ်ရံ

ပြည့်ရာမှာ ထပ်ကာလောင်းလို့
မရှိရေအိုးငယ်ပေါင်းကို စောင်းမကြည့်ပြန်
မင်းကြီးထံ သုံးရန်မှုများ
ဝတ်စားသုံးရာဘို့
ကိုယ့်ဥစ္စာအိမ်ထောင်မှုကို
စောင်းရှုမအား။ ။

## နဝမ အနာဂတ်စကား

ကောသလမင်းကြီး။ ။အရှင်မြတ်ဘုရား ကြာမျိုးငါးပါးနှင့် ပြည့်စုံသော ရေကန်ကြီးတခုကို မြင်မက်ပါသည် ထက်ဝန်းကျင် အရပ်မျက်နှာတို့မှအခြေလေးချောင်းရှိကုန်သော သားငှက်အပေါင်းတို့သည် ထိုရေကန်၌ သောက်သုံးကြပါကုန်သည်။ ထိုရေကန်ကြီး၏ အလယ်ဖြစ်သော နက်ရာအရပ်၌ ရေတို့သည်နောက်ပါကုန်၏။ သားငှက်တို့ ရေသောက်ဆင်းရာ ကမ်းနား၌ကား ရေတို့သည် ကြည်လင်ပါကုန်၏။ ဤအိပ်မက်၏ အကျိုးသည်လည်း အဘယ်သို့ဖြစ်လတ္တံ့ပါနည်း။

မြတ်စွာဘုရား။ ။မြတ်သော မင်းကြီး ဤ အိပ်မက်၏ အကျိုးသည်လည်း သင်မင်းကြီး၏ လက်ထက်၌ရင်း၊ ငါဘုရား၏လက်ထက်၌ရင်း မဖြစ်လတ္တံ့။ အနာဂတ်ကာလ၌ မတရားသော မင်းတို့၏ လက်ထက် ကာလ၌သာလျှင် ဖြစ်လတ္တံ့။

အနာဂတ် ကာလ၌ မင်းတို့သည် တရားမစောင့်သော ကိုယ်နှုတ်ဖြင့် လွန်စွာ ယုတ်မာသည် ဖြစ်ကုန်လတံ့။ ဆန္ဒာဂတိ စသည်၏ အစွမ်းဖြင့် အဂတိ လိုက်စားလျက် မင်းမှုကုန်လတံ့။ မမှန်သော တရားဆုံးဖြတ်ခြင်းကို ပြုကြကုန်လတံ့။ တံစိုး လက်ဆောင် စားသည် ဖြစ်ကုန်လတံ့။ ပစ္စည်းဘဏ္ဍာ အပေါ်၌ လျှပ်ပေါ် လော်လီကုန်သည် ဖြစ်လျက် ပြည်သူအများ အပေါ်၌ သည်းခံမှုမရှိ ချစ်မေတ္တာ ကင်းကုန်လတံ့။ ထက်မြက်သော အာဏာဖြင့်မည္ဘာ မတာ ရက်စက် ကြမ်းကြုတ်ကုန် လတံ့။ ကြံညှစ်သော စက်၌ ကြံချောင်းတို့ကဲ့သို့ တိုင်းသူပြည်သားတို့ကို နှိပ်စက်လျက် အခွန်အတုတ် အမျိုးမျိုးကို ယူကြကုန်လတံ့။ ပြည်သူတို့သည် အခွန်အတုတ် ကြီးလေးသဖြင့် မိမိတို့ မြို့ရွာကို စွန့်ပြေးကြ ကုန်လတံ့။ ရေကန်၏ အလယ်၌ ရေသည် နောက်သကဲ့သို့ငင်း၊ ရေကန်၏ ကမ်းစပ်၌ ရေသည် ကြည်လင်ဘိ သကဲ့သို့ ငင်း၊ အလယ် ဖြစ်သော တိုင်းပြည် နေရာသည် ဆိတ်သည် ဖြစ်ကုန် လတံ့၊ ရပ်စွန် ပြည်နားသည် လူနေစည်ကားသည် ဖြစ်လတံ့။

**ဆောင်ပုဒ်ကဗျာ**

ခပ်သိမ်းသူ ချိုးရေခပ်တယ်၊
ထူးမြတ်တဲ့ ကန်သာ၊

အနားကြည် အလယ်နောက်၊ ဖြိုးမောက်လို့သာ
တိုင်းစွန်မှာ ရပ်ရွာစည်ကား၊
မင်းစိုးရာဇာတို့၊
နေပြည်မှာ ခွန်တော်ခွဲတယ်၊
မွဲလို့ပျက်ပြား။

## ဒသမ အနာဂတ်စကား

ကောသလမင်းကြီး။ ။အရှင်ဘုရား အိုးတလုံးတည်းချက်သော ထမင်းသည် သုံးပိုင်းခွဲ ထားသကဲ့သို့ တပိုင်းမှာ အလွန်ပျော့ နေပါသည်။ တပိုင်းမှာကား ကောင်းစွာ နူးနပ်ခြင်း မရှိပါ။ တပိုင်းမှာကား ကောင်းစွာ နူးနပ်လျက် ကျက်နေပါသည်။ ဤသို့ သုံးစု သုံးမျိုးအားဖြင့် ကျက်ပုံထူးသည်ကို မြင်မက်ပါသည်။ ဤအိပ်မက်၏ အကျိုးကား မည်သို့ ဖြစ်လတံ့ပါနည်း။ ။

မြတ်စွာဘုရား။ ။မြတ်သော မင်းကြီး ဤ အိပ်မက်၏ အကျိုး သည်လည်း သင်မင်းကြီး၏ လက်ထက်၌ ရင်း ငါဘုရား၏ လက်ထက်၌ရင်း မဖြစ်လတံ့။ အနာဂတ်ကာလ၌ မတရားသော မင်းတို့၏ လက်ထက်၌သာလျှင် ဖြစ်လတံ့။

အနာဂတ် ကာလ၌ မင်းတို့သည် တရားမစောင့် သည် ဖြစ်လတံ့။ မင်း တရားမစောင့်သည် ရှိသော် မှူးမတ်တို့သည်ငှင်း၊ ပုဏ္ဏား သူဌေးသူကြွယ်တို့သည် ငှင်း၊ ကျေးရွာဇနပုဒ်လူတို့သည်ငှင်း၊ ရဟန်းပုဏ္ဏား တို့ကို အစပြု၍ အလုံးစုံသော လူတို့သည် တရားမဲ့ သူတို့သာ ဖြစ်ကုန်လတံ့။

ထိုနောက် ထိုလူတို့၏ ကိုယ်စောင့်နတ် စသည် တို့သည်လည်း တရားမစောင့်ကုန်လတံ့။ ထိုအခါ အာကာသ၌ နတ်တို့သည် အမျက်ထွက်သဖြင့် မိုးကို မရွာစေလတံ့။ မိုးမမှန်သောကြောင့် အရပ်ရပ်တို့၌ စိုက်ပျိုးအပ်သော စပါးတို့သည်ပျက်စီးကုန်လတံ့။ မိုးနည်းခြင်း မိုးများခြင်းတို့ဖြင့် ဖျက်ကုန်လတံ့။ တခုသောအရပ်၌ မိုးမရွာသဖြင့် စပါးပင်တို့သည် ညှိုးခြောက်ပျက်စီးကုန်လတံ့။ တခုသော အရပ်၌ မိုးအလွန်ရွာလွန်းသဖြင့် ပျက်စီးကုန်လတံ့။ တခု သောအရပ်၌ မိုးကောင်းစွာ ရွာသဖြင့် စပါးတို့ သည် ကောင်းစွာရကုန်လတံ့။ ဤသို့လျှင် တလုံး တည်းသော ထမင်းအိုး၌ ထမင်းသုံးမျိုး ကျက်သကဲ့ သို့ တဦးတည်းသောမင်း၏ တိုင်းပြည်နိုင်ငံ၌ စိုက် ပျိုးအပ်သော စပါးပင်တို့သည် သုံးမျိုး သုံးစား ဖြစ်ကုန်လတံ့။

## ဆောင်ပုဒ်ကဗျာ

အိုးအတန် ဆန်တော်ခတ်ပါငဲ့
ပျော့မနပ် မတော်မှန်
ထမင်းသုံးတွေ ကျက်ပုံကွဲတယ်
လွဲလျက်ရှိမြန်
မိုးမမှန် ရွာဟန်ကွက်ကျား
နှစ်ပျက်ကယ် မအောင်ရေနှင့်
အောင်သုံးထွေ အမည်ကွဲတယ်
လွဲတဲ့စပါး။ ။

## ကောဒသမ အနာဂတ်စကား

ကောသလမင်းကြီး။ ။အရှင်ဘုရား အဘိုး တသိန်းတန်သော စန္ဒကူး နံ့သာနှစ်ကို ရက်တက်ရည်ပုပ်ဖြင့် ရောင်းစားသည်ကို မြင်မက်ပါသည်။ ဤအိပ်မက်၏ အကျိုးကား မည်သို့ဖြစ်လတံ့ပါနည်း။

မြတ်စွာဘုရား။ ။မြတ်သောမင်းကြီး ဤအိပ်မက်၏အကျိုးသည်လည်း ငါ ဘုရား၏ အဆုံးအမ သာသနာတော်ဆုတ်ယုတ်သော အနာဂတ် ကာလ၌သာလျှင် ဖြစ်လတံ့။

အနာဂတ်ကာလ၌ပစ္စည်းလေးပါးဟုဆိုအပ်သော ဆွမ်းသင်္ကန်း, ကျောင်း, ဆေးတို့၌ လျှပ်ပေါ် လော်

လိခြင်းရှိကြကုန်သော အလဇ္ဇီ ရဟန်းတို့သည် ငါ ဘုရားသည် ထိုပစ္စည်း လေးပါး၌ တပ်မက်ခြင်း စွဲလမ်းခြင်း သမုဒယကို ပယ်ဖြတ်ရန် ဟောကြား အပ်သော တရားဒေသနာတော်တို့ကို ပစ္စည်းလေး ပါး ရလိုမှုကြောင့် လူတို့အား ဟောကြားကြကုန် လတံ့။ ပစ္စည်းလေးပါး၌ လွန်စွာ တပ်မက်မောသဖြင့် နိဗ္ဗာန်ရောက်ကြောင်းကိုရှေးရှု၍ တရားဟောခြင်းငှာ မတတ်စွမ်းနိုင်ကြကုန်လတံ့။

ထိုအလဇ္ဇီတို့သည် ဆန်းသစ်သော စကားလုံးတို့ကိုဉ်း၊ သာယာသောအသံကိုဉ်း ကြားနာစေ၍ အဘိုးထိုက်တန်သော သက်န်း စသည်ကိုသော်လည်း လှူဒါန်းမှုကို ခံယူကြကုန်လတံ့။ လှူဒါန်း လိုသော စိတ်ဖြစ်အောင် ရည်ရွယ်၍ တရားဟော ကြကုန်လတံ့။ အချို့သော ရဟန်းတို့သည် အိမ်ကြို အိမ်ကြား ခရီးလမ်းမ ခရီးလမ်းဆုံ မင်းအိမ်တံခါး စသော အရပ်အသီးသီးတို့၌ နေကြကုန်လျက် ငွေ အသပြာ ရရှိကြောင်းကို ငဲ့စောင်းပြီး ငါဘုရား၏ တရား ဒေသနာတော် တို့ကို ဟောကြား ကြကုန် လတံ့။ ဤသို့ ငါဘုရား၏ တရား ဒေသနာတော်ကို ပစ္စည်းလေးပါး အကျိုးငှာဉ်း၊ အသပြာ တဝက် စသည်တို့၏ အကျိုးငှာဉ်း ရောင်းစား၍ ဟော

ကြားကြကုန်သော အလဗ္ဗီတို့သည် အဖိုး တသိန်း ထိုက်တန်သော စန္ဒကူးနံ့သာကို ရည်တက်ရည်ပုပ် ဖြင့် ရောင်းစားသကဲ့သို့ ဖြစ်ကြကုန်လတံ့။

## ဆောင်ပုဒ်ကဗျာ

တသိန်းတန်စန္ဒကူး၊ နေကြူးပုပ်ရက်တက်ရည်
အဘိုးမတန်ဘဲ၊ လဲထပ်ကြပေ
မြတ်ဗုဒ္ဓေ စိန္တေမိန့်ကြား
ဘိုးနဂ္ဃ ဓမ္မာမြတ်ကိုလ
ပစ္စယာ လေးဖြာရပ်ကယ်နှင့် လဲထပ်လို့စား။

## ဒွါဒသမအိပ်မက် အနာဂတ်စကား

**ကောသလမင်းကြီး။** ။အရှင် ဘုရား အချည်း နှီးသော ဗူးတောင်းတို့သည်ရေ၌နစ်မြုပ်ကြသည်ကို အကျွန်ုပ် မြင်မက်ပါသည်။ ဤတဆဲ့နှစ်ခုမြောက်သော အိပ် မက်၏ အကျိုးသည် အသို့ဖြစ်လတံ့နည်း။

**မြတ်စွာဘုရား။** ။မြတ်သောမင်းကြီး ဤအိပ်မက်၏အကျိုး သည်လည်း သင်မင်းကြီး၏ လက်ထက်၌ရှင်း၊ ငါ ဘုရား၏ လက်ထက်၌ရှင်း မဖြစ်လတံ့။ အနာဂတ် ကာလ၌ တရားမစောင့်ကြကုန်သော ပြည့်ရှင်မင်း တို့၏ လက်ထက်၌ တိုင်းသူပြည်သား များစွာတို့၏

အကျင့် ဖေါက်ပြား အကုသိုလ်တရား များသော အခါ၌သာလျှင် ဖြစ်လတံ့။

ထိုအခါ တရားမစောင့်သော မင်းတို့သည် အမျိုးကောင်းသား သူတော်ကောင်း ပညာရှိတို့အား စည်းစိမ်ဥစ္စာတို့ဖြင့် မချီးမြှောက်ဘဲ ရှိကုန်လတံ့။ ထိုအမျိုးယုတ်သူတို့သည် ဂုဏ်သရေရှိ အစိုးရဌာန စည်းစိမ်တို့ကို ရကုန်လတံ့။ အမျိုးမြတ်သူ သူတော်ကောင်းတို့သည် ညှိုးငယ်ဆင်းရဲခြင်းသို့ ရောက်ကုန်လတံ့။ မင်း၏ မျက်မှောက် မျက်ကွယ်ရှိ တရားဆုံးဖြတ်ရာတို့၌ အချည်းနှီးသော ဗူးတောင်းနှင့် လူယုတ်တို့၏ စကားကိုသာ ရေမှာ အနှစ်အသား ကျ၍ တည်သကဲ့သို့ အတည်ပြုကုန်လတံ့။

သံဃာ့အစည်းအဝေး ဆုံးဖြတ်ရာ ဝိနိစ္ဆယဌာနတို့၌လည်း အလဇ္ဇီဒုဿီလရဟန်းတို့၏ စကားသာ အနှစ်အသားကျ၍ မတုန်မလှုပ် ကောင်းစွာ အတည်ပြုသည် ဖြစ်ကုန်လတံ့။ ဤသို့လျှင် ခပ်သိမ်းသော အရာဌာနအားဖြင့် အချည်းနှီးဗူးတောင်းတို့ ရေ၌နစ်သောအခါကဲ့သို့ ဖြစ်လတံ့။ ။

ဆောင်ပုဒ်ကဗျာ

ဗူးတောင်းကွဲ ပေါ်မြဲမမှတာ
ရေပြင်မှာမတည်ဘဲ ထဲနစ်သည်သာ

သီလဝါ ပညာရှိများ
ရဟန်း ရှင်လူတို့
ကျေးဇူးမူ ဂုဏ်တိမ်မြုပ်တယ်
ကျိုးယုတ်အလား။ ။

## တေရသမ အနာဂတ်စကား

ကောသလမင်းကြီး။ ။အရှင် ဘုရား အလွန် ကြီးမား၍ အထွတ်တပ်သော အိမ်ပမာဏရှိသော ကျောက်ဖျာကြီးသည် လှေကဲ့သို့ ရေအပြင်၌ ပေါလောပေါ်နေသည်ကို မြင်မက်ပါသည်။ ဤသို့ မြင်မက်အပ်သော အိပ်မက်၏ အကျိုးသည် မည်သို့ဖြစ်လတံ့ပါနည်း။

မြတ်စွာဘုရား။ ။မြတ်သောမင်းကြီး ဤအိပ်မက်၏အကျိုးသည်လည်း သင်မင်းကြီး၏ လက်ထက်၌ရင်း ငါဘုရား၏ လက်ထက်၌ရင်း မဖြစ်လတံ့။ အနာဂတ်ကာလ၌သာ ဖြစ်လတံ့။

အနာဂတ် ကာလ၌ တရား မစောင့်ကုန်သော မင်းတို့သည် အမျိုးယုတ် လူယုတ်မာတို့ကိုသာ စည်းစိမ်ဥစ္စာတို့ဖြင့် လွန်စွာ ချီးမြှောက်ကြကုန်လတံ့။ ရာထူး ဌာနန္တရဖြင့် အစိုးရသည် ဖြစ်ကုန်လတံ့။

အမျိုးမြတ်သူ သူတော်ကောင်းတို့ကား ဆင်းရဲဒုက္ခ ရောက်ကြကုန်လတ္တံ့။ လူကောင်းသူကောင်း ပညာရှိ အပေါင်းတို့၌ တစုံတယောက်သောသူမျှ ရိုသေမှု မပြုကြကုန်လတ္တံ့။ သူယုတ်တို့ကိုသာ ချစ်ခင်ကြည် ညိုကြကုန်လတ္တံ့။ မင်း၏ မျက်မှောက် မျက်ကွယ်ရှိ တရားဆုံးဖြတ်ရာတို့၌ တရားဓမ္မတွင် လိမ်မာကျွမ်း ကျင်သော ကျောက်ဖျာနှင့် တူကုန်သော အမျိုး ကောင်းသူမြတ်၏ မှန်ကန်သော စကားသည် ရေ အောက်သို့ အနစ်မထိုင်သကဲ့သို့ သက်ဝင် မတည်ကြ ကုန်လတ္တံ့။

သံဃာ့ဘောင် အစည်းအဝေး စသည်တို့၌လည်း သီလဝန်လဇ္ဇီသူမွန်တို့ကို ရိုသေခြင်းကင်းကုန်လတ္တံ့။ ထိုသူမြတ်တို့၏ စကားသည် ပရိသတ်တို့၏ အလယ် တွင် သက်ဝင်စူးစိုက်၍ မတည်ကုန်လတ္တံ့။ အပေါ် ယံဖြစ်၍ ပျောက်ပကုန်လတ္တံ့။ အိမ်ပမာဏ ကြီးလှ စွာသော ကျောက်ဖျာကြီးသည် ရေ၌ ပေါလော ပေါ်သောအဖြစ်ကဲ့သို့ ဖြစ်လတ္တံ့။

### ဆောင်ပုဒ်ကဗျာ

ကျောက်စိုင်ခဲ နစ်မြဲတဲ့ဓမ္မတာ
ရေပေါ်မှာ လှေအလားသို့ ငွါးငွါးထင်လာ
နိသီလာ ပညာမဲ့များ

ရဟန်းရှင်လူတို့
ကျေးဇူးမူ တင်ပေါ်ကောင်းတယ်
ကြောင်းဖြစ်အလား။ ။

## စုဒ္ဒသမ အနာဂတ်စကား

ကောသလမင်းကြီး။ ။အရှင်ဘုရား သစ်မည်စည်ပွင့်ငယ် ပမာဏ အလွန်ငယ်သော ဖားမငယ်သည် အလွန်ကြီးကုန်သော မြွေဟောက်တို့ကို လျင်စွာ ကိုက်၍ ကြာစွယ်ကြာရိုးကို ဖြတ်သကဲ့ ဖြတ်၍ စားမျိုသည်ကို မြင်မက် ပါသည်။ ဤကျွန်ုပ် မြင်မက်သော အိပ်မက်၏ အကျိုးသည် အသို့ ဖြစ်လတံ့ပါနည်း။

မြတ်စွာဘုရား။ ။မြတ်သော မင်းကြီး ဤ အိပ်မက်၏ အကျိုးကား သင်မင်းကြီး၏ လက်ထက်၌ရင်း၊ ငါဘုရား၏ လက်ထက်၌ရင်း မဖြစ်လတံ့။ အနာဂတ်ကာလ၌ လူတို့မတရားပြုကျင့် နေထိုင်ကြသော ဆုတ်ကပ် ကာလ၌ သာလျှင် ဖြစ်လတံ့။ လူယောကျ်ားတို့သည် ဝိသမလောဘ ကိလေသာရာဂ အလေ့ဆိုးများသော ကာလ၌ ငယ်သော မယားတို့ကို သိမ်းပိုက်လျက် အလိုလိုက် ထားကြကုန်လတံ့။ အိမ်၏ ကျွန် အမှုလုပ်, ကျွဲနွား ပစ္စည်း ဥစ္စာတို့ကို ထိုမယား (မိန်းမငယ်)တို့သည်သာစီရင်ကုန်လတံ့။ယောကျ်ား

ကြီးတို့သည် ထိုင်ယ်သောမယား၏ ဆူပူကြိမ်းမောင်း ငေါက်ငန်းခြင်း တို့ကို ခံကြရကုန်လတံ့။ ကျွန် အမှုလုပ်တို့ ကဲ့သို့ ယောကျ်ားကြီးတို့ အပေါ်၌ အစိုးတရ ပြုစီရင်ကြ ကုန်လတံ့။ သစ်မည်စည်ပွင့် ငယ်မျှသာ ပမာဏရှိသော ဖားမငယ်တို့သည် လျင် သော အဆိပ်ရှိသော မြွေဟောက်တို့ကို စားမျို သကဲ့သို့ ဖြစ်လတံ့။ ။

## ဆောင်ပုဒ်ကဗျာ

ကိုယ်တဆုပ်ကယ်နှင့်၊
ပိန်စုတ်စွေ့ ဖားသူငယ်၊
မြွေကြီးကို ကိုက်ကာဝါးလို့၊ စားခဲ့ပြန်တယ်။
မိန်းမငယ် ဆိုးကျယ်ညစ်ညမ်း၊
မှုမျိုးသူစီရင်လို့၊
ကိုယ့်လင်ကို အနိုင်ကျင့်တယ်၊
ဘေးသင့်ကမန်း။

## ပန္နရသမ အနာဂတ်စကား

**ကောသလမင်းကြီး။** ။အရှင်မြတ်ဘုရား သူယုတ်မာတို့၏ ရွာ၌ ကျက်စားသော ကျီးကို လှုပသော ရွှေအဆင်း ရှိသော ရွှေဟင်္သာ အပေါင်းတို့သည် ခြံရံကာ နေ

သည်တို့ကို အကျွန်ုပ် မြင်မက်ပါသည်။ ဤအိပ်
မက်၏ အကျိုးသည် အသို့ ဖြစ်လတံ့ပါနည်း။

မြတ်စွာဘုရား။ ။မြတ်သောမင်းကြီး ဤအိပ်မက်၏ အ
ကျိုးသည်လည်း သင်မင်းကြီး၏ လက်ထက်၌၎င်း
ငါဘုရား၏ လက်ထက်၌၎င်း မဖြစ်လတံ့၊ အနာဂတ်
ကာလ၌ အင်အား နည်းပါးကုန်သော မင်းတို့၏
လက်ထက်၌သာလျှင် ဖြစ်လတံ့။

အနာဂတ်ကာလ၌ အင်အားနည်းသော မင်းတို့
သည် ဆင်မြင်းစသော အတတ်ပညာ ချို့ကုန်လတံ့။
စစ်ထိုးခြင်း၌မရဲသတ္တိနည်းပါးကုန်လတံ့။မိမိစည်းစိမ်
ပျက်ခြင်းမှကြောက်ရွံ့ကြကုန်လတံ့။ မိမိနှင့် တကွ
သော ဇာတ်ရှိသော အမျိုးသားတို့အား စည်းစိမ်
ရာထူးတို့ကိုမပေးကုန်လတံ့။ အောက်တန်းကျသော
သူယုတ်တို့ကိုသာ ခစားစေကုန်၏။ သူယုတ်တို့အား
သာချီးမြှောက်ပြီးသူမြတ်တို့အားပယ်ရှားကုန်လတံ့။
သူမြတ် သူကောင်းတို့သည် မင်းအိမ်၌ မဝင်ဆန့်
သဖြင့်သူယုတ်ဖြစ်သော အာဏာပိုင်စိုးသူတို့ထံ၌သာ
မျက်နှာအောက်ချ၍ ခိုရံခစားကြရကုန်လတံ့။ ရွှေ
ဟင်္သာအပေါင်းတို့သည် ယုတ်မာသောကျီးကို ခိုရံ
ခစားသကဲ့သို့ ဖြစ်လတံ့။

## ဆောင်ပုဒ် ကဗျာ

ရွှေအလား ငှက်များတဲ့ဟသ်ာ
ကျီးနက်ကိုခြံရံခတယ်၊ ရှေးကကြမ္မာ
မျိုးယုတ်မာရာဇာဖြစ်လား
အမျိုးမြတ်သူတို့ ရွှေတူရူ ခစပ်ညောင်းတယ်
ကြောင့်တရား။ ။

## သောဋသမ အနာဂတ်စကား

ကောသလမင်းကြီး။ ။အရှင်မြတ်ဘုရား ရှေးအခါ၌ကား ဆိတ်တို့ကို သစ်တို့သည်စားကြကုန်၏။ ယခုမှာကား ဆိတ်တို့သည် သစ်တို့ကို လျင်မြန်သော အဟုန်ဖြင့် လိုက်လျက် ကျွတ်ကျွတ်မြည်အောင် ကိုက်စားကြသည်တို့ကို မြင်မက်ပါသည်။ ထိုအခါ အခြားသော သစ်တို့သည် ဆိတ်တို့ကိုမြင်လျှင် အဝေးကပင် ထိတ်လန့် ထွက်ပြေး၍ ဆိတ်တို့ဘေးမှ လွတ်ကင်းရာ တောခြုံနက်ရာသို့ ဝင်ပုန်းကြပါကုန်သည်။ ဤအိပ်မက်၏ အကျိုးသည် အသို့ဖြစ်လတံ့ပါနည်း။

မြတ်စွာဘုရား။ ။မြတ်သောမင်းကြီး ဤအိပ်မက်၏ အကျိုးသည်လည်း သင်မင်းကြီး၏ လက်ထက်၌ရင်းငါဘုရား၏ လက်ထက်၌ရင်း မဖြစ်လတံ့။ အနာဂတ်

ကာလ၌ တရားမစောင့်သော ဖေါက်ပြန်ယွင်းမှားသော မင်းဆိုးတို့ လက်ထက်၌သာ ဖြစ်လတ္တံ့။

ထိုအခါ မင်းနှင့် ချစ်ကျွမ်းဝင်ကြ ကုန်သော အမျိုးယုတ်သူတို့သည်သာ ရာထူးဌာနပိုင်စိုး လွှမ်းမိုးကြကုန်လတ္တံ့။ အမျိုးမြတ်သူတို့သည်ကား ဂုဏ်သိမ်မရှိ ဆင်းရဲငြိုငြင်ကြကုန် လတ္တံ့။ မင်းနှင့် အကျွမ်းဝင်သူ သူယုတ်တို့သည် မိမိတို့၏စကားကို မင်းစကားပြုစေလျက် တရားဆုံးဖြတ်ရာ အရပ်တို့၌ လူမိုက်အင်အား များကြကုန်ပြီး အမျိုးမြတ်သူတို့၏ ပစ္စည်းဥစ္စာ လယ်ယာ ဥယျာဉ်စသည်တို့ကို ငါတို့ ဥစ္စာတည်းဟု တရားတွေ့လျက် အနိုင်အထက်ယူကုန်လတ္တံ့။ ခြိမ်းခြောက်ကုန်လတ္တံ့။ ဖမ်းဆီးချုပ်နှောင် ရိုက်နှက်ကြကုန်လတ္တံ့။ သင်တို့၏ ဥစ္စာပါဟု ပေးစွန့်ကာ အလွန်ကြောက်ရွံ့သဖြင့် ပုန်းအောင်းအိပ်ကြရကုန်လတ္တံ့။

အကျင့်ဆိုးသော အလဇ္ဇီ ရဟန်းတို့သည်လည်း သီလကို ချစ်မြတ်နိုးသော လဇ္ဇီသူမွန်ရဟန်းကောင်းတို့အား အလိုရှိတိုင်း ညှဉ်းဆဲနှိပ်စက်ကြကုန်လတ္တံ့။ သီလချစ်မြတ်နိုးသော ရဟန်းကောင်းတို့သည် လွန်စွာ ညှိုးငယ် ပင်ပန်းကြသဖြင့် အရညဝါသီ တောအရပ်သို့သာ ခိုဝင်ကြကုန်လတ္တံ့။ ဤသို့လျှင် အမျိုး

မြတ်သူတို့သည်၎င်း၊ သီလချစ်မြတ်နိုးသော ရဟန်းတို့သည်၎င်း ဆိတ်မှ ကြောက်ခြင်းကြောင့် သစ်တို့သည် ပြေးကြရကုန်သကဲ့သို့ ဖြစ်ကုန်၏။

ဆောင်ပုဒ် ကဗျာ

ကျွဲသစ်သားကိုလ၊ ဆိတ်စားလို့နေကုန်ပြီ
ဆိတ်ကိုမြင် သစ်တွေပုန်းတယ် ထုံးနှင့်မညီ
သူလဇ္ဇီ၊ ဒုဿီတို့ နှိပ်နှင်း
သီလဝန် အရှင်မြတ်ကယ်တို့
ဒုဿီကို အမြင်ကပ်သော်ကြောင့်
တောရပ်သို့ချဉ်း။

မဟာသုပိနဇာတက ပါဠိတော်နှင့် ၎င်းအဋ္ဌကထာတို့၌ လာရှိသော အနာဂတ်စကား အမေးအဖြေ ကောသလအိပ်မက်(၁၆) ချက် အမိပ္ပါယ်စုံ ဤတွင်ပြီးပြည့်စုံပြီ။

ဆောင်ပုဒ် ကဗျာ

ကောသလ စောလှတဲ့ရာဇာ
ဆဲ့ခြောက်ဖြာ အိပ်မက်ကြီး ပြီးနိဋ္ဌိတာ
မိန့်ခွန်းဖြာ လင်္ကာစုရုံး
ပညာဂုဏ် နှုတ်ငုံရအောင်
ရေးကျက်ကြအုံး။

## ဘုရားပရိနိဗ္ဗာန်ပြုရာ၌ အများသတ္တဝါ ထိတ်လန့်တုန်လှုပ် ကြပါ၍ အသီးအသီးရွတ်ဆိုကြကုန်သော ဆောင်ပုဒ်သံဝေဂကထာ အနာဂတ်ဓမ္မရတနာများ

သဗ္ဗေဝ နိက္ခိပိဿန္တိ၊
ဘူတာလောကေ သမုဿယံ။
ယတ္ထ ဧတာဒိသော သတ္ထာ၊
လောကေ အပ္ပဋိပုဂ္ဂလော။
တထာဂတော ဗလပ္ပတ္တော၊
သမ္ဗုဒ္ဓေါ ပရိနိဗ္ဗုတော။

ယတ္ထလောကေ၊ ဖြစ်လျှင်ပျက်မြဲအကြင်လောကကြီးထဲ၌။ ဧတာဒိသော၊ ဤသို့ များလှစွာသော ကျေးဇူးဂုဏ်တော်နှင့် ပြည့်စုံနေတော်မူပေသော။ သတ္ထာ၊ နတ်လူတို့၏ထွဋ်ချာ မှန်ကင်း ဆရာရင်း ဆရာစစ် ဖြစ်တော်မူပေသော။ အပ္ပဋိပုဂ္ဂလော၊ သုံးပါးသောလောက၌ တူပြိုင်ဘက် ကင်းတော်မူသော။ တထာဂတော၊ ရှေးရှေးဘုရားတို့အတူ လာတော်မူသော။ ဗလပ္ပတ္တော၊ အားဆယ်ပါးသို့ရောက်တော်မူသော။ သမ္ဗုဒ္ဓေါ ပိ၊ သုံးဖြာသေဉ္ဇနင်း သုံးလူမင်း ဖြစ်တော်မူပေသော်လည်း။ ပရိနိဗ္ဗုတော၊ ပရိနိဗ္ဗာန်ဝင်စံတော်မူရသေး၏။

တတ္ထလောကေ၊ ဖြစ်လျှင်ပျက်မြဲ ထိုလောကကြီးထဲ၌။ သဗ္ဗေဝ၊ အလုံးစုံသာလျှင်ဖြစ်ကုန်သော။ ဘူတာ၊ အသက်

ကိုယ် ထင်ရှား ရှိကုန်သော သတ္တဝါတို့သည်။ သမုဿယ်၊ ရုပ်နာမ်နှစ်ဖြာ ငါးဝခန္ဓာကို။ နိက္ခိပ်ဿန္တိ၊ တနေ့တချိန်မှာ သူသေကောင်စွန့်ရာ သုသာန်တစ သင်းချိုင်းဝသို့ မုချမှန်စွာ ပစ်ချရကြကုန်လတံ့။

အဓိပ္ပါယ် အကျဉ်းချုပ်ကတော့= အလွန် ဘုန်းတန်ခိုး ကြီးမားလှကုန်သော ကံ ဉာဏ် ဝီရိယ သတိ သမာဓိကြီးမား လှကုန်သော သုံးလောကထွတ်ထား သဗ္ဗညုဘုရားများပင် သော်လည်း ဤလောကကြီးကိုစွန့်ခွါ၍ ပရိနိဗ္ဗာန်စံဝင်တော် မူရပါသေးသည်၊ သေးသေးမွှားမွှား ငါတို့လိုသတ္တဝါအငယ် စားများမှာဆိုလျှင် အဘယ်ဆိုဘွယ်ရာ ရှိနိုင်ပါမည်နည်း၊ အသက်စွန့်ခွါ သေမင်းနိုင်ငံသို့ပါရမည်မှာ မုချပါကလားဟု သတိသမ္ပဇဉ် ဆင်ခြင် သံဝေဂ တွင်တွင်ကြီး ပွားများထား ကြပါဟုလို။

## ရုပ်နာမ်နှင့်စပ် အနာဂတ်တရား

လူ့ဘုံ နတ်ဘုံ ပြဟ္မာဘုံတို့မှ စုတေကြရ ကုန်သော ပုထုဇဉ် သတ္တဝါတို့သည် သေသောအခါ၌ ဝိနိပါတဘေးကြီး ကပ်တိုက်၍ သေကြရကုန်၏၊ အပါယ်သို့ ရောက်ကြရာ နှစ် ပေါင်း များစွာ ဘဝပေါင်းများစွာ အပါယ်ဘေးကြီးကို ခံကြရကုန်၏၊ ဤအထက်ပါ ဘေးကြီးနှစ်ပါးကို ပုထုဇဉ် လူနတ်ပြဟ္မာ သတ္တဝါတို့သည် လွတ်ငြိမ်းအောင် မတတ်နိုင်

ကြကုန်လတံ့၊ သေသည်မှ နောက်ကာလ၌ ဘယ်ဘုံမှာ ဖြစ်မလဲဟု မေးခဲ့လျှင် ဘယ်မှာသိနိုင်မလဲ ကံပစ်ချရာ ဖြစ်ရမှာပဟု ဘယ်သူမဆို ပြောဆိုကြရလတံ့၊ အလွန် ကြောက်ဘွယ်ကောင်းသော ဘေးဆိုးကြီးများတည်း၊ ကြားဝံ့ဘွယ်မရှိသော ဘေးကြီးတည်း၊ ဘုံဘဝ ဖြစ်ရမှု၌ သံဝေဂဉာဏ်ရှိသူတိုင်း အသဲတုန် ရင်ခုန်စရာ ဘေးကြီးများပင်တည်း။

ဉာဏ်ပညာ အမြော်အမြင် ရှိကြကုန်သော လူပညာရှိ နတ်ပညာရှိ မိန်းမပညာရှိ ယောကျ်ားပညာရှိတို့သည် သံသရာ၌ ပုထုဇဉ် ဖြစ်လေရာရာ ဘဝမကွာ ထက်ချပ်ပါ၍ ရှေးက ဆီးကာဆီးကာ အမြဲရှိ၍နေသော ထိုကြောက်စရာ ဘေးကြီးနှစ်ပါးကို မြင်ကြမျှော်ကြ စက်ဆုပ်ကြကုန် သော်လည်း ပျောက်ငြိမ်းအောင် မကြံဆောင် နိုင်ကြကုန်သောကြောင့် သဗ္ဗညုဘုရားပွင့်ရာ သာသနာကိုသာ လွန်စွာတောင့်တ ကြရကုန်၏၊ ဒါနကိုပြု၍ တောင့်တကြရကုန်၏ သီလကိုပြု၍ ဘုရားကို တောင့်တကြရကုန်၏ တတ်စွမ်းသမျှ ကုသိုလ်ပြု၍ ဘုရားကို တောင့်တကြကုန်၏ ပါရမီကို ဖြည့်၍ ဘုရားကို မြော်ကြရကုန်၏။

ဘုရားနှင့် တွေ့မှ တရားနှင့် တွေ့မှ သာသနာနှင့် တွေ့မှ အထက်ပါ ဘေးကြီးနှစ်ပါး၏ လက်တွင်းက ကျွတ်လွတ်နိုင်မည်ကို သိကြကုန်၏၊ မိန်းမဖြစ်လျှင် ဘုရားသမီးတော် ဖြစ်

ရမှ အထက်ပါ ဘေးကြီးနှစ်ပါး၏ လက်တွင်းမှ ကျွတ်လွတ်နိုင်ကြကုန်၏၊ ယောကျ်ား ဖြစ်လျှင် ဘုရားသားတော် ဖြစ်ရမှ အထက်ပါ ဘေးကြီးနှစ်ပါး၏ လက်တွင်းက ကျွတ်လွတ်နိုင်မည်ကို သိကြကုန်၏၊ ထိုသို့ သိကြသောကြောင့် ဘဝများစွာ ကမ္ဘာဘာတို့၌ အခွင့်ရတိုင်း အခွင့်ရတိုင်း ပါရမီသမ္ဘာရတို့ကို တတ်အားသမျှ ဆည်းပူး၍ ဘုရားတရားသံဃာသာသနာကို တမျှော်တည်း မျှော်ကြရကုန်၏။

ထိုသို့ မြှော်သည့် အတိုင်း မြတ်စွာဘုရား၏ သာသနာတော်ကို ကြည်ညိုတတ်သော ဗုဒ္ဓဘာသာ အမျိုး၌ ဖြစ်ကြပြီးလျှင် ထိုက်သည့် အားလျော်စွာ ဘုရားမြတ်စွာ၏ သားတော်ကြီး သားတော်လတ် သားတော်ငယ် သမီးတော်ကြီး သမီးတော်လတ် သမီးတော်ငယ် အဖြစ်သို့ ရောက်ကြကုန်သောအခါ အထက်ပါ ဘေးကြီးနှစ်ပါးမှ အပြီးတိုင် လွတ်ငြိမ်းကြရကုန်လတ္တံ့။

သားတော် သမီးတော်ဖြစ်ရလျှင် အထက်ပါဘေးကြီးနှစ်ပါးမှ လွတ်ငြိမ်းမှု ဆိုသည်ကား သက္ကာယဒိဋ္ဌိ ချုပ်ငြိမ်းမှုပင်တည်း သက္ကာယဒိဋ္ဌိ ချုပ်ငြိမ်းသည်နှင့် တပြိုင်နက် သားတော် အဖြစ် သမီးတော်အဖြစ်သို့ ရောက်ကြကုန်လတ္တံ့။ အထက်ပါ ဘေးကြီးနှစ်ပါးမှ အပြီးတိုင် လွတ်ငြိမ်းကြကုန်လတ္တံ့။ သက္ကာယဒိဋ္ဌိ ချုပ်ငြိမ်းလျှင် အဘယ်ပုံ သားတော်

အဖြစ် သမီးတော်အဖြစ်သို့ရောက်ကြရလေကုန်သနည်း။ ခန္ဓာငါးပါးတို့တွင် စိတ်ဟူသော ဝိညာဏက္ခန္ဓာတခု၌ အနတ္တလက္ခဏာ ကောင်းကောင်းထင်လျှင်ပင် သက္ကာယဒိဋ္ဌိ ချုပ်ငြိမ်း၏။ သို့မဟုတ် စေတသိက် တခုခု၌ အနတ္တလက္ခဏာ ထင်လျှင် သက္ကာယဒိဋ္ဌိ ချုပ်ငြိမ်း၏။

ဖဿစေတသိက်တခု၌ရင်း ဝေဒနာစေတသိက်တခု၌ရင်း သညာစေတသိက်တခု၌ရင်း အနတ္တလက္ခဏာကောင်းကောင်း ထင်လျှင်ပင် သက္ကာယဒိဋ္ဌိ ချုပ်ငြိမ်း၏ အနတ္တလက္ခဏာထင်ဆိုသည်မှာ အနိစ္စလက္ခဏာ ကောင်းကောင်းထင်လျှင် အနတ္တလက္ခဏာ ထင်မှုကိစ္စ ပြီးစီးလေတော့သည်။

သက္ကာယဒိဋ္ဌိ ရှိသေးသမျှ ကာလပတ်လုံး အလုံးစုံသော ဒုစရိုက်ကံဟောင်း ဒုစရိုက်ကံသစ်တို့သည် ရှိနေကုန်လတ့်။ အလုံးစုံသော ကိလေသာတို့သည် အမြဲရှိ၍ နေကုန်လတ့်။ အလုံးစုံသော အပါယ်ဘေးတို့သည် စိတ်အစဉ်မှာ အမြဲပါရှိ၍ နေကုန်လတ့်။ ထိုကိလေသာ မကောင်းဆိုးဝါး မကောင်းသော အပြုအမူ ရှိနေသူသည် ပုထုဇဉ် မည်တော့၏ ပုထုဇဉ် အဖြစ်သည်အယုတ်ညံ့ဆုံးတို့ မကောင်းဆိုးဝါးတို့သာတည်း။

အနတ္တလက္ခဏာ နေရာဘကျ ထင်မြင်၍ သောတာပတ္တိမဂ်သို့ ရောက်သည်နှင့် တပြိုင်နက် ဒိဋ္ဌိဟူသော ပုထုဇဉ်အရှယ်

ကြီးသည် ကျွတ်၍ကျလတံ့။ အပါယ်ချရန် စိတ်နှလုံးထဲတွင် အစဉ်ပါရှိ၍နေသော ဒုစရိုက်ကံဟောင်း အနန္တတို့သည် ဒိဋ္ဌိ ကျွတ်လွတ်ရာ အကုန်အစဉ် ပါကြရကုန်လတံ့။ ရှေသို့ မိုက်မဲ သောင်းကျမ်းလတံ့သော ဒုစရိုက်ကံသစ် အနန္တတို့သည်လည်း ဒိဋ္ဌိချုပ်ငြိမ်းရာ အကုန်အစင် ပါကြရကုန်လတံ့။

အပါယ် သံသရာကျရုံသာ မကသေး စည်းစိမ်ချမ်းသာ သေးသိမ်စုတ်နုတ်သော လူ့ဘဝ နတ်ဘဝမျိုး ဘုန်းတန်ခိုး သေးသိမ်သော လူ့ဘဝ နတ်ဘဝမျိုး အကျင့်အမူ ယုတ်ညံ့ ရိုင်းစိုင်းသော လူ့ဘဝ နတ်ဘဝမျိုး အသိ အလိမ္မာ ဉာဏ် ပညာ သေးသိမ်သော လူ့ဘဝ နတ်ဘဝမျိုးသို့လည်း ကျ ရောက်ခြင်း မရှိ၊တော့ပြီ။ သေလျှင် မြင့်သည်ထက်မြင့် မြတ် သည်ထက် မြတ်သောဘာသို့ ဆန်တက်မှုတလမ်းသာ ရှိတော့ ၍ ပုထုဇဉ်အလားသည် အကုန်လုံး ကွယ်ပျောက်၏၊ ပုထုဇဉ် ဘုံဘဝ အနွယ်အဆက်မှ ကျွတ်လွတ်ကြရကုန်လတံ့။ အရိယာ ဘုံသို့ ရောက်ကြရကုန်လတံ့ ဘုရားရှင်၏ သားတော် သမီး တော် အစစ်အဖြစ်သို့ ကူးပြောင်းရောက်ရှိကြကုန်လတံ့။ ဝိနိ ပါတ ဘေးကြီး အပါယ်ဘေးကြီး အပြီးတိုင် ငြိမ်းကုန်လတံ့။ ထိုဘေးဆိုးကြီးနှင့်မျိုးမှ အေးငြိမ်းရာ ရွှေပြည်နိဗ္ဗာန်အတွင်း သို့ သက်ဆင်း ဝင်ရောက်ကြရကုန်လတံ့။

လူ့ဘုံ နတ်ဘုံ ဗြဟ္မာဘုံတို့၌ ဘဝများစွာ ကပ္ပါအဆက် ဆက်ကျင်လည်၍ သွားသော်လည်း ထိုနိဗ္ဗာန်ကြီး အတွင်း၌

ည်၍သာ ကျင်လည်ရတော့လတံ့၊ ကာလကြာညောင်း၍ ဗ္ဗာန်ကြီး ပျောက်ပျက်သည် မရှိပြီ၊ ဒိဋ္ဌိပေါ်၍ လာပြန် ည်ဟု မရှိတော့ပြီ၊ အတိတ် ဒုစရိုက် ကံဟောင်းတွေ တွက် ပူရပြန်သည် မရှိပြီ၊ အနာဂတ်ဒုစရိုက် ကံဟောင်း ွေ ဖြစ်လာလတံ့သည်ကို ကြောင့်ကြ ရပြန်သည် မရှိပြီ၊ ဘပါယ်ဘေးအတွက် ပူပန်ရပြန်သည်ဟု မရှိပြီ၊ ယုတ်နိမ့်ရာ သို့ ပေါက်လွတ်ကျမှုဟူသော ဝိနိပါတဘေး ပေါ်လာပြန် သည်ဟု မရှိတော့ပြီ၊ ဘဝများစွာ ကပ္ပါများစွာ ဆက်ခါ ဆက်ခါ ကျင်လည်၍ သွားသော်လည်း ဘုရားသာသနာ ပ,သောဘဝ ပ,သောကပ္ပါဟူ၍ မတွေ့ရပြီ၊ နိဗ္ဗာန်ချမ်းသာ နှင့်တကွ လူချမ်းသာ နတ်ချမ်းသာ ဗြဟ္မာချမ်းသာ တို့ကို အစဉ်အမြဲ ခံစား၍ သွားကြရကုန် လတံ့။

ဝဋ္ဋဆင်းရဲ၌ နစ်မွန်းမျောပါသော သတ္တဝါ မဟုတ်ပြီ၊ လူ့ဘုံ နတ်ဘုံ ဗြဟ္မာဘုံတို့၌ ဘဝများစွာ ကပ္ပါအဆက်ဆက် ကျင်လည်၍ နေသော်လည်း ဝိဝဋ္ဋနိဿိတသတ္တဝါမျိုး အနေ နှင့် ကျင်လည်ကြရ ကုန်လတံ့၊ သံသရာ၌ မျောမှုမဟုတ် တော့ပြီ၊ လူချမ်းသာ နတ်ချမ်းသာ ဗြဟ္မာ ချမ်းသာတို့ ကို အကုန်မုန်းလှပြီး၍ အားရတင်းတိမ်ပြီဆိုသော အခါ ရောက်မှ ခန္ဓာငါးပါးကို စွန့်ပစ်၍ အနုပါဒိသေသ နိဗ္ဗာန်သို့ ဝင်ရောက် စိုးစံရလတံ့။

ယဒါစ သုတွာ သော ဓမ္မံ၊သစ္စာနိ အဘိသမေဿတိ။
တဒါ အဝိဇ္ဇူပသမာ၊ ဥပသန္တော စရိဿတိ။

ယဒါစ ယသ္မိံ ကာလေ၊ အကြွင်းအလုံးစုံသိမြင် သဗ္ဗညု ဘုရားရှင်၏ ပွင့်ရာဖြစ်သော အချိန်ကာလ ထူးမြတ်သော သမယ၌။ သော၊ အသိပညာ အမြော်အမြင်နှင့် ပြည့်စုံသော ပုထုဇဉ်ရဟန်းရှင်လူသည်။ ဓမ္မံ၊ ခန္ဓာစသည်နှင့် စပ်သော တရားတော်မြတ်ကို။ သုတွာ၊ ကြားနာမှတ်သား၍ ကျင့်ကြံ ရ၍။(ကေသိက် ပြုထားသည်မှတ်) သစ္စာနိ၊ သစ္စာလေးရပ် တရားမြတ်တို့ကို။ အဘိသမေဿတိ၊ မဂ်ဉာဏ်ဖြင့် ထိုးထွင်း သိလတံ့။ တဒါ၊ ယိုမဂ်ဉာဏ်ဖြစ်ပေါ်သော ထိုအချိန်ကာ လ သမယ၌။ အဝိဇ္ဇူပသမာ၊ အလိမ္မာကင်းကွာ အဝိဇ္ဇာ၏ ချုပ်ခြင်းကြောင့်။ ဥပသန္တော၊ သခ်ါရ ဝိညာဏ် နာမ် ရုပ် စသော ဝဋ္ဋဒုက္ခခပ်သိမ်းပျောက်ငြိမ်းသည် ဖြစ်၍။ စရိဿတိ၊ အနုပါဒိသေသ နိဗ္ဗာန် စိုးစံရလတံ့။

ဤသို့လျှင် ခန္ဓာစသော ပရမတ်စကားတို့ကို ကြားနာ မှတ်သား လိုက်နာကျင့်ကြံ အားထုတ်ရခြင်းသည် လက္ခဏာ ရေးသုံးပါးထင်သဖြင့် သာသနာ့အသိဉာဏ်မှန် ဝင်ရောက် လာကာ ဣတ္ထာ မာန ဒိဋ္ဌိ ဟူသော မှည်နာသုံးပါး၊ ငါ ငါ၏ ဥစ္စာ ငါ၏ကိုယ်ဟူသော အစွဲအလမ်းပျောက်ခြင်း စိုးရိမ် ပူဆွေး စိတ်မအေးမှု မဖြစ်ခြင်းအစ သမာဓိပညာအလယ် ဝိပဿနာဉာဏ် အသွယ်သွယ် ဖြစ်ပေါ်လာ၍ မဂ်ဖိုလ်နိဗ္ဗာန်

မျက်မှောက်ပြုရခြင်း အဆုံးရှိသော အမြိုက်အရသာ အကျိုးထူးတို့ကို စောန်မုချသုံးဆောင်ခံစားကြရကုန်လတ့်။

ဤသို့သော အထက်ပါကောင်းကျိုးတရားများ သက်ဝင်လာနိုင်မှုကို အသိဉာဏ်မှာ ကွင်းကနဲထင်းကနဲပေါ်လာကြ၍ ဆိုခဲ့ပြီးသော အနာဂတ်ဓမ္မရတနာ ဗုဒ္ဓနှင့် သာဝက ရဟန္တာကြီးတို့၏ အနာဂတ် စကားတော်ကြီးများကို လေးလေးစားစား အာရုံထား၍ ကြားနာမှတ်သား နာယူကျင့်ကြံလိုပါက သာသနာ့လုပ်ငန်းရပ်ဖြစ်သော ရုပ်နာမ်အာရုံကို ရှုပွားတတ်ရမည်။ အနာဂတ်ကောင်းကျိုးဖြစ်သော နိဗ္ဗာန်ချမ်းသာကို စိုးစံလတ့်ဖြစ်သော အမျိုးကောင်းသားအမျိုးကောင်းသမီးသည် အတိတ် အနာဂတ် ရုပ်နာမ်ကို မရှုပွားဘဲ ဖြစ်ဆဲ ပစ္စုပ္ပန် ရုပ်နာမ်တခုခုကိုသာ အချက်ကျကျ ရှုပွားနေရမည်။ ဖြစ်ဆဲ ရုပ်နာမ် အာရုံပေါ်မှာ တည့်တည့်ရောက်အောင်ရှုပွားနိုင်လျှင် ဖြစ်ပျက် ရုပ်နာမ် ပရမတ်အာရုံပေါ်၌ပင် ဣန္ဒြိယသံဝရသီလ၊ ဥပစာရသမာဓိ၊ ဆယ်တန်သော ဝိပဿနာဉာဏ်ပညာအဆင့်ပေါ်လာ၍ သီလ သမာဓိ ပညာဟူသော ပြင်းထန်သော လက်နက်ကြီး သုံးခုတို့၏ ထိတွေ့မှုဒဏ်ချက်ကြောင့် ဖြစ်ပေါ်လာရန် ဘဝသစ် ခန္ဓာသစ်ရုပ်နာမ်သစ်ကို ပြုလတ့်ဖြစ်သော ကိလေသာ ကျောက်တောင်ကြီးတွေဟာ ကြောက်ခမန်း လန့်ခမန်း တဝုန်းဝုန်း ပြိုကွဲ၍ ဘဝဇာတ်သိမ်း ခန္ဓာဇာတ်သိမ်း ဒုက္ခခပ်သိမ်း ချုပ်ငြိမ်းကြရကုန်လတ့်။

## ကာလသုံးရပ်နှင့်စပ်သော အဘိဓမ္မာတရားတော်

ကုသလာ ဓမ္မာ၊
အကုသလာ ဓမ္မာ၊
အဗျာကတာ ဓမ္မာ

ဟု ဓမ္မသင်္ဂဏီ ပါဠိတော်၌ ဗုဒ္ဓဟောကြားတော်မူသည်။
အနက် မြန်မာပြန်

### ကုသိုလ်အဘို့

မနုဿေသု၊ လူတို့၌ရင်း။ ဒေဝေသု၊ နတ်တို့၌ရင်း။ ဗြဟ္မေသု၊ ဗြဟ္မာတို့၌ရင်း။ အတီတေပိ ကာလေ၊ လွန်လေပြီးသော အနမတဂ္ဂသံသရာ ကာလ၌ လည်းကောင်း။ အနာဂတေပိ ကာလေ၊ နောင်လာလတ္တံ့သော အနမတဂ္ဂသံသရာ ကာလ၌ လည်းကောင်း။ ဝတ္တမာနေပိ ကာလေ၊ ယခုဖြစ်ဆဲ ပစ္စုပ္ပန်ဘဝ ကာလ၌ လည်းကောင်း။ ယေ ကုသလာ-နာမ၊ အကြင် ဒါန သီလ အစရှိသော အမြင့်အမြတ် အတတ်အသိ အလိမ်မာမှု ကုသိုလ်တို့ မည်ကုန်သည်။ သန္တိ၊ ထင်ရှားရှိကြကုန်၏။ သဗ္ဗေ၊ အလုံးစုံ ကုန်သော။ တေ ကုသလာ-နာမ၊ ထို ဒါန သီလ အစရှိသော အမြင့်အမြတ် အတတ်အသိ အလိမ်မာမှု ကုသိုလ်တို့ မည်ကုန်သည်။ န သတ္တာ၊ သတ္တဝါ မဟုတ်ကုန်။ န ပုဂ္ဂလာ၊ ပုဂ္ဂိုလ် မဟုတ်ကုန်။ န-အတ္တာ၊ တိတ္ထိတို့ အယူအဆ အတ္တ မဟုတ်ကုန်။ န ဇီဝတ္တိ၊

မိန်းမ မဟုတ်ကုန်။ န ပုရိသာ၊ ယောကျ်ား မဟုတ်ကုန်။ နာဟံ၊ ငါမဟုတ်။ န ပရော၊ သူတပါး မဟုတ်။ အထ- ခေါ၊ အဟုတ် အမှန်သော်ကား။ ဓမ္မာ၊ အကြောင်းအခွင့် သင့်ရာလျော်ရာ ဖြစ်ခါပျက်တုံ နေကြကုန်သော သဘော တရားတို့ သာတည်း။

## အကုသိုလ်အဘိ

တထာ၊ ထိုမှတပါး။ မနုဿေသုစ၊ လူတို့၌၎င်း။ ဒေဝေ- သုစ၊ နတ်တို့၌၎င်း။ ဗြဟ္မေသုစ၊ ဗြဟ္မာတို့၌၎င်း။ အတီ- တေပိ ကာလေ၊ လွန်ြီးသော အနမတဂ္ဂသံသရာ အတိတ် ကာလ၌၎င်း။ အနာဂတေပိ ကာလေ၊ နောင် လာလတံ့သော အနမတဂ္ဂသံသရာ အနာဂတ်ကာလ၌၎င်း။ ဧတရဟိပိ ကာ- လေ၊ ယခုဖြစ်ဆဲဘဝ ပစ္စုပ္ပန်ကာလ၌၎င်း။ ယေ အကုသလာ- နာမ၊ အကြင် ဣဿာ မစ္ဆေရ အစရှိကုန်သော မသိမလိမ်မာမှု အယုတ် အညံ့ အမိုက် အမဲမှု အကုသိုလ်တရား တို့သည်။ သန္တိ၊ ထင်ရှားရှိကုန်၏။ သဗ္ဗေ၊ အလုံးစုံကုန်သော။ တေ- အကုသလာနာမ၊ ထို ဣဿာ မစ္ဆေရ အစရှိကုန်သော မသိ မလိမ်မာမှု အယုတ် အညံ့ အမိုက် အမဲမှု အကုသိုလ် တရား တို့သည်။ န သတ္တာ၊ သတ္တဝါ မဟုတ်ကုန်။ န ပုဂ္ဂလာ၊ ပုဂ္ဂိုလ် မဟုတ်ကုန်။ န အတ္တာ၊ အတ္တ မဟုတ်ကုန်။ န ဣတ္ထီ၊ မိန်းမ မဟုတ်ကုန်။ န ပုရိသာ၊ ယောကျ်ား မဟုတ်ကုန်။

နာဘိ၊ ငါမဟုတ်။ န ပရော၊ သူတပါး မဟုတ်။ အဿ ခေါ၊ အဟုတ်အမှန်သော်။ ဓမ္မာ၊ အကြောင်းအခွင့် သင့်က ဖြစ်ကပျက်တုံ နေကြကုန်သော သဘောတရားတို့သာတည်း။

## ဝိပါက်ကြိယာအဘိ

တထာ၊ ထိုမှတပါး။ မနုဿာသု၊ လူတို့၌။ ယေ အဗျာကတာနာမ၊ အကြောင်အမိုက် အမဲအသိအလိမ္မာ နှစ်မျိုးမှ အလွတ်ဖြစ်ကုန်၍ အမိုက်အမဲ အသိအလိမ္မာအနေနှင့် မဆိုအပ်ကုန်၊ ဦးခေါင်း ခြေလက်အစရှိသော ထိုထို အင်္ဂါအဖြစ် ဆံပင်မွေးညှင်း အစရှိသော ထိုထို ကောဋ္ဌာသအဖြစ် စက္ခုသောတအစရှိသော ထိုထိုအာယတန အဖြစ်တို့ဖြင့် သာလျှင် ဆိုအပ်ကုန်သော အဗျာကတတရားတို့သည်။ သန္တိ၊ ထင်ရှား ရှိကုန်၏။ သဗ္ဗေ၊ အလုံးစုံကုန်သော။ တေ အဗျာကတာ၊ ထိုဦးခေါင်း ခြေလက်အစရှိကုန်သော ဆံပင် မွေးညှင်း အစ ရှိကုန်သော စက္ခုသောတအစရှိကုန်သော အဗျာကတတရား တို့သည်။ န သတ္တာ၊ သတ္တဝါမဟုတ်ကုန်။ န ပုဂ္ဂလာ၊ပုဂ္ဂိုလ် မဟုတ်ကုန်။ န အတ္တာ၊ အတ္တမဟုတ်ကုန်။ န ဣတ္ထိ၊ မိန်းမ မဟုတ်ကုန်။ န ပုရိသာ၊ ယောကျ်ားမဟုတ်ကုန်။ နာဘိ၊ ငါမဟုတ်။ န ပရော၊ သူတပါးမဟုတ်။ အဿခေါ၊ စင်စစ် သော်ကား။ ဓမ္မာ၊ အကြောင်းအခွင့်သင့်ရာ ဖြစ်ပေါ်လာ သော ဖြစ်ကပျက်တုံ သဘောတရားတို့သာတည်း။

## အစိပ္ပါယ်ဖော်ပြချက်

ဤ လူနတ်ပြဟ္မာ သတ္တဝါအပေါင်းတို့၌ အမြင့်အမြတ် အတတ်အလိမ္မာမှု ကုသိုလ်တရားတို့ မည်သည် ထင်ရှားရှိကြကုန်၏။ အဟုတ်အမှန် အမြင်သန်သော ဉာဏ်မျက်စိမှ ကင်းဝေးကြကုန်သော လူနတ်ပြဟ္မာ သတ္တဝါအပေါင်းတို့သည် ထိုအမြင့်အမြတ် အတတ်အလိမ္မာမှု ကုသိုလ်တရားတို့ကို ပုဂ္ဂိုလ်သတ္တဝါ ပြုကြကုန်၏။ မည်သည့်လူ မြင့်မြတ်သည်၊ မည်သည့်လူတတ်သိလိမ္မာသည်၊ မည်သည့်နတ် တတ်သိလိမ္မာသည်ဟူ၍ သက္ကာယဒိဋ္ဌိတရားဖြင့် မှောက်မှား စွဲလမ်းကြကုန်၏။ ထိုအမြင့်အမြတ်အတတ်အလိမ္မာမှု ကုသိုလ်တရားတို့ကိုပင် ငါပြုကြကုန်၏၊ သူတပါးပြုကြကုန်၏၊ ငါ့ကိုယ်ပြုကြကုန်၏၊ သူတပါးကိုယ် ပြုကြကုန်၏၊ ငါမြင့်မြတ်သည်၊ ငါတတ်သိလိမ္မာသည်၊ သူတပါးမြင့်မြတ်သည်၊ သူတပါး တတ်သိလိမ္မာသည်ဟူ၍ သက္ကာယဒိဋ္ဌိတရားဖြင့် မှောက်မှား စွဲလမ်းကြကုန်၏။

ထိုအမြင့်အမြတ်အတတ်အလိမ္မာမှု ကုသိုလ်တရားတို့ကိုပင် မိန်းမပြုကြကုန်၏၊ ယောကျ်ားပြုကြကုန်၏၊ မည်သည့် မိန်းမ မြင့်မြတ်သည်၊ မည်သည့်ယောကျ်ားမြင့်မြတ်သည်၊ မည်သည့် မိန်းမတတ်သိလိမ္မာသည်၊ မည်သည့်ယောကျ်ားတတ်သိလိမ္မာ သည်ဟူ၍ သက္ကာယဒိဋ္ဌိဖြင့် မှောက်မှား စွဲလမ်းကြကုန်၏။

ထိုအမြင့်အမြတ် အတတ်အလိမ္မာမှု ကုသိုလ်တရား မည်သည်ကား ပုဂ္ဂိုလ်သတ္တဝါမဟုတ်ကြပေကုန်၊အတ္တ ဇီဝ မဟုတ်ကြပေကုန်၊ ငါ သူတပါး မဟုတ်ကြပေကုန်၊ မိန်းမယောကျ်ား မဟုတ်ကြပေကုန်၊စင်စစ်ကေန်အမှန်အားဖြင့်မူကား ထိုအမြင့် အမြတ် အတတ်အသိအလိမ္မာမှု ကုသိုလ်တရားတို့၏ ဖြစ်ပေါ်ရန် ဖြစ်ပွားရန် အကြောင်းတရားတို့နှင့် ပေါင်းဆုံသောအခါ အခိုက်အလှည့်အားဖြင့် အကြောင်းအခွင့်သင့်ရာ လျော်ရာ ဖြစ်ပေါ်ကာ ဖြစ်ပွားကာ နေကြကုန်သော ဓာတ်သဘာဝ ဓမ္မသဘောတို့သာတည်း။

ပတိရူပ ဒေသာဝါသ သပ္ပုရိသုပနိဿယ အစရှိကုန်သော အကြောင်းတရားတို့နှင့် ကင်းကွာကြကုန်သောအခါ ကွယ်ပ ပျောက်ဆုံးကာ နေကြကုန်သော ဓာတ်သဘာဝဓမ္မသဘော တို့သာဖြစ်ကြကုန်သည်။ ထိုမှတပါးလည်း ဤလူနတ်ပြဟ္မာ သတ္တဝါအပေါင်းတို့၌ ဂဣသာမစ္ဆေရ အစရှိကုန်သော မသိ မလိမ္မာအယုတ်အညံ့အမိုက်အမဲ အကုသိုလ်တရားတို့မည်သည် ထင်ရှားရှိကြကုန်၏။ အဟုတ်အမှန် အမြင်သန်သောဉာဏ် မျက်စိမှ ကင်းဝေးကြကုန်သော လူနတ်ပြဟ္မာ သတ္တဝါ အပေါင်းတို့သည် ထိုအယုတ်အညံ့ အမိုက်အမဲမှု အကုသိုလ် တရားတို့ကို ပုဂ္ဂိုလ်သတ္တဝါ ပြုကြကုန်၏။ မည်သည့်လူသည် အကျင့်အကြံ ယုတ်ညံ့သည်၊ မည်သည့်လူသည် မိုက်မဲသည်၊ မည်သည့်နတ်သည် အကျင့်အကြံ ယုတ်ညံ့သည်၊ မည်သည့်

နှတ်သည် မိုက်မဲသည်ဟူ၍ သက္ကာယဒိဋ္ဌိ တရားတို့ဖြင့် မှောက်မှားစွဲလမ်းကြကုန်၏။

ထိုအယူတ်အညံ့အမိုက်အမဲမှု အကုသိုလ် တရားတို့ကိုပင် မိန်းမပြုကြကုန်၏၊ ယောကျ်ားပြုကြကုန်၏၊ မည်သည့် မိန်းမ အကျင့်အကြံ ယုတ်ညံ့သည်၊ မည်သည့်ယောကျ်ား အကျင့် အကြံယုတ်ညံ့သည်၊ မည်သည့်မိန်းမမိုက်မဲသည်၊ မည်သည့် ယောကျ်ား မိုက်မဲသည်ဟူ၍ သက္ကာယဒိဋ္ဌိဖြင့် မှောက်မှားခဲ့ စွဲလမ်းခဲ့ကြကုန်၏။ ထိုအယုတ်အညံ့ အမိုက်မဲမှု အကုသိုလ် တရားတို့သည်မူကား ပုဂ္ဂိုလ် သတ္တဝါ မဟုတ်ကြပေကုန်။ အတ္တဇီဝမဟုတ်ကြပေကုန်၊ ငါ သူတပါး မဟုတ်ကြပေကုန်၊ မိန်းမယောကျ်ား မဟုတ်ကြပေကုန်။ စင်စစ်ကေန် အမှန် အားဖြင့်မူကား ထိုအမိုက်အမဲမှု အကုသိုလ် တရားတို့၏ ဖြစ်ပေါ်ရန် ဖြစ်ပွားရန် အပတိရူပ ဒေသာဝါသ အသပ္ပုရိ- သုပနိဿယအစရှိကုန်သော အယုတ်အညံ့ အကြောင်းတို့နှင့် အခွင့်သင့်ရာ လျော်ရာ ဖြစ်ပေါ်ကာ ဖြစ်ပွားကာ နေကြကုန် သော ဓာတ်သဘာဝမျှသဘောတို့သာတည်း။

ထိုမှတပါးလည်း ဤလူနတ်ပြဟ္မာသတ္တဝါအပေါင်းတို့၌ ကောင်းကျိုးကိုပေးတတ်သည်ဟူ၍လည်း မဆိုရ၊ မကောင်း ကျိုးကို ပေးတတ်သည်ဟူ၍လည်း မဆိုရ၊ ဘဝမဆုံးမီကာလ အတွင်း၌သာ ဆောင်ရွက် မွေးမြူကာ နေကြရကုန်သော

စက္ခုသောတ အစရှိကုန်သော တရားတို့သည် ထင်ရှားရှိကြကုန်၏။ အဟုတ်အမှန် အမြင်သန်သော ဉာဏ်မျက်စိမှကင်းဝေးကြကုန်သောလူနတ်ဗြဟ္မာသတ္တဝါအပေါင်းတို့သည် ထို စက္ခု သောတ အစရှိကုန်သောတရားတို့ကို ပုဂ္ဂိုလ်သတ္တဝါ ပြုကြကုန်၍ မည်သည့်လူ မည်သည့်အရာဌာနကို ကြည့်သည် ရှုသည် မျှော်သည် မြင်သည်ဟူ၍ရင်း၊ သက္ကာယဒိဋ္ဌိတရားဖြင့် မှောက်မှား စွဲလမ်းကြကုန်၏။ ထို စက္ခု သောတ အစရှိကုန်သော တရားတို့ကို ပုဂ္ဂိုလ်သတ္တဝါ ပြုကြကုန်၍ မည်သည့်လူ မည်သည့်အရာဌာနကို နားထောင်သည် ကြားသည်ဟူ၍ရင်း သက္ကာယဒိဋ္ဌိတရားဖြင့် မှောက်မှားစွဲလမ်းကြကုန်၏။ ထိုအတူ နံမှု လျက်မှု တွေ့ထိမှု သိမှု ကြံဖန်မှု တို့ကိုလည်း သူနံသည် ငါနံသည် သူလျက်သည် ငါလျက်သည် သူထိပါးသည် သူကြံဖန်သည် ငါကြံဖန်သည်ဟူ၍ရင်း သက္ကာယဒိဋ္ဌိတရားဖြင့် မှောက်မှား စွဲလမ်းကြကုန်၏။

ထို စက္ခု သောတ အစရှိကုန်သော တရားတို့ကိုပင် မိန်းမပြုကြကုန်၍ ယောကျာ်းပြုကြကုန်၍ မည်သည့်မိန်းမမြင်သည် ကြားသည် နံသည် လျက်သည် ထိပါးသည်၊ မည်သည့် ယောကျာ်း မြင်သည် ကြားသည် နံသည် လျက်သည် ထိပါးသည်ဟူ၍ သက္ကာယဒိဋ္ဌိဖြင့် မှောက်မှား စွဲလမ်းကြကုန်၏။ ထိုစက္ခု သောတ အစရှိကုန်သော တရားတို့ မည်သည်ကား ပုဂ္ဂိုလ်သတ္တဝါမဟုတ်ကြပေကုန်၊ အတ္တဇီဝမဟုတ်ကြပေကုန်၊

ငါသူတပါးမဟုတ်ကြပေကုန်၊ မိန်းမယောကျ်ား မဟုတ်ကြပေကုန်။

စင်စစ်ကေန် အမှန်အားဖြင့်မူကား။ ရှေးရှေး၌ ပြုခဲ့ဘူးသော ကုသိုလ်ကံအကုသိုလ်ကံတည်းဟူသော မူလအကြောင်းတကိုယ်လုံးကို ပေါင်းနှေး၍ သွေး သည်းခြေ လေ သလိပ်တို့ကို မပုပ် မရိ မသိုး မချဉ်ရအောင် ကြည်လင်ရှင်လန်းသည်ကို ပြု၍ ကောင်းစွာစောင့်ချုပ် အုပ်ထိန်းလာနေပေသော ဥသ္မာ ဓာတ်မီးတည်းဟူသောအကြောင်း၊ မီးစာနှင့်ကင်း၍ တည်ခြင်းငှါ မစွမ်းနိုင်သော မီးကို မပြတ်ထည့်သွင်းသော ထင်းမီးစာသည် ကောင်းစွာ စောင့်ရှောက် ထောက်ပံ့သကဲ့သို့ တကိုယ်လုံးမှာရှိသော ဥသ္မာဓာတ်မီးနှင့်တကွ ရုပ်ကလာပ်အပေါင်းတို့ကို ကောင်းစွာ စောင့်ရှောက် ထောက်ပံ့ပေကုန်သော တနေ့တနေ့လျှင် နှစ်ကြိမ်နှစ်ကြိမ် မျိုသွင်းအပ်ကုန်သော အာဟာရလေးပါး တည်းဟူသောအကြောင်း၊ ဤသို့လျှင် စက္ခု သောတ ဃာန ဇိဝှါ ကာယ အစရှိကုန်သော လူခန္ဓာ, နတ်ခန္ဓာ ပြဟ္မာခန္ဓာတရားတို့ ဖြစ်ပွါးမြင့်ရှည် တည်နေနိုင်ရန် အကြောင်းတို့နှင့် ပေါင်းဆုံညီညွတ်ကြသောအခါ ထိုခန္ဓာတရားတို့သည် အခိုက်အလှည့်အားဖြင့် အကြောင်းအခွင့် သင့်ရာလျော်ရာ ဖြစ်ပေါ်ကာဖြစ်ပွါးကာ နေကြကုန်သော ဓာတ်သဘာဝ ဓမ္မသဘောတို့သာ ဖြစ်ကြကုန်၏။ ပဋိသန္ဓေ တည်နေသည်မှစ၍ ဘယ်ခဏမဆို ဘယ်နာရီမဆို

ထိုထိုအကြောင်းတရားတို့နှင့် ကင်းကွာ ကြကုန်သော အခါ ထင်းမီးစာမရှိခဲ့လျှင် မီးလျှံမီးတောက် တခဏခြင်း ချုပ်ပျောက် ကွယ်ဆုံးသကဲ့သို့ ခဏခြင်း ချုပ်ပျောက် ကွယ်ဆုံးကာ နေကြကုန်သော ဓာတ်သဘာဝ ဓမ္မသဘောတို့သာ ဖြစ်ကြကုန်၏။ ဤသို့သောအဓိပ္ပါယ်ကို ကောင်းစွာ သိမြင်သက်ဝင် ထိုးထွင်းနိုင်ကြကုန်သည်ဖြစ်၍ မိမိ၏ခန္ဓာ သူတပါး၏ ကိုယ်ခန္ဓာတို့၌ သတ္တဝါပုဂ္ဂိုလ်ဟု စွဲဆိုထင်မှတ်၍ နေကြကုန်သော အတ္တဝါဒုပါဒါန်တရား သက္ကာယဒိဋ္ဌိတရားတို့ကို ပယ်ရှားရုပ်သိမ်း ချုပ်ငြိမ်းပျောက်ကင်း ကြစေခြင်းအကျိုးငှါ ကုသလာဓမ္မာ အကုသလာဓမ္မာ အဗျာကတာဓမ္မာ ဟူသော အဘိဓမ္မာ ဒေသနာတော်မြတ်ကို ဟောတော်မူသည်။

ထို ကုသိုလ် အကုသိုလ် အဗျာကတ ၃-ပါးတို့သည် အဘယ်သို့လျှင် ပုဂ္ဂိုလ်သတ္တဝါမဟုတ် ဓာတ်သဘာဝ ဓမ္မ သက်သက်တို့သာ ဖြစ်ကြကုန်သနည်းဟူမူ နတ် လူ ဗြဟ္မာ သတ္တဝါ အပေါင်းတို့၏ စိတ်သန္တာန်တွင် ထင်မြင်စွဲမှတ်၍ နေကြကုန်သော ပုဂ္ဂိုလ် သတ္တဝါမည်သည် အသက်အတိုင်း နေ၍ သေဆုံးသောအခါ တဘဝလျှင် တခါသာ သေဆုံးမြဲ ချုပ်ပျက်ကွယ်ပျောက်မြဲ ဓမ္မတာ ဖြစ်ချေသည်။ တဘဝတွင်းမှာ အခါခါသေဆုံးသည်၊ အခါခါ ချုပ်ပျက် ကွယ်ပျောက်သည်ဟူ၍ မရှိချေ။ အသိအလိမ္မာဟူသော ကုသိုလ်တရားတို့သည် အကယ်၍ ပုဂ္ဂိုလ် သတ္တဝါ ဟုတ်မှန်ကုန်ငြားအံ့။

ပုဂ္ဂိုလ် သတ္တဝါသည် တခုသောဘဝတွင် အစဉ်မြဲသကဲ့သို့ ချုပ်ပျက်ကွယ်ပျောက်ခြင်း မရှိသကဲ့သို့ ထိုအသိအလိမ္မာ ဟူသော ကုသိုလ်တရားတို့သည်လည်း အခါခပ်သိမ်း မချုပ်မကွယ်ဘဲ အစဉ်မြဲ၍ နေကုန်ရာသည်။ ကောင်းမြတ်စင်ကြယ်သော အာရုံနှင့်တကွ ကောင်းမြတ်စင်ကြယ်သော အကြံ အစည် အသိ အလိမ္မာတို့သည်သာလျှင် ပဋိသန္ဓေ တည်နေသည်မှ စုတိကျသည်တိုင်အောင် ခဏမစဲ အမြဲ တည်နေကုန်ရာသည်။

ထို့အတူ မကောင်းသော လောဘ ဒေါသ မောဟ ဟူသော အကုသိုလ်တရားတို့သည် အကယ်၍ ပုဂ္ဂိုလ် သတ္တဝါ ဟုတ်မှန်ကုန်ငြားအံ့။ ပုဂ္ဂိုလ်သတ္တဝါသည် တခုသောဘဝတွင် အစဉ်မြဲသကဲ့သို့ ထိုအကုသိုလ်တရားတို့သည်လည်း အခါ ခပ်သိမ်း မချုပ်မကွယ်ဘဲ အစဉ်မြဲ၍ နေကုန်ရာသည်။ မကောင်းသော အာရုံနှင့်တကွ မကောင်းသော အကြံအစည်တို့သည် ပဋိသန္ဓေ တည်နေသည်မှစ၍ စုတိကျသည်တိုင်အောင် ခဏမစဲ အမြဲတည်နေကုန်ရာသည်။ ထိုသို့မူကား မတည်ကြပေကုန်။ တခုခုသော ဣရိယာပုထ်အတွင်း၌ပင်လျှင် ကောင်းသော အကြံအစည်ပေါင်း အကြိမ်တရာ အကြိမ်တထောင်မက၊ မကောင်းသော အကြံအစည်ပေါင်း အကြိမ်တရာ အကြိမ်တထောင်မက ပြောင်းရွှေ့ကြကုန်သည်။ ကောင်းသော အကြံအစည် ဖြစ်ပေါ်နေစဉ်အခါ မကောင်းသော အကြံအစည်မရှိ မကောင်းသောအကြံအစည် ပေါ်၍ နေ

စဉ်အခါ ကောင်းသောအကြံအစည်မရှိ၊ ကုသိုလ်စိတ် ဖြစ်ပေါ်၍ နေစဉ်အခါ အကုသိုလ်စိတ်မရှိ။ အကုသိုလ်စိတ် ဖြစ်ပေါ်၍ နေသောအခါ ကုသိုလ်စိတ်မရှိ။

ကောင်းသောစိတ် ကောင်းသောအကြံအစည်ပေါ်သောအခါ မကောင်းသောစိတ် မကောင်းသော အကြံအစည်တို့သည် ချုပ်ပျက်ကုန်၏။ ကွယ်ပျောက်ကုန်၏။ မကောင်းသောစိတ် မကောင်းသော အကြံအစည်တို့သည် ချုပ်ပျက်ကွယ်ပျောက်သည် မှန်၏။ လူတို့၏ ခံတွင်းမှ ပေါ်ထွက်သော အသံတို့သည် နောက်နောက်သော စကားသံပေါ်ထွက်သော အခါ ရှေးရှေးသော စကားသံတို့သည် ချုပ်ပျက် ကွယ်ပျောက် ကုန်သကဲ့သို့ ဤအတူ ဟဒယဝတ္ထု တည်းဟူသော ခံတွင်းမှ ပေါ်ထွက်သော စိတ်ဘို့သည် နောက်နောက် အကြံအစည် တမျိုးမျိုး ပေါ်ထွက်သောအခါ ရှေးရှေး အကြံအစည် တမျိုးမျိုးတို့သည် ချုပ်ပျက် ကွယ်ပျောက် ကုန်၏။ တိမ်တိုက်မှ တလျှပ်လျှပ် ပေါ်ထွက်လာသော လျှပ်ရောင်တို့သည် နောက်နောက်လျှပ်ရောင် ပေါ်ထွက်သောအခါ ရှေးရှေး အကြံအစည် တမျိုးမျိုးတို့သည် ချုပ်ပျက် ပျောက်ကွယ်ကုန်၏။ ဤအတူ ဟဒယဝတ္ထုတည်းဟူသော တိမ်တိုက်မှ ပေါ်ထွက်လာသော စိတ်အကြံအစည်တို့သည် နောက်နောက် အကြံအစည် အမျိုးမျိုး ပေါ်ထွက်သောအခါ ရှေးရှေး အကြံအစည် တမျိုးမျိုးတို့သည် ချုပ်ပျက် ကွယ်ပျောက်ကုန်

၏။ တိုက်ခန်းအတွင်း၌ မီးရောင်နေရောင် ဖြစ်ပေါ်သည် ရှိသော် အမိုက်မှောင်တို့သည် ချုပ်ပျက် ကွယ်ပျောက်ကုန်သကဲ့သို့ အမိုက်မှောင် ဖြစ်ပေါ်သောအခါ မီးရောင်နေရောင်တို့သည် ချုပ်ပျက် ကွယ်ပျောက်ကုန်သကဲ့သို့ ဤဟာဒယဝတ္ထုတည်းဟူသော တိုက်ခန်း၌ ကောင်းသော အကြံအစည်တည်းဟူသော အရောင်အလင်း ဖြစ်ပေါ်သည် ရှိသော် မကောင်းသော အကြံအစည် တည်းဟူသော အမိုက်မှောင်တို့သည် ချုပ်ပျက် ကွယ်ပျောက်ကုန်၏။ မကောင်းသော အကြံအစည် တည်းဟူသော အမိုက်မှောင် ဖြစ်ပေါ်သည်ရှိသော် ကောင်းသော အကြံအစည် တည်းဟူသော အရောင်အလင်းတို့သည် ချုပ်ပျက် ကွယ်ပျောက် ကုန်၏။

ဤသို့လျှင် ဖြူစင်သော ကုသိုလ်တရားတို့နှင့် မည်းညစ်သော အကုသိုလ်တရားတို့သည် မိုးမှောင်ကြီးစွာကျ၍ အလွန် မိုက်မဲသောလဆုတ်ပက္ခ(၁၅)ရက်ည၌အခါ၌ အခါခါပျက်သော လျှပ်ရောင်တို့နှင့် အခါခါဖုံးလွှမ်းသော အမှောင်တို့ကဲ့သို့ ဟာဒယဝတ္ထုအတွင်း၌ အလှည့်အကြိမ်အားဖြင့် တခုခုသော ဣရိယာပုထ်မှာပင် ဖြူစင်သော အကြံအစည်ပေါင်း အကြိမ်တရာအကြိမ်တထောင်မက ပြောင်းရွှေ့လဲလှယ် ကွယ်ပျောက် ချုပ်ကုန်၍ နေသည်ကို မိမိ မိမိတို့ကိုယ်မှာပင် အထင်အရှား သိမြင်တွေ့ကြုံကြရကုန်သည် ဖြစ်၍ ထိုဖြူစင်သော အကြံအစည် မည်းညစ်သော အကြံအစည် တို့သည် အသက်

ထက်ဆုံး မချုပ်မကွယ်ဘဲ အမြဲတည်နေသော ပုဂ္ဂိုလ်သတ္တဝါ မဟုတ်ကြောင်း အတ္တဇီဝမဟုတ်ကြောင်း ဣတ္ထိ ပုရိသ မဟုတ်ကြောင်းကို သိအပ်ကုန်ရာသည်။

ထိုမှတပါး စက္ခု သောတ အစရှိကုန်သော အဗျာကတ တရားတို့မှာလည်း လောက၌ ပုဂ္ဂိုလ် သတ္တဝါ သန္တာန် မချုပ်မပျက် ထင်ရှားရှိနေပါလျက် စက္ခုချုပ်ပျက် ကွယ်ပ၍ နေသောသူကိုလည်း ထင်မြင်ကြကုန်၏။ သောတချုပ်ပျက် ကွယ်ပ၍ နေသောသူကိုလည်း ထင်မြင်ကြကုန်၏။ ဃာန ချုပ်ပျက် ကွယ်ပ၍ အနံ့ကိုမျှ မသိသောသူကိုလည်း ထင်မြင်ကြကုန်၏။ ဇိဝှါ ချုပ်ပျက် ကွယ်ပ၍ အရသာကိုမျှ မသိသောသူကိုလည်း ထင်မြင်ကြရကုန်၏။ တကိုယ်လုံး၌ အင်္ဂါကြီးငယ် ပြည့်ဖြိုးသော ပထဝီကာယ ချုပ်ပျက်ကွယ်ပ၍ အရိုးအရေမျှသာ ကျန်ရှိသောသူ တကိုယ်လုံး၌ အင်္ဂါကြီးငယ် ရွှန်းရွှန်းစိုသော အာပေါကာယ ချုပ်ပျက်ကွယ်ပ၍ ထင်းခြောင်းကဲ့သို့ ခြောက်သွေ့ကုန်ခန်းသောသူ တကိုယ်လုံး၌ အချမ်းအပူဟူသော တေဇောကာယ အနဲနဲ ပြောင်းလွဲချုပ်ကွယ်၍ ရက်ဆက်ရက်ခြား ဖျားနာသောသူ တကိုယ်လုံး၌ အင်္ဂါကြီးငယ်သို့ လျှောက်သွားသော ဝါယောကာယ ချုပ်ပျက် ကွယ်ပ၍ အထ အထိုင် အယူ အငင် မစွမ်းနိုင်သောသူကိုလည်း ထင်မြင်ကြကုန်၏။

ဤသို့လျှင် တခုသောဘဝ၌ စုတိကမ္မဇရုပ်မချုပ်မီအတွင်း၌ အချို့သော ရုပ်အင်္ဂါတို့၏ အဆုံးတိုင် ချုပ်ပျက် ကွယ်ပျောက်မှုတို့တို၎င်း နွေဥတု မိုဃ်းဥတု ဆောင်းဥတု အားလျော်စွာ မိမိတို့၏ ကိုယ်တွင်းသန္တာန် သလိပ် သည်းခြေ သွေးဓာတ် လေဓာတ်တို့၏ အသစ်အဟောင်းလဲမှု ပြောင်းချုပ်ကွယ်မှုတို့ကို၎င်း ဦးခေါင်း၌ဖြစ်သော ရောဂါမျိုး အနာမျိုး ဝမ်း ရင်တို့၌ဖြစ်သော ရောဂါမျိုး အနာမျိုး ခြေအင်္ဂါ လက်အင်္ဂါတို့၌ ဖြစ်သော ရောဂါမျိုး အနာမျိုး တကိုယ်လုံး၌ ဖြစ်သော ရောဂါမျိုး အနာမျိုးတို့ကြောင့် တစိပ် တဒေသသော ကိုယ်အင်္ဂါ အလုံးစုံသော ကိုယ်အင်္ဂါတို့၌ မချမ်းသာသော ရုပ်တရား ချမ်းသာသော ရုပ်တရားတို့၏ အထွေထွေ အနဲ့နဲ့ ပြောင်းလဲ ချုပ်ကွယ်မှုတို့ကို၎င်း လွန်စွာထိုင်ခြင်း၊ လွန်စွာရပ်ခြင်း၊ လွန်စွာသွားခြင်း၊ အပင်အပန်းထမ်းခြင်း လုပ်ဆောင်ခြင်းတို့ကြောင့် တစိပ်တဒေသ ကိုယ်အင်္ဂါ၊ အလုံးစုံသော ကိုယ်အင်္ဂါတို့၌ မချမ်းသာသော ရုပ်တရား ချမ်းသာသော ရုပ်တရားတို့၏ အထွေထွေ အနဲ့နဲ့ ပြောင်းလဲချုပ်ကွယ်မှုတို့ကို၎င်း၊ မသန့်သော အစာအာဟာရတို့ကို မှီဝဲခြင်းတို့ကြောင့် အထွေထွေအနန့် ပြောင်းလဲ ချုပ်ကွယ်မှု ဇရာဒုဗ္ဗလအရွယ်သို့ ရောက်ခြင်းကြောင့် တောင့်တင်းရှင်လန်းသော ရုပ်တရားတို့၏ ကုန်ခန်း ချုပ်ကွယ်မှုတို့ကို၎င်း ကိုယ်တွေ့မျက်မြင်အထင်အရှား ရှိကြကုန်သည်ဖြစ်၍ ထို စက္ခုသောတ ဃာန ဇိဝှါ ကာယ ဟူသော အဇ္ဈတ္တ တရားတို့

သည့်လည်း အသက်ထက်ဆုံး မချုပ်မကွယ်ဘဲ အမြဲတည်နေသော ပုဂ္ဂိုလ် သတ္တဝါ မဟုတ်ကြောင်း အတ္တဇီဝမဟုတ်ကြောင်း ဇူတ္တိ ပုရိသမဟုတ်ကြောင်းကို သိအပ်ကုန်သည်။

မိမိ မိမိတို့၏ ခန္ဓာကိုယ်၌ ထို ကုသိုလ် အကုသိုလ် အဗျာကတ တရားသုံးပါးတို့၏ ပုဂ္ဂိုလ်သတ္တဝါ မဟုတ်ကြောင်း အတ္တဇီဝမဟုတ်ကြောင်း ဇူတ္တိ ပုရိသ မဟုတ်ကြောင်းကို သိအပ်ကုန်သည်ဖြစ်၍ ပုဂ္ဂိုလ်သတ္တဝါအနေနှင့် သာယာစွဲလမ်းသော သက္ကာယဒိဋ္ဌိတရား၊ အတ္တဇီဝအနေနှင့် သာယာစွဲလမ်းသော သက္ကာယဒိဋ္ဌိတရား၊ ဇူတ္တိ ပုရိသအနေနှင့် သာယာစွဲလမ်းသော သက္ကာယဒိဋ္ဌိတရားကို ပယ်ရှား၍ ထိုကုသိုလ် အကုသိုလ် အဗျာကတ တရားတို့၏ အထွေထွေ အနဲနဲ ဖေါက်လဲဖေါက်ပြန်မှုဟူသော အနိစ္စ လက္ခဏာကိုငင်း၊ ထိုအနိစ္စလက္ခဏာနှင့်တကွ ဖြစ်ခြင်းကြောင့် ကြောက်ဘွယ်လန့်ဘွယ် ငြီးငွေ့ဘွယ်ဟူသော ဒုက္ခလက္ခဏာကိုငင်း၊ ထိုအနိစ္စလက္ခဏာ ဒုက္ခလက္ခဏာ နှစ်ပါးတို့နှင့်တကွ ဖြစ်ခြင်းကြောင့် မိမိ မိမိတို့တို့၏ ကိုယ်အင်္ဂါအနေနှင့် တွယ်တာသိမ်းပိုက်ခြင်းငှါ မထိုက် မတန်ဟူသော အနတ္တလက္ခဏာကိုငင်း ကောင်းစွာနှလုံးသွင်း ကြကုန်ရာသည်။

ပစ္စုပ္ပန်,အတိတ်,အနာဂတ်ကာလသုံးရပ်တို့၌ အကြောင်း အကျိုးစပ် ဖြစ်ပေါ်၍လာသော ရုပ်နာမ်ပရမတ်တွေကိုပင်

အဘိ အတိရေကော ဓမ္မော အဘိဓမ္မော ဟူသည်နှင့် အညီ အခြားကုန်သောတရားတို့ထက်လွန်ကဲမြင့်မြတ်မှု ဂုဏ်သကတ်ကိုစွဲ၍ အဘိဓမ္မာဟု ခေါ်ဆိုအပ်ပေကုန်သည်။ ဤအဘိဓမ္မာ ခေါ်ဆိုရသော ရုပ်နာမ်တရားတွေသည် သဗ္ဗညုတဉာဏ်တော်ကြီးနှင့် ဆက်စပ်နေမှုကြောင့် သာသနာတွင်း အဆီအနှစ်တရားကြီးများ ဖြစ်ကြကုန်၏။

ဤ အဆီအနှစ် ရုမ် နာမ် အစစ်တရားတွေ သတ္တဝါတို့၏ သန္တာန်အစဉ်မှာ ကိန်းအောင်းလာနိုင်ရန် လုပ်နည်းလုပ်ဟန် ကျင့်ကြံနည်း ကျင့်ကြံဟန်ကို ဖော်ပြသော တရားမျိုးကို သုတ္တန်တရားဟု ခေါ်ဆိုရပေသည်။ အထက်ပါ အဘိဓမ္မာ တရားတွေ သုတ္တန်တရားတွေကို မပျောက် မပျက်စီးရအောင် ထိန်းသိမ်း စောင့်ရှောက်နိုင်စွမ်း ရှိသော တရားတော်တွေကို ဝိနည်းတရားဟု ခေါ်ဆိုရ၏။

သုတ္တန်စည်းကမ်းအတိုင်း လိုက်နာ၍ကျင့်ကြံကြိုးကုတ်အား ထုတ်ကြပါမူ သိနိုင်သော ရုပ်နာမ်အသိအမြင်ရရှိ၍ ရုပ်နာမ် ချုပ်ငြိမ်း အပူဇာတ်သိမ်းရာအမတရွှေပြည်နန်းသို့ စိုးစံရောက်ရှိနိုင်ကြကုန်လတ့်။

ဇိနေသုဂတ၊ ဟောခမ္မနှင့်၊ ဖုသ္သထေရ်ရှင်၊ မြတ်ထွတ်တင်၏၊ မျှော်မြင်ဟောကြား၊နာဂတ်တရားကို၊ အများသိစေ၊ ကရုဏာခြွေ၍၊ ထွေထွေမှတ်တမ်း၊ ဤစာကျမ်း၏၊ ဆုံးခန်းရောက်ရာ၊ ချိန်အခါကား၊ ကောဇာခုနှစ်၊ သက္ကရာဇ်ကို၊ တွက်စစ်သေချာ၊ ပြရပါမူ၊ ၁၃၃၃–ခု၊ ဥတုဝဿံ၊ မိုးလုံးညံ၍၊ ကောင်းကင်ယံမစဲ၊ မိုးသည်းဖွဲ့မိုးသေး၊ ရွှေလေအေးနှင့်၊ တဖွေးဖွေးသာ၊ ရွာခါသမယ၊သီတင်းကျွတ်လ၏၊ ကျော်ထလပြည့်၊ (၁၀)ရက်နေ့မှာ၊ နံနက်ခါဝယ်၊ (၇)နာရီချိန်၊ နှောင်အိမ်ကင်းလွတ်၊ မချွတ်မုချ၊ ဘယကင်းကွာ၊ ရေးပြီးပါ၏။ တဖြာတဖုံ၊ လူမျိုးစုံဖြင့်၊ နေပုံတင့်ကြွယ်၊ မြို့လယ်ရန်ကုန်၊ စုံစုံခမ္မ၊ မှီဝဲခနေ၊ မြတ်ဗုဒ္ဓ၏၊ သုံးထွေသာသနာ၊ ရှည်မြင့်ကြာအောင်၊ ရောင်ဝါတင့်ရန်၊စိတ်ရည်သန်ပိုက်၊ ကျားကူးတိုက်၌၊ နှစ်ချိုက်ပျော်မွေ့၊ ခလေ့ဝါသနာ၊ ကျမ်းစာကြည့်ရှု၊ ပို့ချမှုနှင့်၊ ရေးပြုကျမ်းစာ၊ စက္ကိန္ဒငါသည်၊ ဤစာရေးရ၊ မြတ်ပုညကို၊ တူမျှရစေ၊ ပေးငှဝေ၏။ ပရမေသာသနာ၊ ရောင်ရှိန်ဝါသည်၊ ပမာနေထက်လင်းစေသော်။ ။

ဗုဒ္ဓ၏ အနန္တ[illegible]ပြီး၏။